www.burmeseclassic.com

# အိုစွမ်းမြည်

## မြူတွေခင်းတဲ့ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com




# အိုဇမ်းပြည်

## မြူတွေခင်းတဲ့ အမှတ်တရ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com




# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com







ခေတင်းနံနက်ခင်းသည် မြူနှင်းများနှင့် ရစ်သိုင်းကာ ဆဝါးစွာ လှပနေ၏။

သစ်ကိုင်းတစ်ကိုင်းကို အသာလှုပ်ခတ်လိုက်တော့ သစ်ရွက်များပေါ်၌ ယိုးလေးခိုနေသော နှင်းစက်များသည် သူ့နှာကိုယ်ပေါ်သို့ အေးစက်စွာ ကျရောက်လာခဲ့သည်။

သူက ထိုအေးစက်မှုကို သဘောကျသလို အသာ ပြုံးလိုက်စဉ်ပင် လှုပ်ရှားမှုတစ်ခုကို သတိပြုမိလိုက်သည်။

ညင်သာလွန်းသည့် အရိပ်လေး တစ်ရိပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိတိကျကျ ပြောရလျှင် တစ်ဖက်ခြံရှိ ခုံတန်းလေးပေါ်၌ ထိုင်နေသော မိန်းကလေးတစ်ယောက်။

သူ ဒီခြံလေးကို အပန်းဖြေဖို့ စရောက်လာကတည်းက ပန်းမျိုးစုံနှင့် လှပနေသော တစ်ဖက်ခြံကို စိတ်ဝင်စားခဲ့သည်။

ပန်းမျိုးစုံအလယ်၌ ဝပ်ပြားနေသော တစ်ထပ်တိုက်ပုလေးသည် စိတ်ဝင်စားဖို့ မကောင်းပေမဲ့ တစ်မျိုးတစ်ဘာသာ လှပနေ၏။

သိုးမွေးဦးထုပ်လေး ဆောင်းပြီး ငြိမ်သက်စွာ ထိုင်နေသော မိန်းကလေးသည် လက်နှစ်ဖက်ဖြန့်ပြီး နှင်းစက်များကို ခံယူလျက်ရှိသည်။

သူ့လိုပဲ နှင်းစက်များကို ချစ်တတ်သူတစ်ယောက်ပါလား။

"မောင်ရင်လေး ... အစောကြီး နိုးနေပါလား"

"ဪ ... ဦးလေးကြီး"





သူ့ရဲ့ဒီခြံကြီးကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသော ဦးလေးကြီး ဖြစ်သည်။

"ညက ပွဲရှိတယ် မဟုတ်လား၊ ဘာဖြစ်လို့ အစောကြီး ထတာလဲ"

အမြဲတမ်း စောစောထလေ့မရှိသော သူသည် ဒီနေ့ကမ္မ ဆက်အိပ်၍ မရနိုင်အောင် အစောကြီး နိုးနေလေ၏။

"ဆက်အိပ်လို့ မရတော့ဘူး ဦးလေးကြီးရဲ့"

"စောစောထတော့လည်း ကောင်းတာပဲ၊ ဒါနဲ့ ဒီတစ်ပတ်ကော နှစ်ရက်ပဲလား မောင်ရင်လေး"

"ဒီတစ်ပတ်တော့ ကျွန်တော် နှစ်ရက်နေလို့ မရတော့ဘူး ဦးလေးကြီး၊ ဒီညနေပဲ ပြန်မှာ"

"ဘာဖြစ်လို့လဲ မောင်ရင်လေး"

"မနက်ဖြန်ကျရင် ကျွန်တော့်ရဲ့ ဓာတ်စပ်ပွဲရှိတယ် ဦးလေးကြီးရဲ့၊ ကျွန်တော် မရှိလို့ ဘယ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်လေး ... တယ်ဟုတ်ပါလားကွာ၊ ဦးလေးကြီး ဝမ်းသာပါတယ်"

မနက်ဖြန်မှာ သူ့ရဲ့စေ့စပ်ပွဲရှိသည် ဆိုပေမဲ့ ဒီကနေ့တော့ သူတစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် နေလိုလှသည်။

ဒီပွဲအတွက် စိတ်ထဲမှာ ထူးထူးခြားခြား လှုပ်ခတ်မနေသည့်အတွက် သူ့ကိုယ်သူလည်း အံ့သြမိသည်။

ဟန်ဘုန်းရှိန် ဆိုသည့် နာမည်ကြီးအဆိုတော် တစ်ယောက်ရဲ့ ဘဝကဒါပဲလား။

"ဒါနဲ့ ပေါက်ပြားကြီးထမ်းပြီး ဦးလေးကြီးက ဘယ်သွားမလို့လဲ"

"ဟိုဘက်ခြံလေ၊ ဟိုဘက်ခြံက သူငယ်မလေးက ပန်းပျိုးပေးဖို့ အကူအညီ တောင်းထားတာနဲ့ သွားလုပ်ပေးမလို့"

ငြိမ်သက်စွာ ထိုင်နေသည့် ကောင်မလေးကို တစ်ချက်လှမ်းကြည့်မိတော့ သိချင်စိတ်တွေက တဖွားဖွားပေါ်လာသည်။





"ဟိုဘက်အိမ်က အိမ်ရှင်တွေ ပြောင်းလာပြီလား ဦးလေးကြီး"

"ပြောင်းလာတာ ကြာပါပြီကွယ်၊ မောင်ရင်လေး မသိလို့ပါ၊ ကဲ ... ဦးလေးကြီး သွားမယ်"

ဦးလေးကြီး ထွက်သွားတော့ တစ်ဖက်ခြံမှ ကောင်လေးကို တစ်ချက်ငဲ့ကြည့်ဖြစ်ပြန်သည်။

ကောင်မလေးသည် နှင်းစက်များ တွေ့ထိထားသော လက်ဖဝါးကို ပါးပြင်နှင့် အသာဖွတ်သပ်လိုက်သည်။

စကားသွားပြောရရင် ကောင်းမှာပဲ ဆိုသည့် အတွေး ဝင်လာတော့ သူ ရှိုးတိုးရှန့်တန့် ဖြစ်သွားသည်။

လူတိုင်းသိသည့် ဟန်ဘုန်းရှိန် ဆိုသည့် အဆိုတော် ဒါမျိုးလားဆိုပြီး သူ့အပေါ် မထင်စေလို။

နောက်တော့ အကြံတစ်ခု စဉ်းစားမိကာ အိမ်ထဲ ဘောလုံးတစ်လုံး ယူလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... ဘောလုံးကို တစ်ဖက်ခြံထဲသို့ တိတ်တဆိတ် ပစ်သွားကာ ...

"ဟာ ... ဒုက္ခပါပဲ၊ ဘောလုံးကျသွားပြီ၊ ဒီမှာ တစ်ဆိတ်လောက် ခင်ဗျာ၊ ဘောလုံးကျသွားလို့ ကောက်ပေးလို့ ရမလား"

သူ့ဘက်ကို လှမ်းကြည့်လိုက်သော မျက်ဝန်းလေးက ကြည်လင်ဝိုင်းစက်ကာ လှပနေ၏။

အတော်လှပတဲ့ မျက်ဝန်းလေးတွေပဲ။

"စိတ်မရှိပါနဲ့၊ ကျွန်မ မမြင်လို့ပါ၊ ဖြစ်နိုင်ရင် ကိုယ့်ဘာသာ ဝင်ကောက်လိုက်ပါ"

"ခင်ဗျာ"

သူမ ထိုင်နေသည့် နေရာနှင့် ခပ်စောင်းစောင်းလေး နေရာမှာ ကျနေသည့် ဘောလုံးကို မမြင်တဲ့။ ဘာအဓိပ္ပာယ်လဲ ဟ။





"ဒီလိုပါ ... ကျွန်မက မျက်မမြင်တစ်ယောက်ပါ၊ အဲဒါကြောင့်မို့လို့ ကိုယ့်ဘာသာ ဝင်ကောက်ပါလို့ ပြောတာပါ"

"ရပါတယ် ... ရပါတယ်ခင်ဗျာ"

သူ ချက်ချင်းအားနာသွားသလို စိတ်ထဲမှာလည်း သနားသွားသည်။ နှင်းစက်လေးတွေ ကျအလာကို စောင့်ဆိုင်းနေသည့် ကောင်မလေးက မျက်မမြင်တဲ့။

ပုဏ္ဏာရိုက်ပင် ခြံစည်းရိုးကြား တိုးဝှေ့ဝင်ပြီး တစ်ဖက်ခြံကို အသာခုန်ကူးကာ ဘောလုံးလေးကို ပြန်ကောက်လိုက်၏။

ပြီးတော့ ... သူမရှေ့ ခြေစုံရပ်ပြီး ...

"ကျွန်တော့် နာမည် ..."

ချက်ချင်းတော့ သူမကို ဘာဆက်ပြောရမှန်း မသိ။ ခိတ်ကျဉ်းကျပ်မှုတွေနှင့် ပြည့်နက်နေသည့် အဆိုတော်ဘဝကို ဒီကာလလေးမှာ မလိုချင်တာကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်းပါ၊ ဟိုဘက်ခြံမှာ နေပါတယ်၊ အမြဲတမ်းတော့ မဟုတ်ဘူး၊ တစ်ခါတလေပေါ့၊ လိုအပ်တဲ့ အကူအညီရှိရင်လည်း ပေးပါရစေ"

မိန်းမတစ်ယောက်အပေါ် ပထမဦးဆုံး ဦးညွှတ်မိလျက်သား ဖြစ်နေ၏။

"ဟုတ်ကဲ့ ... ကျွန်မ မေရုပါ"

မေရုတဲ့။ မေရု ဆိုသည့် ကောင်မလေးက သူ့ရဲ့ လက်ရှိဘဝကို မမြင်နိုင်သဖြင့် သူ လွတ်လပ် ပေါ့ပါးသွားသည်။

ဘာဟန်ဆောင်မှုမှ မရှိသည့် သာမန်ဘဝလေးကို ပိုင်ဆိုင်ရတာ စိတ်ကျေနပ်စရာဖြစ်၏။

"ကျွန်တော်လာတဲ့အချိန် မေရု ခြံထဲက ပန်းတွေကို လာကြည့်လို့ ရမလား"

"ရှင်က ပန်းတွေကို စိတ်ဝင်စားလို့လား"

"ဟုတ်ကဲ့ ... ပန်းတွေကို ကျွန်တော် ချစ်ပါတယ်"





ယောကျ်ားကြီးတန်မဲ့ ပန်းတွေကို နှစ်သက်သည် ဆိုတာ သူများကြားရင် ရယ်ချင်စရာ။ ဒါပေမဲ့ သူ အမှန်တကယ်ပဲ ပန်းတွေကို ချစ်မြတ်နိုးတာ ငြင်းလို့မရ။

"ရယ်ချင်စရာပဲ၊ ပြောပါဦး၊ ရှင်က ဘာပန်းကြိုက်တာလဲ"

"ပန်းအားလုံးကို ကြိုက်ပါတယ်၊ အထူးသဖြင့်တော့ ပန်းနုရောင်နှင်းဆီပေါ့"

"သြော်"

"မေရုကကော ဘာပန်းကြိုက်လဲ"

"ကျွန်မ ဘာပန်းမှ မကြိုက်ဘူး"

"ခင်ဗျာ"

နုနုငယ်ငယ်နှင့် လှပနေသည့် မိန်းကလေးက ဘာပန်းမှ မကြိုက်တဲ့။ သူနှင့် ပြောင်းပြန်ဖြစ်နေပြီ။

"ဟုတ်တယ် ... ကျွန်မက မိန်းကလေး ဆိုပေမဲ့ ဘာပန်းမှ မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ... ဒီပန်းခြံကြီးက ..."

"ကျွန်မ အရမ်းချစ်တဲ့ သူငယ်ချင်းတစ်ယောက်က ပြ ပျိုးထောင်ခဲ့တာပါ၊ အခု သူ မရှိတော့ဘူး၊ သူ့ကိုသ ရတာနဲ့ ကျွန်မ ဆက်ပြီးပျိုးထောင်ပေးထားတာပါ"

ပန်းကို နှစ်သက်သည့်သူနှင့် ပန်းကို မနှစ်သ သည့် သူမ ကြုံကြံဖန်ဖန် လာဆုံနေ၏။

"ကျွန်တော် သွားတော့မယ်"

"ဟုတ်ကဲ့"

နွားနို့ချိုင့်ကြီးဆွဲပြီး ဦးလေးကြီး ပြန်လှည့်လာ မြင်သဖြင့် သူမကို နှုတ်ဆက်ပြီး သူ လှည့်ထွက်လာခဲ့သည်

"မောင်ရင်လေး တစ်ဖက်ခြံကို ဘာသွားလုပ်လဲ"

"မေရနဲ့ စကားသွားပြောတာ ဦးလေးကြီး"

"ဩော် ... သူငယ်မလေးနဲ့ သိနေပြီလား"

"ဟုတ်ကဲ့ ... ဦးလေးကြီး"

"ဒီမှာ နွားနို့ရပြီ၊ မောင်ရင်လေး သောက်လိုက်ပါဦး





"ဟုတ်ကဲ့ ... ဩော် ... ဦးလေးကြီး ကျွန်တော် တစ်ခု ပြောချင်တယ်"

"ပြောလေ"

သူ ခုနကမှ စဉ်းစားမိသည့် စကားအချို့ကို ပြော သွားသည်။

"အဆိုတော် ဟန်ဘုန်းရှိန် ဆိုတာ ကျွန်တော်မှန်း မေရ မသိပါစေနဲ့ ဦးလေးကြီး"

"ဘာဖြစ်လို့လဲ မောင်ရင်လေး"

"သူက အဆိုတော် ဟန်ဘုန်းရှိန်ကို မကြိုက်ဘူးတဲ့"

အဲဒီတုန်းက သူ အမှတ်တမဲ့ ပြောခဲ့တာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းဝတ်စုံ အဖြူရောင်နှင့် သူ့အသွ
သည် မှန်ထဲ၌ ခန့်ညားသပ်ရပ်စွာ ပေါ်လွင်နေ၏။

ဒါ ကောင်မလေးတွေ နှုတ်ဖျားမှာ တသသဖြစ်နေ
သည့် အဆိုတော် ဟန်ဘုန်းရှိန်ပဲမဟုတ်လား။

အေးလေ ... ဒီဘဝကို လိုချင်တပ်မက်၍ ပိုင်ဆိုင်
ခဲ့ရပြီပဲ၊ ဘာမှနောင်တရစရာ မရှိတော့။

သူ့အသွေးအသားထဲမှာ နစ်မြုပ်နေသည့် အနုပညာ
တွေကို ဖော်ထုတ်အောင်မြင်ခဲ့သည့် လူတစ်ယောက် အနေ
စိတ်ကျေနပ်စရာတွေနှင့်သာ ပြည့်နှက်နေသင့်သည်။

အခုတော့ ... သူ ဘာများတွေဝေနေခဲ့သလဲ။





"တို့ကိုကိုကတော့ ဘယ်အချိန်ကြည့်ကြည့် ချောနေတာပဲ"

ဖျတ်ခနဲ သူ့လက်မောင်းကို တွဲခိုလိုက်သည့် လက်
တစ်စုံ။

"ယမင်း"

"ဘာလဲ ကိုကို"

သေသပ်လှပသော ဆင်ယင်ထုံးဖွဲ့မှုနှင့် ယမင်းခ
သည် သူ့နံဘေးမှာ သူ့လက်မောင်းကို မှီ၍လျက် လှပစွာ ရပ်
တည်နေ၏။

"ယမင်းလည်း လှတာပါပဲ"

"ကျေးဇူးပဲ ကိုကို၊ ယမင်း လှမှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"ကိုကိုက နာမည်ကြီး အဆိုတော်ဆိုတော့ ကိုကိုနဲ့တွဲပြီး
မော့မော့လေး လျှောက်နိုင်ဖို့ ယမင်း လှမှဖြစ်မယ်လေ"

"ယမင်း မလှလည်း ကိုယ်က တွဲလျှောက်မှာပါ၊ စိတ်မပူ
ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော်"

အဖြူရောင် ဓာကိုယ်ကျပ်ဂါဝန်ရှည်နှင့် ယမင်းခ ပုံစံသည် ဘယ်နေရာမှာပဲဖြစ်ဖြစ် ထင်းခနဲ ပေါ်လွင်နေမှာ သေချာသည်။

ယမင်းခကို ပိုင်ဆိုင်ခွင့်ရသည့်အတွက် သူငယ်ချင်းများက သူ့ကို ကံကောင်းသည်တဲ့။

နာမည်ကြီး တေးသံသွင်းပိုင်ရှင့်၏ တစ်ဦးတည်း သောသမီး ဖြစ်သူနှင့် နာမည်ကြီး အဆိုတော်တစ်ယောက်၏ စေ့စပ်ပွဲသည် ဘာမှမထူးဆန်းပေမဲ့ သူ့ပရိသတ်တွေကတော့ အထူးအဆန်းသဖွယ် သိချင်ရှာပေလိမ့်မည်။

"မနေ့ကလေ ကိုကို ဟန်းဖုန်းထားသွားတာ၊ ကိုကို့ပရိသတ် တွေကို ယမင်း တစ်ချိန်လုံး ဒိုင်ခံဖြေရှင်းနေရတယ်၊ နောက်ဆုံး မတတ်နိုင်တော့လို့ ဖုန်းကို ပိတ်ပစ်လိုက်ရ တယ်"

"ဟုတ်လား"





"ကိုကို့ ပရိသတ်တွေက ကိုကို စေ့စပ်တော့မဲ့သတင်း အမှန်ပဲလား ဆိုတာ သိချင်နေကြတယ်"

သူ့ကို သည်းသည်းလှုပ် ချစ်ခင်ကြသည့် ပရိသတ် တွေသည် သတင်းအမှန်ကို သိချင်နေမှာ သေချာသည်။

"အဲဒီတော့ ယမင်းက ဘာပြောလိုက်လဲ"

"ဩော် ... ကိုကိုရယ်၊ ယမင်းခပဲဟာ၊ ညာပြောပါ့မလား၊ အမှန်အတိုင်းပဲ ပြောလိုက်တာပေါ့"

"ဒါပေါ့ ... ယမင်းခပဲဟာ၊ မကျောပ်တိုင် တက်ပြရမှာပေါ့"

"ကိုကိုနော်"

သူနှင့် အထက်တန်း တူတူအောင်မြင်ပြီး အမှတ် ကောင်းသော်လည်း ဆေးကျောင်းမတက်ဘဲ သူနှင့်အတူတူ ရိုးရိုး မေဂျာ တက်ခဲ့သည့် သူငယ်ချင်းလေး။

ထိုသူငယ်ချင်းလေးသည် နောက်ပိုင်းမှာသူ့အနုပညာ ကို ဖော်ထုတ်သည့် နေရာမှာ အစွမ်းကုန် ကူညီပံ့ပိုးပေးခဲ့သူလေး ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလေး ယမင်းခနှင့် သူ့ကြားထဲမှာ ရှိနေသော အဖြူရောင်သံယောဇဉ်ကြိုးကို နှစ်ဖက်မိဘတွေက ဆက်လက်သွယ်တန်းပေးတော့လည်း ဘာနှောင်တမှ မရရှိဘဲ သူ လွယ်လင့်တကူ ခေါင်းညိတ်ခဲ့လေသည်။

"ဒါနဲ့ ကိုကို မော်ဘီခြံကိုသွားတာ မပျင်းဘူးလား"

သူ ချက်ချင်း သတိရမိသည်က ပန်းမျိုးစုံ အလယ်က ဝပ်ပြားနေသော အိမ်လေးနှင့် မျက်မမြင် ကောင်မလေးတစ်ယောက် ဖြစ်၏။

မေရတဲ့ ... အခုချိန်မှာ သူမ ဘာလုပ်နေမလဲ။

"ကိုကို မပျင်းဘူးလားလို့"

"မပျင်းပါဘူး၊ အဲဒီမှာ ကိုယ့်ကို ဆွဲဆောင်နိုင်တဲ့ အရာတွေ ရှိပါတယ်"

မျက်မမြင်ကောင်မလေးတစ်ယောက်ကို မြင်ယောင်မိတော့ သူ့ရင်ထဲမှာ ဝမ်းနည်းသလို ဘာလိုလို ဖြစ်သွား၏။





"ဘာလဲ ... ပန်းစိုက်တဲ့ ကောင်မလေးလား"

"ပန်းစိုက်တဲ့ ကောင်မလေးတော့ မဟုတ်ဘူး၊ ပန်းကြားတွေထဲက ကောင်မလေး"

"ကိုကိုနော်"

ယမင်းကတော့ သူ နောက်နေသည်ဟု ထင်ရှာပေလိမ့်မည်။

"ကဲ ... ကိုကို၊ လူစုံနေပြီ ထွက်ကြရအောင်"

သူ ယမင်းလက်ကိုတွဲပြီး ထွက်လာသည်နှင့် တစ်ပြိုင်နက် ဟိုတယ်မြက်ခင်းပြင်ပေါ်၌ ထောင်ထားသည့် သူနှင့် ယမင်း၏ ဓာတ်ပုံကြီးသည် မီးဆလိုက်များ ထွန်းလင်းလာကာ [illegible]ရွှာ ပေါ်ထွက်လာ၏။

"ကွန်ဂရက်ကျူးလေးရှင်း ဟန်ဘုန်းရှိန်"

သူ့ဘေးပတ်လည်ကနေ ဝိုင်းဝန်းပေါ်ထွက်လာသည့် နှုတ်ဆက်သံတွေကလည်း သံပြိုင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏလေးမှာ မေရှ မျက်နှာလေးကို သူ ဖျတ်ခနဲ တွေ့ဝေစွာ မြင်ယောင်လိုက်မိသေးသည်။

ပြီးတော့လည်း အရာရာသည် နဂိုအတိုင်း ပြန်ဖြစ် သွား၏။

❀ ✉ ❀





"နေဦးလေ ကိုဘုန်းရဲ့၊ မျက်နှာကြီးက သေနေတယ်၊ စိတ်ကြီး တင်းမထားနဲ့၊ နည်းနည်းလေး လျှော့လိုက်ဦး"

"ဒုက္ခပါပဲ ဆရာရယ်၊ ဒါကြောင့် ကျွန်တော် ပြောတာ ပေါ့၊ ကျွန်တော့်ရုပ်ကြီးကို ထည့်မရိုက်ပါနဲ့လို့"

အဆိုတော်တစ်ယောက် အနေနှင့် ကင်မရာနှင့် ကင်းကွာ၍ မရမှန်း သူ သိသော်လည်း သရုပ်ဆောင်သည့်ဘက် မှာတော့ သူ အတော်ညံ့ဖျင်းလွန်းလှသည်။

စင်ပေါ်မှာ သီချင်းဆိုနေတာကို စင်အောက်ကရိုက် လျှင် ကိစ္စမရှိ။ သူကလည်း သူ့ရှာန်နှင့်သူ ဖြစ်နေသဖြင့် ရိုက် နေသည်ကို စိတ်ထဲမထားမိ"



www.burmeseclassic.com

www.burmeseclassic.com



အောက်ဒိုး ဗီစီဒီရိုက်ပြီ ဆိုလျှင်တော့ ပြဿနာဖြစ်လာပြီ။ မီးထိုး၊ မှန်ထိုးပြီဆိုလျှင် သူ မနေတတ်တော့။

"ဩော် ... ကိုဘုန်းရယ်၊ ကိုဘုန်း ပရိသတ်က ကိုဘုန်းရုပ်လေးနဲ့ပဲ ကြည့်ချင်ကြတာကိုး"

သူ စိတ်မောစွာ သက်ပြင်းချမိတော့ ဒါရိုက်တာက သဘောကျသလို တဟားဟား ရယ်မောရင်း ...

"စိတ်ရှုပ်နေပြီလား ကိုဘုန်း၊ ကျွန်တော့်ကို အပြစ်မတင်နဲ့နော်၊ ခင်ဗျား အပြစ်တင်ချင်ရင် ကြည့်ကောင်းလွန်းတဲ့ ကိုယ့်ရုပ်ကိုပဲပြန်ပြီး အပြစ်တင်၊ ဒါကြောင့် ကောင်မလေးတွေ ခင်ဗျားရုပ်ပါတဲ့ ဗီစီဒီပဲ ဝယ်ချင်ကြတာ"

"ကဲ ... ရိုက်မယ်ဗျာ"

သူ ရိုက်ရသည့် အခန်းက ကောင်မလေး တစ်ယောက်နှင့်အတူ ပျော်ရွှင်စွာ လျှောက်လည်သည့်အခန်း ဖြစ်၏။

ထိုအခန်းလေးတောင် သူ သဘာဝကျစွာ မရိုက်နိုင်။





"မရဘူး ကိုဘုန်းရဲ့၊ ခင်ဗျား မျက်နှာကြီးက ရှုံ့မဲ့မဲ့ကြီးဖြစ်နေတယ်၊ ဒီလိုလုပ်လေ၊ ကောင်မလေးကို ခင်ဗျားရဲ့ ယမင်းခလို့ သဘောထားလိုက်၊ ဒါဆို အားလုံး အဆင်ပြေသွားလိမ့်မယ်"

"ဟာ ... ဆရာကလည်း"

ယမင်းလဏ်ကို သေချာဆွဲခဲ့ဖူးလားတောင် သူ မှတ်မိ။ အမှတ်တမဲ့ ဆွဲခဲ့ကောင်း ဆွဲခဲ့နိုင်ပေမဲ့ ဘာမှသတိမထားမိခဲ့။

"တကယ်ပြောတာ၊ ယခင်းခနဲ့ စကားပြောတာလေးကို ပြန်ပြီး စဉ်းစား၊ ဘေးနားက ကောင်မလေးကို ကိုယ့်ချစ်သူလေးလို သဘောထား၊ ဟုတ်ပြီလား"

ဒီအခန်းကိုပဲ ထပ်ခါတလဲလဲ ရိုက်နေရသဖြင့်၊ သူ င်တွဲရိုက်ရသော မော်ဒယ်ကောင်မလေးကိုလည်း အားနာလှပြီ။

"ကျွန်တော့် ခဏလောက် နားချင်တယ် ဆရာ"

"နားပါ၊ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကားကိုမှီကာ အားရပါးရ ထိုင်ချပြီး C... တစ်ဘူးကို ဖောက်သောက်ပစ်လိုက်သည်။

အေးစိမ့်စိမ့် အရသာက တစ်ခဏတော့ အမောပြေ... စေသည်။

ထိုအချိန်လေးမှာပင် သူ သွားသတိထားမိ... ရိုက်ကွင်းနှင့် ခပ်လှမ်းလှမ်း၌ ရှိနေသော ခုံတန်းလေးပေါ်... ကောင်မလေးနှစ်ယောက် ဖြစ်၏။

ငြိမ်သက်စွာ ထိုင်နေသော ကောင်မလေးနှစ်ယော... အနက် တစ်ယောက်ကို သွားသတိထားမိသည်က ...

မေရ ... သူမ ဘယ်လိုလုပ် ရှိနေတာလဲ။

သူ ဘာမှ မစဉ်းစားနိုင်ခင်ပင် သူ့ခြေလှမ်းတွေ... သူမနံဘေး ရှိရှိသွားကာ ...

"မေရ ... ဘယ်လိုလုပ် ဒီရောက်လာတာလဲ"

"ဘယ်သူပါလဲရှင်"

"ကျွန်တော် ဟန်ဘုန်းရှိန်ပါ"





သူ့နာမည် ကြားသည်နှင့် သူမ မျက်နှာ တင်းခနဲ ...ဖြစ်သွားကာ ...

"ကျွန်မ အသိထဲမှာ ဟန်ဘုန်းရှိန် ဆိုတာ မရှိပါဘူး"

သူ့ရင်ထဲက မာနက ချက်ချင်း မြင့်တက်လာ...သည်။

ကြည့်စမ်း ... သူမက ဘာမို့လို့ သူ့ကို မသိချင်ယောင် ...ဆောင်ရတာလဲ။

"မေရ ... ခင်ဗျား ဘာဖြစ်လို့ မသိချင်ယောင် ဆောင်ရတာလဲ"

"ဒုက္ခပါပဲ၊ ကျွန်မ ရှင့်ကို မသိဘူး၊ သိကျွမ်းစရာ အကြောင်းလည်း မရှိဘူး၊ သိလည်း မသိချင်ဘူး"

သူမ ခပ်ပြတ်ပြတ် ပြောချလိုက်တော့ သူပိုပြီး ...ရှက်ရသွားသည်။

ဒါ ဟန်ဘုန်းရှိန်ရဲ့ ကျဆုံးခန်းပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သူ သတိရမိသည်က မေရုက အဆိုတော်ဟာန်ဘုန်းရှိန်ကိုမှ မသိဘဲ။ သူမ သိသည်က ကိုဘုန်း ဆိုသည့် သာမန်လူဖြစ်၏။

ဒီလိုတွေးမိမှ ခုနက အရှက်ရထားတာတွေက ပြေပျောက်သွားသည်။

"ဆောရီး ... ကျွန်တော် လူမှားသွားလို့ပါ"

သူ နောက်ပြန် လှည့်ထွက်လိုက်စဉ်ပင် သူမအသံက ကပ်ပါလာသေးသည်။

"နောက်တစ်ခါ ဒါမျိုး အကြောင်းလာမရိုက်ပါနဲ့"

ဒီတစ်ခါတော့ သူ ဒေါသမထွက်မိတော့။ အတော်ကို ဆွဲကိုင်ဆောင့်ချစ်စရာကောင်းသည့် ကောင်မလေးပဲ။

မေရု ဆိုသည့် မျက်မမြင်ကောင်မလေးတစ်ယောက် မာန်တက်ပြီး ပြောနေတာကိုပဲ သူ ရယ်ချင်နေမိသည်။

"ကိုဘုန်း ဓာတ်လမ်းသွားလုပ်နေတာလား"





"မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေတစ်ယောက်နဲ့ တူနေလို့ သွားနှုတ်ဆက်တာပါ"

"ဟုတ်ရဲ့လား၊ ယမင်းခဆီ ဖုန်းဆက်ပြီး တိုင်မှထင်တယ်"

"ဟာ ... ဆရာတို့ကလည်း တစ်ချိန်လုံး နောက်နေတာပဲ"

ရိုက်ကွင်းပြန်စတော့ သူ အဆင်ပြေစွာ ရိုက်နိုင်ခဲ့သည်။ သူ့အခန်း ပြီးသွားချိန်မှာ မေရုကို လှမ်းကြည့်မိတော့ မရှိတော့။

ထိုခဏလေးမှာပင် သူ့ရင်ထဲတစ်ခုခု လိုနေသလို ဟာဆင်းသွားခဲ့သည်။

မော်ဘီခြံလေးဆီ နောက်တစ်ခေါက်သွားမှ ဖြစ်မည်ဟု သူ စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပေါင်းစုံနှင့် ခြံလေးသည် ခါတိုင်းလိုပင် တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိသည်။

အမြဲတမ်း မနက်စောစော ထရမှာ ပျင်းသည့်သူက ဒီတစ်ခါတော့ လွယ်ကူစွာ နိုးထလာခဲ့သည်။

နှင်းစက်များနှင့် မျက်မမြင် ကောင်မလေး တစ်ယောက်သည် သူ့ရဲ့ ပျင်းရိခြင်းကို ဖျက်ဆီးပစ်နိုင်သည်။

"မောင်ရင်လေးရေ နွားနို့ ရပြီ"

"ဟုတ်ကဲ့ ဦးလေးကြီး"

သူ အင်မတန်ကြိုက်သည့် နွားနို့ကိုတောင် ခါတိုင်းလို အရသာခံပြီး သောက်မနေတော့။





တစ်ကျိုက်တည်း မော့သောက် ပစ်လိုက်သည်။

ပြီးတော့ ... နှင်းစက်တွေကြားမှာ ရှိနေမည့် သူမ ဆီကို လာခဲ့မိသည်။

"ဘယ်သူလဲဟင်"

တိုးဖွဖွညင်သာလွန်းသည့် သူ့ခြေလှမ်းကို သူမ ကြားဖြစ်အောင် ကြားပါသည်။

"ကျွန်တော်ပါ မေရ၊ ကိုဘုန်းပါ"

"သြော် ... ကိုဘုန်း ဘယ်တုန်းကရောက်လဲ"

"မနေ့ညနေက မေရ"

"ဒီတစ်ပတ် အလုပ်များတယ် ထင်တယ်"

"မများလည်း ကျွန်တော် လာမှာပါ"

သူမ ရှိနေသရွေ့တော့ သူ့ခြေလှမ်းတွေကို ထိန်းချုပ်ရမည် မထင်။

"မေရ အစောကြီး နိုးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက် စောတယ် နောက်ကျတယ် ဆိုတာ
ပါဘူး၊ ဒါပေမဲ့ မနက်ခြောက်နာရီဆိုရင် ထနိုင်အော
အမြဲနိုးစက်ပေးထားတယ်"

အမှောင်ကမ္ဘာမှာ နေရသည့် လူတစ်ယောက်
အထိးကျန်မှုကို သူ ကိုယ်ချင်းစာစွာ နားလည်မိ၏။

"ဒါနဲ့ မေရုက စာဖတ်ဝါသနာပါလား"

"ကျွန်မ စာဖတ်အရမ်းဝါသနာပါတယ် ကိုဘုန်း၊ ကျွ
မှာ စာအုပ်တွေ အများကြီးရှိတယ်၊ ကျွန်မ မျက်
ကောင်းတုန်းကဆို တစ်ချိန်လုံး စာပဲဖတ်နေတာ"

"ကျွန်တော် အားတဲ့အချိန် မေရုကို စာဖတ်ပြလို့ ရမလာ

သူ့ရင်ထဲမှ လိုလားတောင့်တသည့် ဆန္ဒတစ်
လှစ်ခနဲ ပေါ်ထွက်လာ၏။

"ကိုဘုန်း ဖတ်ပြမယ်ဆိုရင် ကျွန်မ ကျေးဇူးတင်ပါတ
ကျွန်မ ငှားထားတဲ့ ကောင်မလေးက ညနေလေး
လောက်မှ လာတာဆိုတော့ ကျွန်မ တစ်နေ့လုံး
နေတာ"





"ကျန်တဲ့အချိန်တွေမှာ မေရု ဘာလုပ်လဲ"

အင်မတန် အလုပ်များသည့်သူက သူမ၏ တစ်နေ့
ာကို အလေးထားနေမိပြန်သည်။

"မျက်မမြင်တစ်ယောက်က ဘာများလုပ်နိုင်မှာလဲ ကိုဘုန်း
ရယ်၊ ဗီဒီယိုဖွင့်ပြီး အသံနားထောင်ချင် နားထောင်၊ ဒါမှ
မဟုတ် အိပ်ပေါ့"

မေးပြီးမှ နောင်တ ရသွားသည်။ မျက်မမြင် တစ်
ာက်အနေနှင့် ကိုယ့်ဘာဝကိုယ် ဘယ်ကျေနပ်နိုင်မလဲ။

"ဪ ... ဒါနဲ့ မေရု မနေ့ကကော အပြင်ထွက်သေး
လား"

"မနေ့ကလား ... အပြင်သွားတယ်၊ ညီမဝမ်းကွဲတစ်ယောက်
နဲ့ မြေပဒေသာပန်းခြံမှာ ပျိုးစေ့တွေ သွားဝယ်သေးတယ်"

သူမက ပြောပြောဆိုဆို သဘောကျသလို လှစ်ခနဲ
ိုက်တာမြင်တော့ သူ စိတ်ဝင်စားသွားသည်။

"ဘာတွေ သဘောကျနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်းကို ပြောပြဦးမယ်၊ အဆိုတော် ဟန်ဘုန်းရှိန်ကို
သိလား"

"သိတာပေါ့၊ နာမည်ကြီးပဲဟာ"

ပြောပြီးမှ ရယ်ချင်စိတ်ကို မနည်းထိန်းလိုက်ရသည်။
သူကတော့ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်စားအထဲကို
ထဲ ပါနေပြီ။

"မနေ့က အဆိုတော် ဟန်ဘုန်းရှိန်နဲ့ တွေ့တယ်"

"ဟုတ်လား"

သူ လုံးလုံးမသိချင်ယောင် ဆောင်နေလိုက်သည်။

"ဟန်ဘုန်းရှိန်ကလေ ကျွန်မကို လူမှားပြီး နှုတ်ဆက်တယ်
သိလား"

"လူမှားချင်ယောင်ဆောင်ပြီး နှုတ်ဆက်တာရော မဖြစ်နိုင်
ဘူးလား"

"နည်းနည်းတော့ ထူးဆန်းတယ်၊ သူက ကျွန်မနာမည်
မေရ ဆိုတာကို မှန်အောင်ခေါ်နိုင်တယ်"





မနေ့က သူ အတော်ကြီး ဇဝေဇဝါ ဖြစ်ခဲ့တာ
ကို သတိရလာသည်။

"မေရရဲ့ သူငယ်ချင်းဟောင်းကော မဖြစ်နိုင်ဘူးလား"

သူ့အသံကို မှတ်မိသွားမှာ စိုးရိမ်စိတ်ကြောင့် အသံ
ကို နှိမ့်ချပစ်လိုက်သည်။

"မဖြစ်နိုင်ဘူး၊ သူ့ကို ကျွန်မ ကောင်းကောင်းသိသလိုပဲ။
ကျွန်မ သူငယ်ချင်း မဟုတ်ဘူး"

ဘာပဲဖြစ်ဖြစ် အဲဒီနေ့က သူ ခံစားခဲ့ရသည်က
အဆိုတော် ဟန်ဘုန်းရှိန်ကို သူမ မနှစ်သက်ခြင်းဖြစ်၏။

သူ့ခြံထဲကို ကွေ့ဝင်လာသော နက်ပြာရောင်ကား
တစ်စီးကို တွေ့တော့ သူမ သေးကနေ လိုလို ထရပ်ပြီး
ဖြစ်သွားသည်။

ယမင်း ဘာလာလုပ်တာလဲ။

မနက်စောစောစီးစီး ယမင်းကို တွေ့လိုက်ရသည့်
အတွက် ပထမဦးဆုံးအကြိမ် သူ စိတ်ရှုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယမင်းနှင့် ညှော်ခံပွဲကို လိုက်သွားပြီးသည့်နောက် သူ့ဆီ ကပ်ပါလာသည်က စိတ်ကျဉ်းကျပ်မှုများ ဖြစ်၏။

သူ့ကို ဝိုင်းဝိုင်းလည် အားပေးနှုတ်ဆက်နေသည့် ယမင်း သူငယ်ချင်းတွေ ကြားထဲမှာ သူ ဘာကို မကျေမန ဖြစ်နေမှန်း မသိ။ အလိုမကျသလို ခံစားနေရသည်။

သူ မက်မောခဲ့သည့် ထင်ပေါ်ကျော်ကြားမှုတွေ သူ့အတွက် ဘာမှမဟုတ်တော့၊ တဖြည်းဖြည်း ငြီးငွေ့လာသည်

"ယမင်း ... ပြီးရင် ပြန်ကြရအောင်"

"နေပါဦး ကိုကိုရဲ့၊ ရောက်တာတောင် မကြာသေးဘူး"

ခါတိုင်း သူ ပျော်မွေ့လေ့ရှိသည့် ညှော်ခံပွဲတွေ အခုတော့ သူနှင့် တခြားဆီလို ဖြစ်နေပြန်သည်။





ယမင်းကို ပြန်ပို့ပေးပြီးနောက် သူ့ရဲ့ဦးတည်ရာသည် မှော်ဘီခြံလေးသာ ဖြစ်၏။

"ကိုကို ... မနက်ကျရင် ယမင်းကို မုန့်စားဖို့ လာခေါ်နော်"

"လာခေါ်ဖြစ်မှာ မဟုတ်ဘူး ယမင်း"

"ဘာဖြစ်လို့လဲ ကိုကို"

"ကိုယ် မှော်ဘီခြံကို ပြန်မှာ"

ယမင်းက အလိုမကျသလို မျက်မှောင်ကုတ်လိုက်ရင်း ...

"ဟာ ... ကိုကိုကလည်း ဘယ်အချိန် ရှိနေပြီလဲ၊ ဘာဖြစ်လို့ ပြန်မှာလဲ၊ မာမီတို့ဆီပဲ ပြန်အိပ်"

တရစပ် ဝင်ရောက်လာသော မေးခွန်းတွေအတွက် သူ့မှာ အဖြေတစ်ခုသာ ရှိ၏။

ပြီးတော့ ထိုအဖြေသည် ယမင်းကို ပြောပြ၍ မဖြစ်။

"ကိုယ် ပြန်မှဖြစ်မယ် ယမင်း"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယမင်း ခေါ်လို့ ကိုယ်လိုက်လာတာ၊ ကိုယ့်မှာ သီချင်းစပ်လက်စ တန်းလန်းတွေ အများကြီးပဲ"

"ဒါဆို တနင်္လာနေ့မှ ပြန်လာမှာပေါ့"

"ဟုတ်တယ် ယမင်း"

"တော်ပြီ ... ကိုကို့ကို မခေါ်တော့ဘူး"

ယမင်း လှည့်ထွက်သွားတော့ ခါတိုင်းလို "လှဆိုးမ" ဆိုပြီး လှမ်းမနောက်ဖြစ်။

သူ ပျော်မွေ့နေသည့် မှော်ဘီခြံလေးရှိရာကို အမြန်ဆုံး မောင်းထွက်လာမိသည်။

မှော်ဘီခြံလေးဆီ သူရောက်တော့ ညဆယ်နာရီ ကျော်ပြီ။

စန္ဒရားသံသဲ့သဲ့ကို ကြားတော့ သူမ တိုက်ပုလေးဆီ အလိုလိုကြည့်မိလျက်သား ဖြစ်နေ၏။

မှန်အပြည့်ကာထားသော ဧည့်ခန်း၌ စန္ဒရားထိုင်တီးနေသော သူမ သွင်ပြင်ကို မီးရောင်မှိန်မှိန် အောက်တွင် ခပ်ဝါးဝါး တွေ့မြင်နေရသည်။





သူမက စန္ဒရားတီးတတ်သတဲ့လား။

အေးချမ်းလှပစွာနှင့် ညကို ဖောက်ထွက်လာသော စန္ဒရားသံကြောင့် သူ ပြန်လာရကျိုး နပ်သွားပြီ။

ထိုညက စန္ဒရားသံကို နားထောင်ပြီး သူ အိပ်ပျော်ခဲ့သည်။

နောက်တစ်နေ့မနက် သူမကို ပြန်တွေ့ရတော့ သူ့ရင်ထဲ ကျေနပ်နှစ်သိမ့်နေမိသည်။

စကားပြောရင်း ပြောရင်းနှင့် သူနှင့် သူမ၏ စကားလမ်းကြောင်းသည် အဆိုတော်တွေဘက် ရောက်ရှိသွားသည်။

"မေရက ဘယ်အဆိုတော်တွေကို ကြိုက်လဲ"

"အင်း ... အဆိုတော် တော်တော်များများကို ကြိုက်ပါတယ်"

"အဆိုတော် ဟန်ဘုန်းရှိန်ကိုရော မကြိုက်ဘူးလား"

"မကြိုက်ဘူး"

သူမမျက်နှာ ချက်ချင်း တင်းမာသွားသည့်အတွက် သူ အံ့သြသွားသည်။

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သူ့ကို မုန်းတယ်"

မုန်း ... တယ် တဲ့။ ပိုပြီး အံ့အားသင့်စရာပဲ။

မကြိုက်တာနှင့်မုန်းတာက အဓိပ္ပာယ်တခြားစီဖြစ်၏။

"မေရုကလည်း ဟန်ဘုန်းရှိန်က သူ့ဘာသာသူ နေတာပဲ၊ ဘာဖြစ်လို့ မုန်းရတာလဲ"

"အကြောင်းရင်းရှိလို့ မုန်းတာပေါ့ရှင်၊ ကျွန်မ သူ့ကို တော်တော်လေး မုန်းတယ်"

မေရုက သူ့ကို မုန်းသည်တဲ့။

အဆိုတော် ဟန်ဘုန်းရှိန် ဘဝနှင့် သူ့ကို ခါးခါးသီးသီး မုန်းနေသည့် ကောင်မလေးတစ်ယောက် ရှိနေမှန်း သူ လုံးဝမသိခဲ့။

အခုတော့ သူ သိခွင့်ရခဲ့ပြီ။

ဘာအကြောင်းမှန်း မသိသေးပေမဲ့ သူ လုံးဝစိတ်မကောင်း။

ဦးလေးကြီးကို နောက်ပြီး ပြောခဲ့သည့် စကားက အတည်ဖြစ်ခဲ့ပြီလား။





"အဲဒီအကြောင်းကို ကျွန်တော် သိခွင့်ရမလား"

"ရပါတယ်၊ ဒါပေမဲ့ အခု မဟုတ်သေးဘူး"

သူကိုယ်တိုင်တောင် မသိခဲ့သည့် အကြောင်းအရာ တစ်ခု သူမဆီမှာ ရှိနေခဲ့တာ သေချာပြီ။

ဒါပေမဲ့ အခုလည်း သိခွင့်မရသေး။

သူ သက်ပြင်းခပ်တိုးတိုး ချတာကို သူမက ကြား ဖြစ်အောင် ကြားသွားသေးသည်။

"ရှင် ဘာဖြစ်နေတာလဲ 'ကိုဘုန်း"

"ဘာမှမဖြစ်ပါဘူး၊ နေ့လယ်ကျရင် မေရုကို ဘာစာအုပ် ဖတ်ပြရင် ကောင်းမလဲလို့ စဉ်းစားနေတာ၊ ဩော် ... ဒါနဲ့ မေရုက ဟန်ဘုန်းရှိန်ကို ခါးခါးသီးသီး မုန်းတာ လား"

"မုန်းတာပေါ့၊ အတော်ကြီးကို ခါးခါးသီးသီး မုန်းတာ"

သူ့ရင်ထဲ ဟာဆင်းသွားသည်။

သူ့ရင်ထဲ မသိမသာနှင့် ဝင်ရောက်လာသည့် ကောင် မလေးက သူ့ကို မုန်းသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မုန်းတော့ရော ဘာဖြစ်လဲကွာ ...။

သူက စေ့စပ်ပြီးသား ယောက်ျားတစ်ယောက်ပဲ။ သူနှင့် မေရ ကြားထဲမှာ အလွှာတစ်ခုက ခြားနားထားပြီပဲ၊ ဘာမှ နီးကပ်စရာ မလိုတော့။

ဒါပေမဲ့ ... ဒါပေမဲ့ ...။

သူ တွေ့ရှိခဲ့သည့် အချစ်က တကယ့်ကို အချိန်နောက်ကျနေခဲ့ပြီ။

"သူကတော့ မေရ မုန်းနေမှန်း သိမှာတောင် မဟုတ်ဘူးနော်"

မေရက ခပ်လွင်လွင်လေး ရယ်ပြီး ...

"ကျွန်မ သူ့ကို မုန်းတယ်၊ ဒါပေမဲ့ အဲဒီ အမုန်းကို သူ သိစရာ မလိုပါဘူး"

သူ ဝမ်းနည်းစွာ သိရှိနေခဲ့ပြီဖြစ်ကြောင်း တစ်ချိန်ချိန်မှာတော့ သူမကို ပြောပြဖြစ်ပေလိမ့်မည်။





# အပိုင်း(၂)

www.burmeseclassic.com





ဝိုင်းဝိုင်းလည်နေသည့် ပရိသတ်တွေ ကြားထဲ၌ ာ်တိုစာအုပ်များနှင့် ခေါင်းမဖော်နိုင်အောင် အလုပ်ရှုပ်နေသော ဆိုတော် ဟန်ဘုန်းရှိန်ကို မေရ တွေ့မြင်နေရသည်။

များပြားလှသည့် လူအုပ်ကြီးကို ဖြတ်ပြီး ဟန်ဘုန်း ဆီ တိုးဝှေ့ဝင်ရောက်သွားဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။

ချွေးတလုံးလုံးနှင့် လူအုပ်ကြားထဲ အတင်းတိုးဝင် သည့် သူငယ်ချင်း ညိုကို ကြည့်ပြီး မေရ သဘောကျသလို ခဲ့သည်။

အတော်ကို ခွဲကောင်တဲ့ ညိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကြားထဲ တိုးဝင်သွားလိုက်၊ လူအုပ်က ပြန်
တွန်းထုတ်လိုက်နှင့် ညို တစ်ယောက်တည်း အလုပ်ရှုပ်နေသည်။

ချွေးတွေ ဒီးဒီးကျပြီး ဆံပင်တွေ ရှုပ်ပွကုန်တာ
တောင် ညို တစ်ယောက် စိတ်မပျက်နိုင်သေး။

"မေရ ... ငါ့ကို နည်းနည်းလောက် ဝိုင်းကူညီပါဦး"

"အမ် ... ဝိုင်းတိုးပေးရမှာလား"

"အေးပေါ့"

မေရက ဒါမျိုးတော့ လုံးဝဝါသနာမပါပါ။ ဟန်ဘုန်း
ရှိန်ရဲ့ သီချင်းတွေကို ကြိုက်တာ ကြိုက်တာပဲ။ သူ့ရဲ့လက်မှတ်
ရဖို့အတွက်တော့ အဲဒီလောက် အပင်ပန်းမခံနိုင်။

"ပေါက်စမ်းပါ ညိုကလည်း ... နင် ဘာဖြစ်လို့ ဒီလောက်
တောင် အသည်းအသန် ဖြစ်နေရတာလဲ"

"နင်ကလည်း ငါ့အကြောင်း သိရဲ့သားနဲ့"

ဟန်းဘုန်ရှိန် အပေါ်မှာ ညို သည်းသည်းလှုပ်ပုံက
အလွန်အမင်း ဖြစ်၏။ ညို့ အခန်းတစ်ခန်းလုံးသည် ဟန်ဘုန်းရှိန်
ဓာတ်ပုံတွေ၊ ပိုစတာတွေနှင့် ပြည့်နှက်နေ၏။





ထို့အပြင် ဟန်ဘုန်းရှိန်ဆီ နာမည်ဝှက်နှင့် ဖုန်းဆက်
သေးသည်။ ဟန်ဘုန်းရှိန် မွေးနေ့ဆိုလျှင် မမေ့မလျော့ မွေးနေ့
လက်ဆောင် ပေးပို့သေးပြန်သည်။

ညို အကဲပါပုံကတော့ မေရ အတွက် ရယ်ချင်စရာ။

သို့သော် မေရနှင့် ညိုသည် အချစ်ဆုံးသူငယ်ချင်း
တွေ ဖြစ်သဖြင့် ညို ဘယ်သွားသွား မေရက အမြဲပါနေရ၏။

"ဒီလောက် လူအုပ်ကြီးကို တိုးလို့ ဘယ်လွယ်ပါ့မလဲ ညို
ရယ်၊ နင့်ဗလကိုလည်း နင်ပြန်ကြည့်ဦး၊ လူအုပ်ပိပြီး
သေသွားလိမ့်မယ်၊ စိတ်မလျှော့ချင်တော့ ကိုယ့်ဘာသာ
ကိုယ် ဆက်တိုး"

"ဟွန်း ... သူ့ကို အားကိုးရမလား အောက်မေ့ပါတယ်၊
ဘာမှ အားမကိုးရဘူး၊ နေ ... နေ ... ကိုယ့်ဘာသာကိုယ်
တိုးမယ်၊ ပြီးမှ ပြပါဦး ဘာဦး မလုပ်နဲ့"

"မကြည့်ရေးချ မကြည့်ဘဲ၊ ကိုယ့်ဘာသာ သေအောင်
တိုး"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ထိုလူအုပ်ကြီးကို ကျော်ဖြတ်ပြီး ညို မတိုးနိုင်ခဲ့ပါ။

ညို ... ဟန်ဘုန်းရှိန် အနား ရောက်သည့် အချိန်မှာ တော့ ဟန်ဘုန်းရှိန်သည် နောက်ပွဲတစ်ခုကိုသွားဖို့အတွက် ကား ပေါ်တက်ခါနီးလေး ဖြစ်သည်။

"ဟန်ဘုန်းရှိန် ... ကျွန်မကိုလည်း လက်မှတ်ထိုးပေးပါဦး"

ဟန်ဘုန်းရှိန်သည် ညိုပေးသော စာအုပ်ငယ်လေးကို လှမ်းမယူသည့်အပြင် ...

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ နောက်ပွဲအတွက် ကျွန်တော်နောက် ကျနေလို့ပါ၊ နောက် ကြုံမှပဲ"

ဟု လှပစွာ ငြင်းဆိုလိုက်သေးသည်။

မေရကတော့ ဖွဲကောင်းကောင်းနှင့် တိုးနေသော်လည်း အရှုံးနှင့် ပြန်လာရသော ညိုကို ဟားချင်စိတ်အပြည့်နှင့် ...

"ဘယ်လိုလဲ၊ လက်မှတ် ရခဲ့ပြီပေါ့၊ လက်မှတ်လေးက တော်တော်လှတာပဲနော်၊ တစ်သက်လုံး သိမ်းထားချင်စရာ လေး"





"နင်နော် ... ဒီမှာ စိတ်ညစ်ရတဲ့ကြားထဲ"

အတော်ကြီးကို စိတ်ပျက်လက်ပျက် ဖြစ်နေသော ညိုသည် တစ်ခဏအတွင်း ဆုံးဖြတ်ချက်ချကာ ...

"မေရ ... လာ ... လာ ... ဟန်ဘုန်းရှိန် အနောက် လိုက် သွားမယ်"

"ဘုရားရေ ... ညို ... ဟန်ဘုန်းရှိန် ဘယ်မှာပွဲလုပ်လဲ ဆိုတာ နင် သိလို့လား"

"သိတယ်၊ IBC မှာ လုပ်မှာ၊ လာ ... လာ ... မြန်မြန် လာ"

သိုက မေရ လက်ကိုဆွဲပြီး အတင်းပြေးထွက်လာသောကြောင့် မေရ မလိုက်၍ မရတော့။

ထို့နောက် ညိုသည် ဟန်ဘုန်းရှိန် ကားကို မီအောင် ပြေး တရကြမ်း မောင်းနှင်လေတော့သည်။

"ညိုရယ် ... ငါ ကြောက်တယ်၊ ဖြည်းဖြည်းမောင်းစမ်း ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်ရင် သေချာကိုင်ထား၊ ဟိုးရှေ့မှာ တွေ့လာ
နက်ပြာရောင်ကား၊ အဲဒါ ဟန်ဘုန်းရှိန် ကားပဲ"

ညို ကားမောင်းကျွမ်းကျင်တာ မေရ သိပေမဲ့ ဒီလို
အခြေအနေမျိုးမှာ စီးရတာတော့ မေရ လန့်လှသည်။

"ဟော ... မိပြီ"

မီးပွိုင့်တစ်ခုနား အရောက်မှာ ညို့ကားသည် ဟန်
ဘုန်းရှိန် ကားကို မီလုဆဲဆဲ ဖြစ်လာ၏။

သို့သော် ... မီးပွိုင့်ကို ဟန်ဘုန်းရှိန် ကားဖြတ်သွား
ပြီးသည်နှင့် မီးပွိုင့်သည် အဝါဘက်သို့ ကူးပြောင်းသွားသည်

ညိုသည် မီးဝါနေသည်ကို ဂရုမစိုက်ဘဲ အတင်း
ဖြတ်မောင်းလိုက်သည်။ ထိုအခါ တစ်ဖက်မှ ကွေ့ဝင်လာသော
ကားကို ညို မမြင်နိုင်တော့။

"ညို ... ကား ... ကား"

မေရ ထိတ်လန့်စွာ သတိပေးသော်လည်း မမီတော့
ပြင်းထန်သော အရှိန်တစ်ခုသည် မေရတို့ဆီ ဝင်ရောက်လာခဲ့သည်။





မှန်ကွဲသံနှင့်အတူ မေရ မျက်ဝန်းတွေ စူးရှနာကျင်
သွားသည်။

မေရ သတိကောင်းကောင်းနှင့် အားတင်းပြီး ညို့ကို
လှမ်းကြည့်လိုက်သည်။

ကားစတီယာရင်ယာတိုင်ပေါ် ခေါင်းစိုက်နေသော ညို့ကို
သွေးအလိမ်းလိမ်းနှင့် တွေ့လိုက်ရသည့် အခါမှာတော့ မေရ
ဘာကိုမှ အမှတ်မရချင်တော့။

"ညို ... ညို"

ထို့နောက် မေရ ကမ္ဘာလေးသည် တိခနဲ အမှောင်
ကျသွားခဲ့လေသည်။

* ⊡ *



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ကိုဘုန်း၊ သူ့ကြောင့် ကျွန်မ အချစ်ဆုံးသူငယ်ချင်း ညို သေခဲ့ရတယ်"

မေရှသည် ဒီအကြောင်းတွေကို ပြန်စဉ်းစားမိတိုင်း ညို့ကို သတိရစိတ်နှင့်အတူ ဟန်ဘုန်းရှိန် အပေါ် မုန်းတီးသည်။

"အကြောင်းတိုက်ဆိုက်လို့ ဖြစ်သွားတာပါ မေရှရယ် အဲဒီလိုမျိုးကြီး စိတ်ထဲမထားပါနဲ့"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ သူ့ကြောင့် ညို ဆုံးခဲ့ရသလို ကျွန်မလည်း မျက်မမြင်ဘဝ ရောက်ခဲ့ရတယ်"





မေရှ ပြန်ပြီးသတိရလာစဉ်က အဖြစ်အပျက်တွေကို ပြန်ပြီးတောင် သတိမရချင်တော့။

အမှောင်ကမ္ဘာထဲမှာ ညို့နာမည်ကို အော်ခေါ်မိခဲ့သည်မှာ မရေမတွက်နိုင်။

"မေရှ စိတ်မဆိုးနဲ့နော်၊ ကျွန်တော် တစ်ခုပြောချင်တယ်"

"ပြောလေ"

"ကျွန်တော့်အထင် ပြောရရင် ဒီကိစ္စက အဆိုတော် ဟန်ဘုန်းရှိန်နဲ့ ဘာမှမဆိုင်ဘူး ထင်တယ်၊ ဒီကိစ္စ ဖြစ်သွားတာ သူ သိမယ်တောင် မထင်ဘူး"

မေရှကတော့ အဲဒီလို မယူဆ။ ညို့ကို လက်မှတ်သေးတစ်ချက် ထိုးပေးလိုက်ရုံနဲ့ သူ ဘယ်လောက် နောက်ကျသွားမှာမို့လဲ။

အခုတော့ သူ ငြင်းဆန်ခဲ့တာကြောင့် သူ့နောက်လိုက်ရင်း ညို ပျောက်ကွယ်ခဲ့ရပြီ။ မေရှလည်း အလင်းပျောက်ခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ဘူး၊ သူသာ လက်မှတ်လေးတစ်ချက် ထိုးပေးခဲ့ရင် ညို ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ ပြဿနာအားလုံးရဲ့ အရင်းအမြစ်က သူ့ကြောင့်ပဲ”

မေရုက အငြိုးမပြေသလို ဟန်ဘုန်းရှိန်ကို စွပ်စွဲလိုက်သည်။

“မေရုက အငြိုးသိပ်ကြီးတာပဲ”

“အငြိုးကြီးတာလား ဘာလားတော့ မသိဘူး၊ ကျွန်မ သူ့ကို မကျေနပ်တာတော့ အမှန်ပဲ”

“တူတူပဲပေါ့ မေရုရယ်”

သုံးနှစ် ... သုံးနှစ် ရှိခဲ့ပြီ။ ဒီသုံးနှစ်လုံးလုံး မေရု နေ့ညမသိစွာ ရှင်သန်ခဲ့ရသည်။

ဒါတွေအားလုံး ဟန်ဘုန်းရှိန်ကြောင့်။

“ညိုက ပန်းတွေကို သိပ်ချစ်တာ၊ ဒီခြံကြီးက ညိုနဲ့ ကျွန်မ နှစ်ယောက်ပိုင်တဲ့ ခြံကြီးလေ၊ ညို မရှိကတည်းက ကျွန်မပဲ ထိန်းသိမ်းခဲ့ရတာ၊ ညို ချစ်တဲ့ ပန်းခင်းကြီးကို အမြဲရှင်သန်အောင် ပြုစုပေးခဲ့တယ်၊ ညို တွေ့ရင် ဝမ်းသာရှာမှာပါ”





ညိုနှင့် ပတ်သက်ပြီး ကိုဘုန်း အပေါ် ယုံယုံကြည်ကြည် ရင်ဖွင့်မိသွားသည်။

နွေးထွေး ပြေပြစ်သော လေယူလေသိမ်းနှင့် မေရု အပေါ် စကားပြောလေ့ရှိသော သူ့အပေါ် မေရု ခင်မင်နေပြီဖြစ်၏။

ဦးလေးကြီး ပြောပြတာကတော့ သူနှင့် မေရုသည် သက်တူရွယ်တူလောက်ရှိပြီး အင်မတန် ကြည့်ကောင်းသည့် လူငယ်တစ်ယောက်ပါတဲ့။

“မောင်ရင်လေးက သိပ်အလုပ်ရှုပ်ရှာတာ၊ တစ်ပတ်တစ်ခါတောင် မနည်းနားနေတာ”

သူများကိစ္စ စပ်စုလေ့ မရှိသော မေရုက သူ ဘာအလုပ်လုပ်လဲ မမေးမိပါ။

“ကိုဘုန်း ... ကိုဘုန်းရဲ့ နာမည်အပြည့်အစုံက ဘယ်သူလဲဟင်”

“ဘုန်းသြဇာလေ ... ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသြဇာတဲ့၊ အင်မတန် လှတဲ့ နာမည်လေးပဲ။

"နောက်တစ်ခု မေးဦးမယ်၊ ကိုဘုန်းက ချောလားဟင်"

မေရ မေးခွန်းအဆုံးမှာ သူက ဟက်ဟက်ပက်ပက် ရယ်မောပြီး ...

"အင်း ... ကျွန်တော် ပြောရင် ကြွားတယ်လို့ မေရက ထင်ဦးမယ်၊ ကောင်မလေး တော်တော်များများက ပြောကြတယ်၊ ဘုန်းသြဇာက သိပ်မိုက်တာပဲတဲ့၊ သိလား၊ ကိုယ့်ကိုယ်ကိုယ် မှန်ကြည့်တိုင်း ဘဝင်မြင့်ချင်စရာ ရုပ်လေးပေါ့"

"သွား ... အရူး"

မေရ အားရပါးရ ရယ်မောပြီးမှ သတိရသည်။ ကြည့်စမ်း ... မေရ ဒီလို မရယ်ဖြစ်တာ အတော်ကြာခဲ့ပြီပဲ။





"မမမှာတဲ့ စာအုပ်တွေ ဒီမှာ မမ"

ညိုမဝမ်းကွဲလေး လှမ်းပေးသည့် စာအုပ်တွေကို မေရ အသာစမ်းသပ်ကြည့်ရင်း ကျေနပ်သွားသည်။

မနက်ဖြန် စနေနေ့ ဆိုတော့ ကိုဘုန်း လာမည့်နေ့။ မေရမှာ စာအုပ်အသစ်တွေ မရှိလို့ မဖြစ်။

နူးညံ့ချိုသာစွာနှင့် စာအုပ်ဖတ်ပြလေ့ရှိသော ကိုဘုန်း အသံကို မေရ နှစ်ခြိုက်လွန်းလှသည်။

"လူတွေ အရမ်းများလား ဝေဝေ"

"များတာပေါ့ မမရဲ့၊ လူတွေကလည်းများ၊ ကားတွေက လည်းရှုပ်၊ စိတ်ညစ်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ဘာမှ မမြင်ရသည့်အတွက် မေရ စိတ်သက်သာရာ ရသွားသည်။ အိမ်မှာနေခဲ့လျှင် ဖြစ်ပေမဲ့လည်း အိပ်မပျော်မဲ့ အတူတူ ဆိုပြီး ဝေဝေနှင့် လိုက်ခဲ့မိသည်။

ကားထဲဝင်ထိုင်ပြီးသည်နှင့် ဝေဝေ စိတ်ပျက်လက်ပျက် ရေရွတ်လိုက်တာကို ကြားလိုက်ရသည်။

"ဟာ ... ဒုက္ခပါပဲ၊ ဘယ်က ကားလဲ လာပိတ်ရပ်ထားပြန်ပြီ၊ မမရယ် ... ဘယ်သူ့ကားလဲ မသိဘူး၊ လူလည်း မတွေ့ဘူး"

"ကားစောင့်တဲ့ ကောင်လေးကို မေးကြည့်လေ ဝေဝေ"

"ဟိတ် ... ဟိတ် ... ဟိုကောင်လေး လာဦး၊ ဒါ ... ဘယ်သူ့ကားလဲ"

"ဒီကားလား အစ်မ"

"အေး ..., ဟုတ်တယ်"

"ဒါ ... အဆိုတော် ဟန်ဘုန်းရှိန်ရဲ့ကား မမ"





သူ့နာမည် ကြားလိုက်သည်နှင့် မေရ စိတ်ထဲ ဘင်းခနဲ မာကျောသွားသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒီလူနဲ့မှ လာဆုံနေ၏။

"အမြန်ဖယ်ပေးလို့ ပြောလိုက်ပါ"

ဝေဝေ မပြောခင်ပင် မေရ တင်းမာစွာ ဝင်ပြောလိုက်သည်။

"ဒါကြောင့် ကားကြီးက ဒီလောက်ကောင်းတာကိုး၊ ကားကြီးက တော်တော်လှတယ် မမရဲ့"

အဆိုတော် ဟန်ဘုန်းရှိန် ဆိုသည်နှင့် ဝေဝေ့ သည် ချက်ချင်း ပြောင်းသွားသည်။

"အဲဒါ ညည်းနဲ့ ဘာဆိုင်လဲ၊ တိတ်တိတ်နေစမ်း"

ပန်းနုရောင်မျက်နှာနှင့် ခုန်ပေါက်နေမည့် ဝေဝေ့ မျက်နှာကို မြင်ယောင်ကြည့်ပြီး မေရ စိတ်ပျက်သွားသည်။

မိန်းမတွေ ... မိန်းမတွေ ... ဘာဖြစ်လို့များ ဒီ အဆိုတော်ကို တန်းတန်းစွဲ ဖြစ်နေရဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ကားစောင့်သည့် ကောင်လေး ပြန်ရောက်လာကာ ...

"ခဏလေး စောင့်ပေးပါတဲ့ အစ်မ၊ သူ ပရိုမိုးရှင်းလုပ်နေတာ မပြတ်သေးလို့ပါတဲ့"

"ဘာပြောတယ်၊ သူ ပရိုမိုးရှင်း လုပ်တာ ငါတို့က ထိုင်စောင့်နေရမှာလား"

မေရ ဒေါသသည် အမြင့်ဆုံးသို့ ရောက်ရှိသွားသည်၊ အဓိပ္ပာယ်မရှိ သူ ပရိုမိုးရှင်းလုပ်တာပဲ၊ အားအားယားယား ထိုင်စောင့်ရဦးမည်။

တစ်ဖက်လူမှာ အချိန်ရှိလား၊ မရှိလား ဒီအဆိုတော် ထည့်တွက်ပုံ မပေါ်။

"မမ ဟိုနားမှာ လူတွေအများကြီးပဲ၊ သူ့စီးရီးအသစ်ကို ပရိုမိုးရှင်း လုပ်နေတာ ဖြစ်မယ်၊ ညီမလေး တစ်ခွေလောက် သွားဝယ်လိုက်ဦးမယ်"

"နေစမ်း ဝေဝေ၊ သွားမဝယ်ရဘူး"





သူ့ကို အားပေးသည့် အဖြစ်အပျက်မျိုးကို မေရ ရှေ့မှာ လုံးဝအဖြစ်မခံနိုင်။

"မမကလည်း ကားပေါ်မှာ ထိုင်စောင့်လိုက် ပြီးတာပဲ၊ သူ လာတော့ သူနဲ့ မိတ်ဆက်ပြီးတော့ မိတ်ဆွေဖြစ် ... ဟိ ဟိ ..."

"တော်စမ်း ... စိတ်ကူးယဉ်မနေနဲ့၊ ကောင်လေး ... ဒီမှာ အစ်မပြောမယ်၊ အဆိုတော် ဟန်ဘုန်းရှိန်ကို သွားပြောလိုက်၊ အခုချက်ချင်း လာတွေ့ပေးပါလို့၊ လာမတွေ့ပေးရင် တိုက်ပစ်မယ် ပြောလိုက်"

"ဟုတ် ... ဟုတ်ကဲ့ အစ်မ"

"မမကတော့ မွှေဖမ်းပြီ"

ဝေဝေ တီးတိုးရေရွတ်ပေမဲ့ မေရကတော့ ကြားဖြစ်အောင် ကြားသည်။

"ကောင်းကောင်းနေစမ်း ဝေဝေ၊ လူလူချင်း အတူတူပဲ၊ ဘာမှ အထင်ကြီးစရာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေရ စိတ်ထင် တစ်ခဏသာ စောင့်လိုက်ရသည်။

"ဟော ... လာပြီ မမ၊ သူပါ ပါလာပြီ"

"ဟိုမှာ အစ်ကိုလေး၊ ဟိုအစ်မ ပြောတာ"

မေရ ဘေးနား ရပ်တန့်သွားသည့် ခြေသံတစ်စုံနှင့် အတူ ...

"ဘယ်သူလဲ၊ ကျွန်တော့်ကို တိုက်ပစ်မယ် ပြောတာ"

အသံက နည်းနည်းမှ ပျော့ပျောင်းမှု မရှိ။ မာန် အပြည့်နှင့် တင်းမာနေသည်။ ဘယ်လောက်ပဲမာမာ မေရကတော့ ဂရုမစိုက်ပါ။

"ကျွန်မ ပြောတာ"

သူက ဟက်ခနဲ တစ်ချက်ရယ်ပြီး ...

"မင်း လုပ်ရဲလို့လား"

တခြားလူကား ဆိုလျှင်တော့ မေရ မလုပ်ရဲ ဒါပေမဲ့ ဟန်ဘုန်းရှိန်ကား ဖြစ်နေတော့လည်း မေရ မလုပ်ရဲစရာ ဘာမှမရှိ။





ဖြစ်နိုင်လျှင် သူ့ကို ကားနှင့်တောင် အသေတိုက် ...ချင်သည်။

"ပြောစမ်းပါဦး၊ ဟန်ဘုန်းရှိန်ရဲ့ကားကို မင်း လုပ်ရဲလို့လား"

လုပသည့် စိန်ခေါ်မှုတစ်ခုပဲ။ ရှေ့ဖြစ်လာမည့် ...ကျိုးဆက်ကို မေရ ဘာမှ မစဉ်းစားတော့။

"ဘာမှ မလုပ်ရဲစရာ အကြောင်းမရှိဘူး"

"လုပ်ကြည့်လေ"

မေရက ကားမောင်းသည့်ဘက် အခြမ်းကို ပြောင်း ...င်ပြီး ...

"ဝေဝေ ... သူ့ကားနဲ့ မမကား ခြေလှမ်း ဘယ်နှလှမ်းစာ လောက် ဝေးလဲ"

"သုံးလှမ်းစာလောက် ဝေးတယ် မမ၊ မမ မလုပ်နဲ့နော်"

မေရ၏ ဒေါသနှင့် မာနသည် ဘာကိုမှ မမြင်နိုင် ... လီဗာကို ခပ်ကြမ်းကြမ်းနင်းပြီး ကားကို ဆောင့်ထွက်ပစ် ...သည်။



www.burmeseclassic.com

www.burmeseclassic.com



မေရ ဘာမှ မမြင်ရသော်လည်း ကိစ္စမရှိ။

အရှိန်တစ်ခုနှင့် ထိုပြီးနောက်မှာ သူမကား ရပ်တ

သွားပေလိမ့်မည်။

ပြင်းထန်သော အရာဝတ္ထုတစ်ခုနှင့် ထိတွေ့ပြီးနော

မေရ ကားဘရိတ်ကို နင်းချလိုက်သည်။

"ဟာ ... သွားပြီ"

ဝေဝေ အလန့်တကြား အော်ဟစ်လိုက်သံကို ကြ

ရ၏။

"ဝေဆေ ဘယ်လောက် လျော်ရမလဲ မေးလိုက်"

"ရပါတယ်၊ လျော်စရာ မလိုပါဘူး"

မေရ အံ့အားသင့်စွာ ငြိမ်သက်ဆဲ။

"ခင်ဗျား စိတ်ဓာတ်ကို စမ်းသပ်တယ်ပဲ သဘောထား

ပါ"

စမ်းသပ်တယ် ဆိုတော့လည်း စမ်းသပ်တယ်

ခုလောက်ဆို မေရ စိတ်ဓာတ်ကို သိလောက်ပြီ။





ကားတံခါး ခပ်ကြမ်းကြမ်း ပိတ်သံနှင့်အတူ

တစ်စီး မောင်းထွက်သွားသံကို ကြားလိုက်ရသည်။

"သူ သွားပြီ မမ"

"ဟုတ်လား၊ မမတို့လည်း သွားစို့"

"မမကား အရမ်းပိန်ချိုင့်သွားပြီ၊ ကားဝပ်ရှော့ပဲ တန်းမောင်း

သွားတော့မယ်"

မေရ ကျေနပ်အားရစွာ ရယ်မောမိသည်။ သေးငယ်

အောင်နိုင်ခြင်း ဖြစ်ပေမဲ့လည်း မေရ ကျေနပ်မိသည်။

❀ ✉ ❀



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းညြဏ ရောက်လာသည့် အချိန်မှာတော့ မေ

သည် မနေ့က အကြောင်းကို အားတက်သရော ပြန်ပြောရ

အတွက် အသင့်ဖြစ်နေပြီဖြစ်၏။

"မေရ အတွက် ကျွန်တော် စာအုပ်အသစ်တွေ ဝယ်လာ

ခဲ့တယ်၊ ဒီလ စာအုပ်သစ်တွေ အများကြီးထွက်တယ်

ကျွန်တော်တော့ အာညောင်းပါပြီ"

"မေရလည်း မနေ့က စာအုပ်အသစ်တွေ အများကြီး

ဝယ်လာသေးတယ်"

သူဝယ်လာသည့် စာအုပ်များနှင့် မေရ ဝယ်လာသည့်

စာအုပ်များ တော်တော်များများ တူနေသည့်အတွက် ရယ်ရသေး

သည်။





"မေရကို ကြည့်ရတာ တော်တော် ပျော်နေပုံပဲ၊ ဘာတွေ

ပျော်စရာ တွေ့ထားလဲ၊ ကျွန်တော့်ကို ပြောပြပါဦး"

"ဟုတ်တယ် ... ကျွန်မမှာ စိတ်ကျေနပ်စရာလေးတွေ

ရှိတယ်"

ဟန်ဘုန်းရှိန် အပေါ် အနည်းငယ် အောင်နိုင်ခဲ့တာ

ပဲ မေရ ကျေနပ်မဆုံး ဖြစ်နေမိသည်။

"ဘာကိစ္စလဲ၊ ကျွန်တော့်ကို ပြောပြဦးလေ"

"မနေ့ကလေ စာအုပ်သွားဝယ်ရင်းနဲ့ ဟန်ဘုန်းရှိန်ကားကို

ကျွန်မ ဝင်တိုက်ပစ်ခဲ့တယ် သိလား"

"ဟာ ... သတ္တိရှိလှချည်လား"

"ကျွန်မ သူ့ကို မုန်းတဲ့စိတ်က သတ္တိတွေ ဖြစ်စေတယ်

ထင်တယ်"

ဟန်ဘုန်းရှိန် အပေါ် မုန်းတီးသည့်စိတ်နှင့် ဆန့်

ကျင်စွာ ဘုန်းညြဏ အပေါ်မှာတော့ ခင်မင်တွယ်တာမိလေသည်။

"ဟန်ဘုန်းရှိန်က မေရကို ဘာမှပြန်မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကားနဲ့တိုက်လိုက်တော့ သူက ဘာပြန်ပြောတယ် မှတ်လဲ၊ လျော်စရာ မလိုပါဘူးတဲ့၊ ခင်ဗျားစိတ်ဓာတ်ကို စမ်းသပ်တယ်လို့ပဲ သဘောထားပါတဲ့"

"တော်တော်ထူးဆန်းတဲ့လူပဲ"

"ဟုတ်တယ်၊ သူ့ ထူးဆန်းတာတော့ ကျွန်မ လက်ခံတယ်၊ ကျွန်မကို ဘာအန္တရာယ်မှမပြုခဲ့တာ ကျွန်မလည်း အံ့အားသင့်တယ်"

ဟန်ဘုန်းရှိန် အပြုအမူတွေ ထူးခြားနေခဲ့တာ မေရ စဉ်းစားလို့မရ။ နောက်ဆုံး မေရ စဉ်းစားမိတာ အဆိုတော်ဆိုတော့လည်း ထူးခြားအောင်လုပ်မှ သူများ စိတ်ဝင်စားမှာပေါ့။

"ထားလိုက်ပါတော့၊ မေရ စိတ်ကျေနပ်တယ် ဆိုရင် ကျွန်တော် ဝမ်းသာပါတယ်"

"ဒါဆိုရင် ကိုဘုန်းက ကျွန်မဘက်ကပေါ့"

"ကျွန်တော် မေရဘက်က အမြဲရှိနေမှာပါ"

"ကျေးဇူးပါပဲ ကိုဘုန်းရယ်"





လုံခြုံနွေးထွေးသော ခံစားချက် တစ်ရပ်က ရင်ထဲ ဝင်လာသည်။ မေရ ဘေးနားမှာ ကိုဘုန်း ရှိနေရင် ဖမ်းဆုပ် [illegible]ာ ဒီခံစားချက်သာ ဖြစ်၏။

"မေရ သေသေချာချာ နားထောင်နော်၊ မြတ်ငြိမ်း စာအုပ် ကျွန်တော် အရင်ဖတ်ပြမယ်"

* ✉ *



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မှတ်မှတ်ရရပင်၊ နှင်းစက်တွေရော မြူတွေရော ထူပိန်းစွာ ကျနေခဲ့သည်တဲ့။

မေရု ဘာမှ မမြင်ရပေမဲ့ ခါတိုင်းနေ့ထက် အေးစက်စွာ ခံစားခဲ့ရသဖြင့် အနွေးထည် ခပ်ထူထူလေးဝတ်ပြီး ခြံထဲ ဆင်းလာမိသည်။

ကိုဘုန်း ရောက်မလာတာ နှစ်ပတ်ရှိနေပြီဆိုသော အသိစိတ်က မေရုကို ထိုင်းမှိုင်းစေသည်။

သူ အလုပ်တွေ အရမ်းရှုပ်နေပြီလား။

ဒီတစ်ပတ်လည်း သူ လာနိုင်ပါ့မလား။ ခုံတန်းလေးပေါ်မှာ မေရု စိတ်ပျက်အားငယ်စွာ ထိုင်မိလိုက်သည်။





"မေရု နိုးပြီလား"

"ကိုဘုန်း"

လှစ်ခနဲ ပေါ်လာသော ဝမ်းသာစိတ်က ဘယ်လိုမှ းကွယ်မရ။

နှစ်ပတ်ဆိုသည့် ကာလတိုလေးတစ်ခုမှာ မေရု သူ့ကို သတိရ တမ်းတနေခဲ့သည်။ လွမ်းဆွတ်နေခဲ့မိသည်။

"ကိုဘုန်း ဘယ်တွေ ပျောက်သွားနေတာလဲ၊ မေရုကို ဘာဖြစ်လို့ အကြာကြီး ပစ်ထားရတာလဲ"

မေရု သတိရစွာ ထိန်းချုပ်လိုက်သော်လည်း မမီ ဆော့။ ဘာဖြစ်လို့များ ဒီစကားတွေ သူ့ကို ပြောမိပါလိမ့်။

ခြောက်လဆိုသည့် အချိန်တိုလေးအတွင်းမှာ မေရု သူ့ကို ဒီလောက် မတွယ်တာသင့်။

"ကျွန်တော် အလုပ်တွေ ရှုပ်နေလို့ပါ မေရု၊ တောင်းပန် ပါတယ်"

"ဆောရီး ကိုဘုန်း၊ ကျွန်မ ဒီလိုမပြောသင့်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေရ ရှက်စွံ့မှုနှင့် ငြိမ်သက်သွားသည်။

"မေရဆီ မလာတာ ကျွန်တော် အလုပ်ရှုပ်နေတာလည်း ပါတယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် စမ်းသပ်ကြည့်တာလည်းပါတယ်"

"စမ်းသပ်ကြည့်တယ် ... ဟုတ်လား"

"ဟုတ်တယ်"

"ဘာစမ်းသပ်တာလဲ ကိုဘုန်း"

အခုတလော မေရ ဘာဖြစ်နေလဲ မသိ။ သူနှင့် ပတ်သက်ပြီး သိချင်စိတ်တွေ တိုးပွား၍ လာနေသည်။

"မေရ မရှိဘဲ၊ မေရနဲ့ မတွေ့ဘဲ နေနိုင်လားလို့ စမ်းသပ်နေတာ"

တဆတ်ဆတ်နှင့် အစုန်မြန်လာသည့် နှလုံးခုန်သံကို မေရ ကြားနေရသည်။ ဒါ မေရရဲ့ နှလုံးခုန်သံလား၊ မယုံနိုင်စရာပဲ။

"အောင်မြင်လား ကိုဘုန်း"





"ဟင့်အင်း ... ကျွန်တော် ရှုံးနိမ့်သွားတယ်"

ဒါ ... သူ ... ဘာကို ဝန်ခံတာလဲကွယ်။

"ကျွန်တော် ရှုံးသွားပြီ မေရ၊ မေရ မရှိဘဲ၊ မေရကို မတွေ့ရဘဲ ကျွန်တော် မနေနိုင်ပါဘူး"

မေရမှာ ဘာအမြင်အာရုံမှ ရှိမနေတာ တစ်ပန်းသာသွားသည်။

နို့မို့ဆို မေရ သူ့ကို ဘယ်လိုရင်ဆိုင်ရမလဲ။

"ကျွန်တော် မေရကို ချစ်တယ်"

"ကိုဘုန်း"

မေရရဲ့ ခပ်တိုးတိုး ရေရွတ်သံက သေးဝင်ပျောက်ကွယ်သွားသည်။

"မေရ ဘာမှ မပြောပါနဲ့ဦး၊ ကျွန်တော် ပြောတာကိုပဲ နားထောင်ပေးပါ၊ မေရကို ကျွန်တော် ချစ်တဲ့အတွက် မေရ ဘာတာဝန်မှ မရှိစေရပါဘူး၊ ပြီးတော့ အခုချက်ချင်းလည်း အဖြေပေးစရာ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသြဇာ ဆိုသည့် လူတစ်ယောက်က ကိုယ့်ရင်ဘတ်ကိုပဲ ကိုယ်ကြည့်တတ်သည့် လူတစ်ယောက်လား။ မေရှ ရင်ထဲမှာ ဘာတွေရှိလဲ၊ ဘာတွေ ဖြစ်ပျက်နေလဲဆိုတာ နားမလည်ပေးတော့ဘူးလား။

"မေရှ မျက်ဝန်းတွေ ပြန်မြင်တဲ့ တစ်နေ့ကျမှ ကျွန်တော့်ကို အဖြေပေးပါ"

"အကယ်၍ ကျွန်မ မျက်ဝန်းတွေ ပြန်မမြင်တော့ဘူးဆိုရင်ကော"

"မျက်ကြည်လွှာ အလှူရှင် စောင့်ဆိုင်းနေတဲ့ လူတစ်ယောက်အတွက် မျှော်လင့်ချက်တွေ အများကြီးရှိပါတယ် မေရှ၊ ကျွန်တော် စိတ်မလျှော့ပါဘူး"

သူ စိတ်မလျှော့ပေမဲ့ မေရှ စိတ်ပျက်လှပြီကွယ်။ မေရှ စောင့်ဆိုင်းနေခဲ့တာ သုံးနှစ်ရှိပြီ။

အမှောင်ကမ္ဘာထဲကနေ အလင်းရောင်ပေးမဲ့သူကို မေရှ မျှော်လင့်ရတာ မောလှပြီ။





"မေရှ စောင့်နေရတာ မောလှပြီ ကိုဘုန်း"

"စိတ်မပျက်ပါနဲ့ မေရှရယ်၊ မေရှအတွက် မျှော်လင့်ချက်ဆိုတာ ရှိပါသေးတယ်"

ထိုခဏလေးမှာပင် မေရှ သူ့ကို နက်နက်နဲနဲ ချစ်မိပြီဖြစ်ကြောင်း ဝမ်းနည်းစွာ သဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ... ဘယ်သူက ကျွန်မကို တွေ့ချင်တာ[illegible]

"ဟန်ဘုန်းရှိန်နဲ့ စေ့စပ်ထားတဲ့ အမျိုးသမီးတဲ့၊ ဟန်[illegible] ရှိန် ဆိုတာ ဘယ်သူလဲ သမီး"

မေရုနှင့် အတူနေသော ဒေါ်ကြီးသည် တော[illegible] အရိုးလွန်ကာ ဟန်ဘုန်းရှိန် ဆိုတာ ဘယ်သူမှန်းတောင် မသိ[illegible]

ချက်စရာရှိလျှင်ချက်၊ ပြီးသည်နှင့် ဘုရား[illegible] တရားထိုင် အလုပ်နှင့်သာ ပျော်မွေ့နေသော ဒေါ်ကြီးကို [illegible] ဘယ်လိုရှင်းပြရမှာလဲ။

"သူက ဘာကိစ္စရှိလို့လဲ ဒေါ်ကြီး"

ဟန်ဘုန်းရှိန် ဆိုသည့် နာမည်ကို ထပ်ကြားရ[illegible] တင် မေရု နားထဲ ခါးသီးနေပြီဖြစ်၏။



"ဒေါ်ကြီးလည်း မသိဘူး သမီး"

မေရု မပတ်သက်ချင်ပေမဲ့ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက် [illegible]သည်။

"သူ့ကို ခေါ်လိုက်ပါ ဒေါ်ကြီး"

မေရု စိတ်အထင်တော့ ဟိုတစ်ခါက ဟန်ဘုန်းရှိန် [illegible]ကို မေရုကားနှင့် တိုက်ပစ်ခဲ့သည့် ကိစ္စပဲ ဖြစ်၏။

ကြည့်ရတာ ဒီအဆိုတော် အခုမှ လျော်ကြေးတောင်း [illegible]တာ ဖြစ်မည်။ တောင်းတော့လည်း ဘာဖြစ်လဲ ပေးလိုက်ရုံပေါ့။

မေရု ဧည့်ခန်းမှာ ထိုင်စောင့်နေစဉ်ပင် ပေါ့ပါး [illegible]လက်သော မိနပ်သံတစ်စုံသည် ဧည့်ခန်းအတွင်းသို့ ဝင် [illegible]က်လာခဲ့သည်။

"တို့နာမည် ယမင်းခ ပါ"

"ထိုင်ပါ၊ ကျွန်မက မေရု ပါ"

"တို့က ဟန်ဘုန်းရှိန်နဲ့ စေ့စပ်ထားတဲ့ အမျိုးသမီးပါ၊ ရှင်းရှင်းပြောရရင်ကွာ တို့တွေ စေ့စပ်ခဲ့တာ တိုင်းသိ ပြည်သိပါ"


မေတ္တာ၁၀၁ပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မသိပါဘူးဟု ပြောရင်း မေရ ရယ်ပစ်လို
ရင် ကောင်းမလား။ မဟုတ်သေးပါဘူး၊ ဒီမိန်းမ ဘာတွေအကြ
လာပိုနေတာလဲ။

"အဲဒီတော့ ..."

"ရှင်းရှင်းပြောရရင် ဟန်ဘုန်းရှိန်မှာ ပိုင်ရှင်ရှိမှန်းသိအော
မင်းကို လာပြောပြတာပါ"

ဘာတွေ လာပြောနေတာလဲ။ မေရ စိတ်ပျက်
ပြီကွယ်။ ဘာမှမဆိုင်တဲ့ အကြောင်းအရာတစ်ခုက မေရဆီ
ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ။

"ဒီမှာ ယမင်းခ ... ရှင်ပြောတာတွေ တစ်ခုမှ ကျွန်မ န
မလည်ဘူး၊ ပြီးတော့ ဟန်ဘုန်းရှိန်နဲ့ ပတ်သက်ပြီးလည်း
ကျွန်မ ဘာမှ သိစရာ မလိုဘူး"

"နားမလည်ချင်ယောင် မဆောင်ပါနဲ့ မေရ၊ တို့ ဘာ
လိုချင်လဲ ဆိုတာ မင်း ရှင်းရှင်းလင်းလင်း သိပါတယ်"

လာပြန်ပြီ။ ကေန္တတော့ မေရဆီကို မှားပြီးရော
လာသော ညှော်သည်ဖြစ်ရမည်။





"ယမင်း ... ကျွန်မ ပြောပါရစေ၊ ရှင်ပြောတာတွေကို
ကျွန်မ တကယ့်ကို နားမလည်တာ၊ ယခင်းခ လူမှားနေ
ပြီ ထင်တယ်"

"ဘယ်လိုလုပ်ပြီး လူမှားနိုင်မှာလဲ၊ ကိုကိုနဲ့ ရှင် ပတ်သက်
နေတယ်ဆိုတာ တို့ သေချာစုံစမ်းပြီးသွားပြီ"

"မဟုတ်ဘူး၊ ရှင် လူမှားနေပြီ"

လူမှားပြီး ရောက်လာသော ညှော်သည်အကြောင်
အချိန်တွေ တော်တော်ကုန်ပြီ။

"တို့ကို မလိမ်ပါနဲ့၊ မင်းနဲ့ ကိုကိုနဲ့ နက်ခင်း တော်တော်
များများ ဒီခြံထဲမှာ တွေ့ ... ဆိုတာ ... သိပြီးသားပါ"

ဘုန်းသြဇာနဲ့ ကျော်ဖြတ်ခဲ့သည့် မနက်ခင်း နေ့ရက်
ကို သတိရသည်။

"ယမင်းခကို ကျွန်မ လူမှားနေပြီလို့ ပြောသားပဲ၊ အဲဒါ
ဟန်ဘုန်းရှိန် ... ဘူး၊ ဟန်ဘုန်းရှိန်နဲ့လည်း ဘယ်လိုမှ
ပတ်သက်စရာ အကြောင်းမရှိဘူး"

မေရ ခိုင်မာယုံကြည်စွာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း တုံးလှချည်လား မေရ၊ အဲဒါ ဟန်ဘုန်းရှိန်ပဲပေါ့"

"မဟုတ်ဘူး၊ သူက ဟန်ဘုန်းရှိန် မဟုတ်ဘူး၊ သူ့နာမည်က ဘုန်းသြဇာ"

ယမင်းခ၏ ခပ်တိုးတိုး ရယ်သံကြောင့် မေရ အတော်ကြီး စိတ်ကသိကအောင့် ဖြစ်သွားသည်။

မေရကို ဘာမှ ရယ်ပြီး လှောင်ပြောင်နေစရာ အကြောင်းမရှိ။

"ဘုန်းသြဇာ ဆိုတာ ဟန်ဘုန်းရှိန်ရဲ့ နာမည်အရင်းပဲ လေ၊ မင်း မသိဘူးလား"

"ရှင်"

မေရ တစ်ကိုယ်လုံးမှာရှိသည့် သွေးတွေ ပြောင်းပြန် များ စီးဆင်းကုန်သလား။

မေရ နားကြားမမှားနိုင်ပါ။

"ဘုန်းသြဇာနဲ့ ဟန်ဘုန်းရှိန် ဆိုတာ တူတူပဲပေါ့"

မနက်ခင်းလေးမှာ မေရနဲ့အတူတူ ရန်ခုန်စွာ ဖြတ် ကျော်ခဲ့သည့် ယောကျ်ား တစ်ယောက်က ဟန်ဘုန်းရှိန်တဲ့လား။





မေရ နှလုံးသားကို ညွတ်ခနဲ ယိုင်နဲ့လာအောင် ခမ်းစားနိုင်ခဲ့တာ သူပဲလား။

မဖြစ်နိုင်ပါ။ ဟန်ဘုန်းရှိန်က မာန်မာန အပြည့်နှင့် ဘင်းမာနေသည့် ယောကျ်ားတစ်ယောက်ပဲ။

ဘုန်းသြဇာက ဘာအဆိပ်မှမရှိသည့် ယောကျ်ားတစ် ယောက်။

အတူတူပဲ ဆိုတာ မေရ လက်မခံနိုင်ပါ။

"မဖြစ်နိုင်ပါဘူး၊ ကျွန်မ မယုံဘူး"

မေရ မုန်းတီးသည့် ယောကျ်ားတစ်ယောက်နှင့် အရ ချစ်မြတ်နိုးသည့် ယောကျ်ားတစ်ယောက်က တစ်ဦးတည်း ဆိုတာ မေရ ဘယ်လိုမှ ယုံကြည်၍ မရ။

"ကောင်းပြီလေ … မင်း မယုံဘူး မဟုတ်လား၊ အင်း … ဒီနေ့က သောကြာနေ့ဆိုတော့ ဒီနေ့ည ဟန်ဘုန်းရှိန် … မင်း ပြောတဲ့ ဘုန်းသြဇာ လာမှာပေါ့၊ မနက်ဖြန်မနက် မင်းနဲ့တွေ့မှာပါ၊ အဲဒီအခါကျရင် တို့လာပြီး သက်သေထူ ပြမယ်၊ ဒါဆို မင်း ယုံမလား"



www.burmeseclassic.com

www.burmeseclassic.com



မေရှ၏ ယုံကြည်ချက်တချို့ လွင့်ပြယ်သွားသည်။ ဒါ တကယ်ပဲလား ဘုန်းဩဇာက ဟန်ဘုန်းရှိန်ပဲလား။

မေရှ နာမည်ကို မှန်ကန်စွာခေါ်ပြီး ဟန်ဘုန်းရှိန် နှုတ်ဆက်ခဲ့တာကို သတိရသည်။ မေရှ ကားနှင့်တိုက်ပစ်ခဲ့သော်လည်း အလျော့မတောင်းခဲ့တာကို အမှတ်ရသည်။

ဒါဆိုရင် ဒီမိန်းမ ပြောသလို တစ်ယောက်တည်းပဲလား။

"မင်း ယုံကြည်အောင် မနက်ဖြန်မနက် တို့လာပြီး သက်သေထူပြမယ်၊ သေချာပြီ ဆိုရင်တော့ မင်း တို့ကိုကိုနဲ့ ဘယ်တော့မှ မပတ်သက်ရဘူးနော် ... သိလား"

ထိုခဏလေးမှာပင် မေရှသည် မရဲတရဲနှင့် မျှော်လင့်မိသည့် မျှော်လင့်ချက်ကို ဖမ်းဆုပ်မိနိုင်အောင် တိတ်တဆိတ်လေး ဆုတောင်းမိသည်။

✻ ✉ ✻






# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com







အေးစက်နေသော နံနက်ခင်းလေးထဲ သူ တိုးဝင်မိတော့ ပျော်ရွှင်သွားသည်။ ဒါမှ ဆောင်းပီသတဲ့ ဆောင်းပေါ့။

ညက အသံသွင်းရသဖြင့် ညဥ့်နက်ခဲ့သော်လည်း ဒီမနက်မှာတော့ သူ စိတ်ကြည်လင်စွာ နိုးထလာခဲ့ သည်။

တစ်ပတ် ... တစ်ပတ်ရဲ့ နောက်ဆုံးရက်လေးတွေ မျှော်လင့်ချက်ကြီးစွာ စောင့်မျှော်ခဲ့ရသည်။

အခုတော့ သူမကို တွေ့ခွင့်ရခဲ့ပြီ။

သူမ ရှိနေမည့် ခြံလေးကို ကူးဖြတ်ဖို့ ဟန်ပြင်နေစဉ်ပင် သူ့ခြံထဲသို့ ကားတစ်စီး ဝင်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့် အကျွမ်းဝင်နေသောကား ဖြစ်သဖြင့် သူ လှမ်းလက်စ ခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်သည်။

"မောနင်း ကိုကို၊ အစောကြီးထပြီး ဘယ်သွားမလို့လဲ"

"လမ်းလျှောက်မလို့"

ယမင်း၏ အပေါ် အားနာစိတ်ကြောင့် သူ့နှုတ်က အမှန်အတိုင်း မထွက်နိုင်ခဲ့။

"ဒါဆို ယမင်းလည်း လိုက်မယ် ကိုကို၊ တူတူလျှောက်ကြ တာပေါ့"

"ယမင်း ဘာလာလုပ်တာလဲ"

ယမင်း ရောက်လာသည့်အတွက် သူ အတော်ကြီး အနေရခက်သွားသည်။ မနက်ကိုးနာရီခွဲ ဆယ်နာရီတောင် မနည်း နိုးယူရသည့် ယမင်းက ဘာကိစ္စကြောင့် ဖွဲကောင်းနေရတာလဲ။

"ဩော် ... ကိုကိုရယ်၊ ကိုကို ရှိတဲ့နေရာကို ယမင်း မလာ ရဘူးလား၊ ကိုကိုက အိမ်မက်ထဲကနေ ယမင်းကို လှမ်း ခေါ်တယ်လေ၊ ဒါကြောင့် ယမင်း ရောက်လာရတာပေါ့"





သူ ဘာလုပ်ရမလဲ။ မေရှဆီ ဆက်သွားသင့်လား၊ မှမဟုတ် ယမင်းနဲ့အတူတူ လမ်းလျှောက်သင့်လား။

အခုလို အခြေအနေမျိုးမှာတော့ နှစ်ခုစလုံး မဖြစ်နိုင် ဆော့။

"လမ်းလျှောက်မယ်ဆို ကိုကို၊ သွားမယ်လေ"

"မသွားတော့ဘူး ယမင်း"

ယမင်းက သူ့ခြေလှမ်းတွေကို ရိုက်ချိုးပစ်ရသလို အားရကာ သူ့ရင်ထဲ တနုံ့နုံ့ ဖြစ်နေ၏။

"ဩော် ... ကိုကို့ကို ပြောရဦးမယ်၊ မနေ့က ယမင်း ဒီဘက်ရောက်တာနဲ့ ဟိုဘက်ခြံထဲကိုတောင် ဝင်ခဲ့သေး တယ်၊ သိလား"

"ဘာသွားလုပ်တာလဲ ယမင်း"

သူ လူခြေမပျက်အောင် ထိန်းပြီး မေးလိုက်သော် ည်း စိတ်လှုပ်ရှားနေမိသည်။ ယမင်းအနေနှင့် ဟိုဘက်ခြံကို ကိစ္စနဲ့မှ သွားစရာမလို။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းတွေ အများကြီးတွေ့လို့ ပန်းရောင်းမလားဆိုပြီး သွားမေးတာ"

သူ သက်ပြင်းတောင် ချလို့မဆုံးသေး …

"အဲဒီခြံထဲက မျက်မမြင် ကောင်မလေးနဲ့တောင် စကား အကြာကြီး ပြောဖြစ်ခဲ့သေးတယ်"

"ယမင်း"

ယမင်း ဆိုလာသော စကားတို့သည် ဒီလောက် မရိုးရှင်းနိုင်တော့။ ယမင်း ကွေ့ဝိုက်ပြောနေပေမဲ့ မရိုးရှင်းမှုကို သူ မြင်စပြုလာပြီ။

"အဲဒီ မျက်မမြင် ကောင်မလေး နာမည်က မေရုတဲ့ ကိုကို မြင်ရင် မြင်ဖူးမှာပေါ့၊ သူ့ကိုတောင် ပြောခဲ့သေး တယ်၊ ယမင်းရဲ့ကိုကို အဆိုတော် ဟန်ဘုန်းရှိန်လည်း ဒီဘက်ခြံမှာ စနေ၊ တနင်္ဂနွေ အပတ်တိုင်း ဒီမှာလာနေ တယ်လို့ ပြောခဲ့သေးတယ်၊ သူကလည်း အဆိုတော် ဟန် ဘုန်းရှိန် ဒီမှာနေမှန်း မသိရှာပါဘူး၊ အေးလေ … မျက်စိ မြင်တစ်ယောက် အနေနဲ့ ကိုကို့ကိုမှ မမြင်ရဘဲ၊ ဘယ်သိ





ရှာပါ့မလဲ၊ မမြင်တာပဲ ကောင်းပါတယ်၊ မြင်ရင် ကိုကို့ကို ခိုက်နေဦးမယ်"

"တော်စမ်း ယမင်း"

မေရုကို ထိတော့ သူ့ရင်ထဲ မချိ။

"ဘာဖြစ်လို့လဲ ကိုကို၊ ကိုကိုနဲ့ အဲဒီမိန်းမ ဘာမှပတ်သက်မှု မရှိပါဘူးနော်"

"ယမင်း"

သူ ဆက်မပြောစေလိုသော်လည်း ယမင်းက ဆက် ပြောပါသည်။

"အတော်ရယ်ရတယ် ကိုကိုရဲ့၊ နိုင်ငံကျော် အဆိုတော် တစ်ယောက် သူ့ခြံဘေးမှာနေနေတာ မသိရှာဘူးတဲ့၊ ဘယ်လောက်တုံးလဲနော်"

ယမင်း သွယ်ဝိုက်ပြီး ပြောနေပေမဲ့ သူ ရှောင်ထွက် မဖြစ်တော့။

"တော်တော့ ယမင်း၊ မင်း မေရုကို ဘာတွေသွားပြောခဲ့လဲ"

ယမင်းသည် ဘာမှမဖြစ်သလို လှစ်ခနဲပြုံးပြီး …



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောရမှာလဲ ကိုကိုရဲ့၊ ကိုကိုနဲ့ ယမင်း စေ့စပ်ထားတဲ့အကြောင်း၊ ယမင်းက ကိုကို့ရဲ့ဇနီးလောင်းဖြစ်ကြောင်း ပြောခဲ့တာပေါ့၊ ယမင်း ဒီလောက်တော့ ပြောခွင့်ရှိပါတယ် နော်"

သွားပြီ။ အခုချိန်ဆို မေရ တစ်ယောက် အဆိုး အပြည့်နှင့် သူ့ကို မုန်းတီးနေလောက်ပြီ။

သူ့ကို အဆိုတော် ဟန်ဘုန်းရှိန်းမှန်း သိလို့ကတော့ သူ ပျောက်ကွယ်ရပြီပေါ့"

"ကိုကိုနဲ့ ဒီမနက် လာလည်မယ်တောင် ပြောခဲ့သေးတယ် ကိုကိုအားရင် သွားလည်ရအောင်နော်"

အခုချိန်မှာတော့ သူ ဘာကိုမှ ဝန်မခံချင်သေး။ သူ လိုချင်သော အနာဂတ်သည် ခပ်ဝေးဝေးမှာ မှုန်ဝါးဝါး ဖြစ်နေသော သည်။

"ယမင်း … ကိုယ် ညက ညဉ့်နက်တဲ့အထိ အသံသွင်း ထားရတယ်၊ အခု ခေါင်းကိုက်နေပြီ၊ ပြန်အိပ်တော့မယ် ယမင်းလည်း ပြန်တော့"





"သြော် … တို့ကိုကိုကလည်း နလိုက်တာနော်၊ ကိုကို ပြန် အိပ်ချင်တယ် ဆိုရင်လည်း ယမင်း မနှောင့်ယှက်တော့ပါ ဘူး၊ ပြန်ပါတော့မယ်၊ ကိုကိုကြိုက်တဲ့ မြီးရှည် ဝယ်လာ သေးတယ်၊ အိမ်ထဲမှာ ထားခဲ့လိုက်မယ်"

ယမင်းက အိမ်ထဲဝင်ပြီး မြီးရှည်ဝင်ထားကာ၊ ပြန် ဒိုဟန်ပြင်နေသည်။

ယမင်း အခုချိန်ထိ အမူအရာ တစ်စက်မှ မပျက် သည့်အတွက် သူ အံ့သြနေမိသည်။

မိန်းမတွေက ဟန်ဆောင်ခြင်း အတတ်ပညာကို အလိုလိုပဲ တတ်ကျွမ်းကြသလား။

"ဒါနဲ့ ကိုကို … မေရကိုတွေ့ရင် ယမင်းခက နှုတ်ဆက် တဲ့အကြောင်း ပြောပေးပါနော်"

သူ သိလိုက်ပြီ။

သူ ပျော်ရွှင်စွာ ပိုင်ဆိုင်ခဲ့သည့် မနက်ခင်းလေးတွေ အားလုံး တစ်စစီ ပျောက်ကွယ်ခဲ့ပြီ။

❀ ၁ ❀



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ပျောက်ဆုံးခဲ့ပြီ။

သူ တမ်းမက်ခဲ့သော အိပ်မက်တွေ ဝေးလွင့်ခဲ့လေပြီ။

အေးစက်သော မျက်နှာလေးတစ်ခုသည် သူ့ကို ပကတိငြိမ်သက်စွာ ကြို့ဆိုနေ၏။

သူက လက်ထဲမှာကိုင်လာသည့် မြတ်ငြိမ်း စာအုပ်လေးကို ခပ်တင်းတင်း ဆုပ်ကိုင်မိသည်။

ဒီစာအုပ်လေးတောင် သူမကို အပြီးသတ် မဖတ်ပြရသေး။





မေရှသည် စန္ဒရားခုံမှာ ဝင်ထိုင်နေသော်လည်း စန္ဒရား မတီး။ စန္ဒရား ခလုတ်လေးတွေကိုလည်း လက်နှင့်ထိတွေ့စမ်းသပ်ခြင်း မပြု။

"မေရှ"

သူ ခပ်တိုးတိုး လှမ်းခေါ်လိုက်မိသည်။

စန္ဒရားခလုတ်ကို ဖိချလိုက်သော အသံသည် ခပ်ကြမ်းကြမ်း ပေါ်ထွက်လာ၏။

"ရှင် လာပြီပေါ့၊ နိုင်ငံကျော် အဆိုတော် ဟန်ဘုန်းရှိန် ရောက်လာပြီပေါ့"

သူမ သိနေခဲ့ပြီပေါ့။

"ကျွန်တော် တောင်းပန်ပါတယ် မေရှ"

စန္ဒရားဘက်ကို မျက်နှာမူထားသော မေရှက သူ့ဘက် မျက်နှာလှည့်လာ၏။

"တောင်းပန်စရာ မလိုပါဘူး၊ ကျွန်မမှ မျက်လုံးမမြင်ဘဲ၊ သူများညာတာ ခံရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ အဲဒီ သဘောမျိုး မဟုတ်ပါဘူး"

"ဘယ်လောက်ပဲ စကားလုံးလှအောင်ပြောပြော အဓိပ္ပာယ်က အတူတူပဲလေ"

မေရ အရှေ့မှာဆို သူ ဘာအဆိုတော်မှ မဖြစ်ချင်… ဂုဏ်သိက္ခာတွေ၊ ကျော်ကြားမှုတွေ၊ ဘာမှမလိုအပ်။

"မေရ အတွက်ဆို ကျွန်တော်က အမြဲတမ်း ဘုန်းသြဇာ ပါပဲ"

"ဘုန်းသြဇာ... ဟုတ်လား၊ ဘုန်းသြဇာ ဆိုတာ ဟန်ဘုန်းရှိန်နဲ့ အတူတူပဲလား"

"ဒါပေမဲ့ မေရ အတွက်ဆိုရင် ကျွန်တော် ဘုန်းသြဇာ ဖြစ်ချင်ပါတယ်"

ဆက်ပြောလိုက်သော သူ့အသံသည် ပိုပြီးသေး… သွား၏။ တကယ်ပဲ သူ အင်အားမဲ့နေပြီလား။

"ရှင်က ဟန်ဘုန်းရှိန် ဖြစ်နေတဲ့အတွက် ပန်းခြံ… ကျွန်မကို လာနှုတ်ဆက်ခဲ့တာပေါ့၊ ကျွန်မကားနဲ့ တိုက်… တာကို ရှင် ငြိမ်ခံခဲ့တာပေါ့၊ ဟုတ်လား"





"ဟုတ်ပါတယ်"

တဖြည်းဖြည်းနှင့် သူမ ဒေါသတွေ ပိုပြီး ပြင်းထန်…မှာ ပေါက်ကွဲလာ၏။

"ဟန်ဘုန်းရှိန်ပဲဖြစ်ဖြစ်၊ ဘုန်းသြဇာပဲဖြစ်ဖြစ် ကျွန်မကို လှည့်စားခဲ့တာပါပဲ၊ ဟုတ်တယ် မဟုတ်လား"

မေရဆီမှာ သူ နူးညံ့စွာ ကျဆုံးခဲ့တာ၊ သူ အသိ…း ဖြစ်၏။

သူ့မှာ ဘာပရိယာယ်မှ မပါ၊ ဘာဟန်ဆောင်မှုမှ …ခဲ့။

"မဟုတ်ဘူး မေရ၊ ကျွန်တော် မေရကို တကယ်ချစ်ခဲ့တာပါ၊ မြတ်နိုးစွာနဲ့ ချစ်ခဲ့တာပါ"

"ဒါပေမဲ့ ရှင့်မှာ ယမင်းခ ရှိနေပြီလေ"

သူ မေ့ပစ်ချင်ခဲ့သော အရာတစ်ခုကို တုန်လှုပ်စွာ …ထားမိသွားသည်။ ဟုတ်သားပဲ၊ သူ့မှာ ယမင်းခ ရှိနေခဲ့ …ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ယမင်းခကို သူ မချစ်ခဲ့ဘူးဆိုတာ သေချာ
လှ၏။

"ကျွန်တော် ချစ်ခဲ့တာ မေရပါ"

"ကျွန်မ ရှင့်ကို မုန်းတယ်ဆိုတာ ရှင်သိပါတယ်နော်
ဟန်ဘုန်းရှိန်"

သူ့ကို တစ်ဖက်သတ် မုန်းတီးနေသည့် မေ
အမုန်းတွေက လုံးဝအဓိပ္ပာယ်မရှိ။

"ဒါကြောင့်လည်း မေရ ပြန်မြင်လာတဲ့အထိ စောင့်မယ်
လို့ ကျွန်တော် ပြောခဲ့တာပါ"

မေရ အချစ်ကို သူ လိမ်ညာပြီး မယူချင်။

"အခုတော့ ရှင် ကျွန်မကို တစ်သက်လုံးလည်း စောင့်
မလိုတော့ပါဘူး"

ခပ်တင်းတင်း စေ့လိုက်သော နှုတ်ခမ်းအစုံသည်
မာနတို့ဖြင့် စွန်းပေနေသည်ကို သူ စိတ်မကောင်းစွာ တွေ့
ရသည်။





"ပြီးသွားပါပြီ၊ အားလုံး ပြီးသွားပါပြီ"

သူမ၏ ခပ်တိုးတိုး ရေရွတ်လိုက်သံသည်။ သူ့နှလုံး
သားကို နာကျင်စေ၏။

ဒီလိုနဲ့ပဲ ပြီးသွားရမှာလား။

မဟုတ်သေးပါဘူး။ သူ့နှလုံးသားက လက်မခံနိုင်
သေးပါဘူး။

"မေရ"

ခုံတန်းလေးတစ်ခုပေါ် ထိုင်နေသော သူမရှေ့မှာ
ဒူးထောက်ပြီး ထိုင်ချလိုက်သည်။

"မေရ ... မေရ ရှေ့မှာ ကျွန်တော် ဒူးထောက်ပြီး ထိုင်
နေတယ်၊ မေရရှေ့မှာ မေရ မုန်းတဲ့ အဆိုတော် ဟန်ဘုန်း
ရှိန် ဒူးထောက်ပြီး ထိုင်နေတယ်၊ ကျွန်တော့်မှာရှိတဲ့
သိက္ခာတွေ မာနတွေ အားလုံးကို ခဝါချပြီး ပြောပါရစေ၊
မေရကို တကယ်ချစ်တယ်ဆိုတာ ယုံပေးပါ"

"ယုံကြည်မှုတွေ ... ဟုတ်လား၊ ကျွန်မ မုန်းတဲ့ ယောကျ်ား
တစ်ယောက်ကို ကျွန်မ ဘယ်လိုလုပ်ပြီး ယုံကြည်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေရ မျက်ဝန်းများသည် တုကယ်ပဲ ယုံကြည်မှု ကင်းမဲ့စွာ ရီဝေဝေ ဖြစ်နေကြသည်။

"ကျွန်တော့်ကို ယုံပါ မေရ"

"အို ... ကျွန်မ ဘာမှ မကြားချင်ဘူး၊ ကျွန်မ သိတာ အဆိုတော် ဟန်ဘုန်းရှိန်ကို မုန်းတယ်၊ ဒါပဲ"

မေရ ရင်ထဲမှ နာကြည်းခြင်းကို လွယ်လင့်တကူ မဆွဲဖယ်နိုင်ဘူး ဆိုတာ သူ သိလိုက်ပြီ။

"ကျွန်တော် အခု ဘာမှမပြောနိုင်သေးဘူး မေရ၊ မေရကို ကျေနပ်လောက်တဲ့ အဖြေတစ်ခု ပေးနိုင်အောင် ကျွန်တော် ကြိုးစားပါမယ်၊ ပြီးတော့ အဲဒီအဖြေနဲ့အတူ ကျွန်တော် ပြန်လာခဲ့မယ်"

❀ ✉ ❀





ညှိမှောင်နေသည့် အဖေ့မျက်နှာကို ကြည့်လိုက်သည် ... သူ သိလိုက်ပြီ။ ပြဿနာသည် မပင့်ဖိတ်ရဘဲနှင့် ရောက်ရှိ ... ပြီ။

သူ့ စိတ်ညစ်ညစ်နှင့် မော်ဘီခြံမှာ တစ်ပတ်လောက် ... အောင်းနေခဲ့သည်။

လုပ်လက်စ အလုပ်အားလုံးကို ဘာမှဆက်မလုပ် ... သားခဲ့မိသည်။ ဖုန်းကိုပိတ်ပြီး ဘယ်သူနဲ့မှ အတွေ့မခံခဲ့။

သူ့နှလုံးသား ထိခိုက်နာကျင်နေတာလောက် ဘာမှ ... ကြီးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်လာပြီလား"

"ဟုတ်ကဲ့"

အခုတော့ နွမ်းလျခွေယိုင်စွာ သူ ပြန်ရှောက်ခဲ့ပြီ။

"ပရိဂျူဆာတွေကလည်း ဖုန်းတဂွမ်ဂွမ်နဲ့ဆက်၊ အသံသွင်းတဲ့ဆီကလည်း ဖုန်းတွေဆက်၊ မင်း ဘာလုပ်နေတာလဲ ဟန်ဘုန်းရှိန်၊ မင်းကိုယ်မင်း နာမည်ကြီးဆိုပြီး ဘဝင်မြင့်နေတာလား"

"မဟုတ်ပါဘူး အဖေ"

ခါတိုင်း သူ့ဘက်က ဝင်ပြောပေးလေ့ရှိသော အမေ ကိုယ်တိုင်က မျက်နှာညိုညိုနှင့် ထိုင်နေသဖြင့် သူ့အတွက် အခြေ အနေ မကောင်းနိုင်တော့။

"မိဘ ဖုန်းဆက်တာတောင် ပြန်မဆက်နိုင်ရအောင် မင်း ဘာတွေလုပ်နေတာပဲ၊ ဘာလဲ... မင်းကို ငါတို့က မော်ဒ ခြံထိုဂိုက်ပြီး ပင့်ခေါ်ရမှာလား၊ မင်းက အဲဒီလောက်တော ကြီးကျယ်မြင့်မြတ်နေလား၊ ပြောစမ်း"





"ကျွန်တော့်ကိစ္စတွေ အားလုံးကို ဒီနေ့ပဲ ရှင်းလိုက်ပါ့မယ် အဖေ၊ ကျွန်တော် အနားယူပါရစေတော့"

သူ တကယ်ပဲ မောပန်းလှပြီ။ အိပ်မပျော်သည့်ရက် တော်တော်များများကို သူ ဖြတ်ကျော်ခဲ့ပြီးပြီ။ သူ ပင်ပန်းလှပြီ။

"အောင်မယ် ... မင်း လုပ်ချင်တာ လုပ်ပြီးတော့များ အနားယူချင်သေးတယ်၊ မင်း ပင်ပန်းနေလို့လား"

"ဟုတ်တယ် အဖေ၊ ကျွန်တော် ပင်ပန်းနေပြီ"

သူ့နှလုံးသားတစ်ခုလုံး ကြေကွဲစုတ်ပြတ်နေတာ အဖေ ဘယ်မြင်နိုင်ပါ့မလဲ။

"မင်း ပင်ပန်းရင် လဲသေလိုက်၊ ငါပြောတာ ရှင်း ၂ယ် နော်၊ မင်း ပင်ပန်းနေရင် လဲသေလိုက်၊ အနားယူဖို့ မစဉ်း စားနဲ့"

သွားပြီ။ အဖေ့ရဲ့ဒေါသ အမြင့်ဆုံးကို ရောက်ရှိ နေပြီ။

သူ ဘယ်လိုမှ ရှောင်ထွက်၍ မရတော့။



www.burmeseclassic.com

www.burmeseclassic.com



"ယမင်း အိမ်ကိုလာပြီး မင်း အကြောင်းတွေ ပြောပြီးသွားပြီ။ မင်း ဘာလုပ်နေလဲဆိုတာ မင်း ကိုယ်တိုင်ရော သိရဲ့လား၊ မင်း ရူးနေပြီလား ဟန်ဘုန်းရှိန်"

ယမင်း လာပြီးသွားပြီ ဆိုမှတော့ သူ ဘာမှငြင်း၍ ရမည်မထင်တော့။

ယမင်း ... ယမင်း ... မင်း တော်တော်လေး ခြေလှမ်းသွက်နေပါလား။

"ပြောစမ်း ... မင်း ဘာတွေလုပ်နေတာလဲ"

ဘာတွေ လုပ်နေလဲ ဆိုတာထက် ဘာတွေ ဖြစ်နေလဲဆိုတာ သူ ကိုယ်တိုင်တောင် မရေမရာ။

"ကျွန်တော် ... ကျွန်တော် ..."

သူ့မှာ ဆက်ပြောစရာ စကားမရှိပါ။

"မင်း မပြောနိုင်တော့ဘူး မဟုတ်လား၊ မင်း မပြောနိုင်ရင် ငါ ပြောမယ်၊ မင်း လုပ်ပုံက ယမင်း မျက်နှာနဲ့ ယမင်းမိဘတွေရဲ့ မျက်နှာကို ငါ ဘယ်လိုကြည့်ရမှာလဲ ပြောစမ်း"

သူ တစ်ခုခုကို စဉ်းစားနေပါပြီဖြစ်ကြောင်း ပြောပြလျှင် အဖေ သူ့ကို ထသတ်မလား မသိ။





ထိုတစ်ခုခုကို အခုလို အခြေအနေမျိုးမှာ သူပြော၍ မဖြစ်သေး။

"မင်း အပျော်ရှုပ်တာ အရေးမကြီးဘူး၊ မင်း နာမည်ကျမယ် သိလား၊ မင်းက အနုပညာသည်၊ မင်းနာမည်မြောင်းထဲ ထိုးကျသွားမယ်၊ နားလည်လား"

"ကျွန်တော် အပျော်ရှုပ်တာ မဟုတ်ဘူး အဖေ"

ဒီစကားလုံးကို သူ လက်မခံနိုင်ပါ။ သူ့ဘဝမှာ အပျော်ဇာတ်လမ်း တစ်ပုဒ်မှ မရှိခဲ့။

"အပျော်ရှုပ်တာ မဟုတ်ဘူးဆိုတော့ မင်းက အတည်ကြံတာပေါ့ ဟုတ်လား၊ မင်း ရူးနေပြီလား ဟန်ဘုန်းရှိန်၊ မင်း ရူးနေပြီ"

သူ တကယ်ရူးသွားခဲ့လျှင်လည်း အကောင်း ...း။

"ကောင်မလေးက မျက်မမြင်ဆို"

"ခဏမမြင်တာပါ အဖေ၊ မျက်ကြည်လွှာ အလှူရှင် ပေါ်လာတာနဲ့ ပြန်မြင်လာမှာပါ"

"အတူတူပဲပေါ့"

မေရှ မျက်ဝန်းတွေ တစ်နေ့ ပြန်မြင်လိမ့်မည်ဆိုတာ သူ ခိုင်မာစွာ ယုံကြည်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက မျက်မမြင် မိန်းကလေးတစ်ယောက်ကို တွဲပြီး အတူတူ လျှောက်ရဲတယ်ပေါ့၊ ဟုတ်လား"

"ကျွန်တော် အဲဒီလောက် သတ္တိရှိရင် ကောင်းမယ် အဖေ"

သူ့စကားဆုံးသည်နှင့် အဖေက သူ့ကို လက်သီးနှင့် ပစ်ထိုးပစ်လိုက်သည်။ ရုတ်တရက် ဖြစ်သည့်အပြင် ပြင်းထန်လွန်းတာကြောင့် သူ မရှောင်နိုင်ခဲ့။

သူ နောက်ပြန်လဲကျသွားသည့်အထိ အဖေ့လက်သီး ပြင်းထန်ခဲ့ပါသည်။

နှုတ်ခမ်းထောင့်မှ ယိုဆင်းလာသော သွေးစတွေကို သူ ဖယ်ရှားရင်း အဖေ့ကို ပြန်အော်မိသွားသည်။

"ကျွန်တော့်မှာ ရွေးချယ်ခွင့် မရှိတော့ဘူးလား အဖေ၊ ကျွန်တော့်ကို စိတ်ကြိုက်ရွေးချယ်ခွင့် ပေးပါ"

"ရှင်ကလည်း ... ကလေးကို ပါးစပ်နဲ့ ပြောပါ၊ လက်မပါနဲ့"

သူ့ကို ထွေးပွေ့လိုက်သော အမေ့ ရင်ခွင်ထဲမှာ ခေါင်းကို ဝှက်ထားမိတော့ မျက်ရည်တချို့ စီးကျလာသည်။

မေရ ... ငါ ကြေကွဲစွာ ငိုနေရပြီ၊ မင်း ကျေနပ်ပါတော့။





"မင်းမှာ ဘာမှ ရွေးချယ်ခွင့် မရှိတော့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မင်း နာမည်တစ်လုံးနဲ့ နေရမဲ့ အနုပညာသည် ဖြစ်နေလို့ပဲ၊ နားလည်လား"

သူ့နားထဲ တိုးဝင်လာသည့် စကားလုံးတွေက အဆိပ်အပြည့်နှင့် ထက်မြက်စူးရှလွန်းနေသည်။

တကယ်ပဲ ... တကယ်ပဲ ... သူ့မှာ ရွေးချယ်ခွင့် မရှိတော့ပြီလား။

❋ ✉ ❋



www.burmeseclassic.com

www.burmeseclassic.com



သူမ ရှိနေသည့် ခြံလေးဆီ ဆိုက်ရောက်မိသည့်

အချိန်မှာတော့ သူ့မှာ သတ္တိအပြည့်အဝ ရှိအောင်းနေပြီဖြစ်၏။

သူက ထိုသတ္တိနှင့်ပင် ခက်ခဲလွန်းသော ဆုံးဖြတ်

ချက်တချို့ ချခဲ့ရသည်။

"မောင်ရင်လေး ... ဒီနေ့က အင်္ဂါနေ့ကြီးလေ၊ ဘာလာ

လုပ်လဲ၊ အလုပ်မရှိဘူးလား"

"ကျွန်တော် ကိစ္စရှိလို့ပါ ဦးလေးကြီး"

"ဒါဆိုရင် ထမင်းစားမလား၊ ဦးလေးကြီး ပြင်ထားလိုက်

မယ်"





"မပြင်နဲ့တော့ ဦးလေးကြီး၊ ကျွန်တော် ခဏနေ ပြန်တော့

မှာ"

"အေး ... အေး ... ပြီးရော"

ဦးလေးကြီး လှည့်ထွက်သွားသည်နှင့် သူမ၏ ခြံ

တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်သည်။

လွင့်ပျံလာသည့် စန္ဒရားသံကြောင့် သူ့ခြေလှမ်းတွေ

တုံ့ခနဲ နှေးကွေးသွားသည်။

သူမ စန္ဒရားတီးနေသည်ပဲ။ ပြင်းထန်စူးရှစွာ ပေါက်

ကွဲထွက်လာသည့် စန္ဒရားသံက ခါတိုင်း တီးနေကျ သူမ၏မူလ

သက်ရာနှင့် ကွဲပြားနေသည်။

ဒါ မကျေနပ်ချက်တွေကို ဖော်ပြသည့် လက်ရာ

တစ်ခုလား။

အိမ်ပေါက်ဝမှာ ခြေလှမ်းရပ်လိုက်သည်နှင့် မေရှ၏

စန္ဒရားသံက ဟိတ်ဆိတ်ငြိမ်သက်သွားသည်။

"ရှင် လာပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေရ"

"ကျွန်မ ရှင်နဲ့ မတွေ့ချင်တော့ဘူး"

"ကျွန်တော် ပြောတာကို နားထောင်ပေးပါဦး မေရ၊ ကျွန်တော့်မှာ မေရ ကျေနပ်လောက်တဲ့ ဆုံးဖြတ်ချက်တွေ ပါပါတယ်"

မေရ အတွက် ရည်ရွယ်ပြီး စဉ်းစားခဲ့သော ဆုံးဖြတ်ချက်များကို မေရ ကျေနပ်နိုင်ပါမလား။

"ရှင့်ရဲ့ ဆုံးဖြတ်ချက်တွေကို ကျွန်မ ကျေနပ်လိမ့်မယ်လို့ သေချာပေါက် ပြောနိုင်လို့လား"

မေရက သူ့ကို မုန်းတီးနေခဲ့သည်ပဲ၊ သေချာပါ မလား။

မသေချာလည်း သူ စွန့်စားကြည့်ရမည်။

"မေရ နားထောင်ကြည့်ပါ၊ ဒါတွေ အားလုံး ကျွန်တော် ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရတာပါ၊ မေရ တစ်ယောက်တည်း အတွက်ပါပဲ၊ မင်းတစ်ယောက်တည်းအတွက် ရည်ရွယ်ပြီး ဆုံးဖြတ်ခဲ့တာပါ"





"ပြောကြည့်ပါဦး"

သူ လှစ်ခနဲ ဝမ်းသာသွားသည်။ မေရက ဒီလောက် အခွင့်အရေးပေးလျှင်ပဲ သူ ဝမ်းသာလှပြီ။

"ပထမဦးဆုံးအနေနဲ့ ကျွန်တော် ယမင်းခနဲ့ စေ့စပ်ထားတာကို ဖျက်သိမ်းပစ်မယ်"

မေရ အပြုံးက တွန့်ခနဲ ကွေးတက်လာသည်။ မဖြစ်နိုင်ပါဘူး ဆိုသည့်သဘော။

သူ အနည်းငယ် ခံရခက်စွာ။

"အဲဒီလို မပြုံးနဲ့ မေရ၊ မေရ အပြုံးကို ကျွန်တော် နားလည်တယ်၊ ကျွန်တော် ယောက်ျားပါ မေရ၊ ကျွန်တော့်ကို အချိန်နည်းနည်းပဲ ပေးပါ"

"ရှင့်ရဲ့ တစ်ဖက်သတ် အတွေးတွေက စိတ်ကူးယဉ် မဆန်လွန်းဘူးလား"

"လက်တွေ့ဆိုတာ စိတ်ကူးကနေတစ်ဆင့် ဖြစ်ပေါ်လာတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ယမင်းခနှင့် စေ့စပ်ထားတာကို ဖျက်သိမ်းဖို့ဆိုတာ သူ့အတွက် လုံးဝမလွယ်ကူလှ။

နှစ်ဖက်မိဘကြားမှာ ရှိခဲ့သည့် ခင်မင်ရင်းနှီးမှုတွေ သူနှင့် ယမင်းကြားမှာ ရှိခဲ့သည့် သံယောဇဉ်တွေအားလုံး ဖျက်ဆီးပစ်ရမည်။

"ကျွန်မက အဲဒီလောက် ထိုက်တန်လို့လား"

"မေရက ကျွန်တော့်အတွက် တန်ဖိုးအရှိဆုံး အရာပါ"

မျက်မမြင် ကောင်မလေး တစ်ယောက်ကို အရာရ အဆုံးခံပြီး စွဲလမ်းချစ်ခင်လာလိမ့်မည်ဟု သူ အိပ်မက်တောင် မမက်ဖူးခဲ့။

"နောက်တစ်ခု ပြောချင်တာက မေရက အဆိုတော် ဟန် ဘုန်းရှိန်ကို မုန်းတယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ သူ့ကို မုန်းတယ်"

"ကျွန်တော် အခု အဆိုတော် ဟန်ဘုန်းရှိန်ပဲ၊ မေ အရှေ့မှာ အဆိုတော် ဟန်ဘုန်းရှိန် ရှိနေတယ်၊ မေ





တောင်းဆိုချင်တာ တောင်းဆိုပါ၊ ကျွန်တော် အကုန်လိုက်လျောပါ့မယ်"

"ရှင် တကယ်ပြောတာလား"

"ကျွန်တော် တကယ်ပြောတာပါ"

မေရ ဖြစ်စေချင်သည့် ဆန္ဒမှန်သမျှ အကုန်လိုက်လျောမည်ဟု သူ ဆုံးဖြတ်ပြီးပြီဖြစ်၏။

"ကောင်းပြီလေ၊ ဒါဆိုရင် ကျွန်မ ပြောမယ်"

"ရှင် ဟန်ဘုန်းရှိန် ဘဝကို စွန့်လွှတ်နိုင်မလား"

"ခင်ဗျာ"

"ကျွန်မ ပြောချင်တာက ရှင်းရှင်းလေးပါ၊ ရှင့်ရဲ့ အဆိုတော်ဘဝကို အပြီးအပိုင် စွန့်လွှတ်နိုင်လားလို့ မေးတာပါ"

သူ လုံးဝမမျှော်လင့်ထားသည့် တောင်းဆိုချက်ဖြစ်သည်။ ဒီ အဆိုတော်ဘဝက သူ့ရဲ့ဘဝဆိုတာ မေရ သိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သာ အဆိုတော် ဟန်ဘုန်းရှိန် ဘဝကို ရပ်သိမ်း လိုက်ရင် ကျွန်မ အားလုံးကို မေ့ပစ်ပြီး ရှင့်ကိုခွင့်လွှတ် လိုက်မယ်"

အင်မတန် ရက်စက်သည့် တောင်းဆိုချက် ဖြစ် သည်။

"မေရ ... ကျွန်တော် အမှန်အတိုင်း ပြောရရင် အဆိုတော် ဘဝကို ကျွန်တော် နှစ်သက်တယ်၊ မြတ်နိုးတယ်၊ ဒါကြောင့် မို့လို့လည်း မရေရာပေမဲ့ အဆိုတော်ဘဝကို ကျွန်တော် ရွေးချယ်ခဲ့တာ၊ ကျွန်တော် ငယ်ငယ်ကတည်းက သီချင်း တွေကို ဆိုချင်နေခဲ့တာ၊ သီချင်းတွေက ကျွန်တော့်အိပ်မက် ပဲ"

အမှန်တကယ်လည်း အဆိုတော်ဘဝက သူ့ဘဝ၏ အခမ်းနားဆုံး အိပ်မက်ဖြစ်ခဲ့သည်။

"ကျွန်တော့်အဖေက ကျွန်တော့်ကို ဆရာဝန်တစ်ယောက် ဖြစ်စေချင်ခဲ့တယ်၊ ကျွန်တော်ကတော့ အဆိုတော်ပဲ ဖြစ်





ချင်ခဲ့တယ်၊ ကျောင်းစာပစ်ပြီး သီချင်းတွေ ရေးနေခဲ့လို့ ဆန့်တန်းအောင်တော့ ကျွန်တော် အမှတ်မကောင်းခဲ့ဘူး၊ အဲဒီတော့မှ အဖေ စိတ်လျှော့သွားခဲ့တယ်၊ ကျွန်တော်လည်း ဒုက္ခအမျိုးမျိုးခံပြီး အဆိုတော်တစ်ယောက် ဖြစ်လာခဲ့တယ်"

အခုတော့ သူ့အိပ်မက်ကို မေရက စကားတစ်ခွန်း တည်းနှင့် ဖျက်ဆီးပစ်နိုင်သည်။

"မေရရဲ့ တောင်းဆိုချက်က ကျွန်တော့် အတွက် အရမ်း အရေးကြီးပါတယ်"

"ရှင် အဆိုတော် မလုပ်တော့ဘူးလို့ ဆုံးဖြတ်ပြီးမှ ကျွန်မ နဲ့ လာတွေ့ပါ"

သူ ရုတ်ချည်း ငိုင်ကျသွားသည်။

သူ အချစ်ဆုံးမိန်းမက သူ့အချစ်ဆုံး အရာကို ဖျက်ဆီးဖို့ အသင့်ဖြစ်နေတာတော့ ထူးဆန်းလှသည်။

အခန်းထဲ လှည့်ဝင်သွားသော မေရ၏ ခြေသံခပ် ...းပါးကို သူ နောက်ဆုံးကြားရသည့်အထိ ငြိမ်သက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ... ဘာကို ရွေးချယ်သင့်သလဲ။

မေရှကိုလား ... ?

ဒါမှမဟုတ် သီချင်းတွေကိုလား ... ?

တစ်ခုခုတော့ သေချာပေါက် သူ ရွေးချယ်ရလိမ့်မည်။

❋ ✉ ❋





ထူထူထပ်ထပ်နှင့် ပိရိစိမ်းစိုစွာ ပေါက်ရောက်နေသာ မြက်ခင်းပြင်အလယ်၌ စားပွဲဝိုင်းတစ်ခုနှင့် ထိုင်ခုံနှစ်လုံး။

စားပွဲပေါ်၌ သီးနှံမျိုးစုံနှင့် Coke နှစ်ဘူး။ ယမင်းစီစဉ်ထားတာပဲ ဖြစ်ပေလိမ့်မည်။

"ကိုကို လာလေ၊ ကိုကို လာမယ်ဆိုလို့ ယမင်းစောင့်နေတာ"

ယမင်းသည် သူနှင့် ဘာမှမဖြစ်ခဲ့သလိုပင် သူ့ဆီသို့ ပြေးလာပြီး သူ့လက်မောင်းကို မှီတွယ်လိုက်သည်။

သူက ခေါင်းယား၍ ကုတ်သည့်ပုံစံမျိုးနှင့် ယမင်းလက်ကို မသိမသာ ဆွဲဖယ်လိုက်သည်။



www.burmeseclassic.com

"ကိုကိုနော် ... ဘာဖြစ်နေတာလဲ"

"ကိုယ် ယမင်းကို ပြောစရာရှိလို့ လာတာ"

"ကိုကိုနော် ... ပြဿနာမရှာကြေး"

စကားကို ယမင်း ပိတ်ပြောလိုက်တော့ သူ ဘယ်က စပြောရမှန်း မသိအောင် ဖြစ်သွားခဲ့သည်။

"ပြဿနာတွေကို မသယ်လာပါနဲ့ ကိုကိုရယ်၊ ယမင်း အခုတလော စိတ်ရှုပ်လွန်းလို့ပါ"

အမြဲတမ်း ပျော်ပျော်နေတတ်သည့် ယမင်းက အခု စိတ်ရှုပ်သည်တဲ့။

"ယမင်း ဘာကြောင့် စိတ်ရှုပ်နေလဲ ဆိုတာ ကိုကိုသိပါတယ်၊ ပျော်စရာလေးတွေပဲ ပြောပါ ကိုကိုရယ်နော်"

ယမင်းက သူ ပြောချင်သည့် စကားတွေရှေ့မှာ အင်မတန်ကြီးမားသည့် အဟန့်အတား တစ်ခုကို ချထားလိုက်သည်။

ယမင်းရယ် ... ဆိုပြီး သူ စိတ်မကောင်း ဖြစ်ရမလား။





"ကိုယ် ပြောမှဖြစ်မယ် ယမင်း၊ ဒီကိစ္စက ကိုယ်နဲ့ရော ယမင်းနဲ့ရော သက်ဆိုင်တယ်"

"ဘာကိစ္စလဲ ကိုကို"

သူ လေကို ဝအောင်ရှူသွင်းလိုက်သည်။ ဒီဆုံးဖြတ်ချက်ချဖို့ ဒီစကားပြောဖို့ ဘယ်လောက်ခက်ခဲမှန်း သူ အသိဆုံး ဖြစ်၏။

"ကိုယ် သီချင်း မဆိုတော့ဘူး ယမင်း"

"ဘာပြောတယ် ကိုကို"

ယမင်း မယုံကြည်နိုင်ဘူးဆိုတာ သူ သိသည်။ အင်းလေ ... သူ အဆိုတော်ဖြစ်ဖို့ ယမင်းလည်း တစ်စိတ်တစ်ပိုင်း ကူညီပတ်သက်ခဲ့တာပဲ။

"ကိုယ် အဆိုတော်ဘဝကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီ ယမင်း"

"ကိုကို ရူးနေပြီလား"

ဘယ်သူ့ကို ပြောပြော သူ ရူးနေပြီလို့သာ သတ်မှတ်ကြပေလိမ့်မည်။

www.burmeseclassic.com



"ဟုတ်တယ် ယမင်း၊ ကိုယ် ရူးနေပြီထင်တယ်"

မေရဆီမှ ခွင့်လွှတ်စကား ကြားရဖို့အတွက် အရာရာကို စွန့်လွှတ်ရဲသည်မှာ သူ ရူးနေ၍သာ ဖြစ်မည်။

"ဘာဖြစ်လို့လဲ ကိုကို၊ ယမင်းကို အကြောင်းပြချက် ပေးစမ်းပါဦး၊ ယမင်း သိပါရစေ"

"ကိုယ် ..."

သူ ဘာမှ ဆက်မပြောနိုင်သေး။ မေရ အတွက်ပါဟုဆိုလိုက်လျှင် ယမင်း မဆိုချင်တော့လို့ပါ။

"ကိုယ် မဆိုချင်တော့လို့ပါ"

ယမင်းက အရာရာကို သိနေသလို၊ ပါးပါးနပ်နပ်ပြုံးလိုက်သည်။ ဒီအပြုံးက သူ့ကို အတော်ကြီး နားလည်နေသည့်အပြုံး ဖြစ်သည်။

"မဖြစ်နိုင်ဘူး ကိုကို၊ ဒါ ကိုကို့ရဲ့ အကြောင်းပြချက် အစစ်အမှန် မဖြစ်နိုင်ဘူး၊ ကိုကို ဒီအဆိုတော်ဘဝကို ဘယ်လောက် ရူးသွပ်လဲ ဆိုတာ ယမင်း အသိဆုံးပါ"





ဒီတစ်ခါတော့ သူ့ရဲ့ ရူးသွပ်မှုတွေ အဆုံးသတ်ပြီထင်ပါ၏။

"မျက်မမြင် မိန်းမတစ်ယောက် အတွက်ကြောင့်တော့ မဟုတ်လောက်ပါဘူးနော်"

သူ ငြိမ်သက်စွာ တွေဝေနေဆဲ ...။

"ယမင်း ထင်တာ မှန်နေပြီပေါ့ ကိုကို၊ ရှင်ရူးနေပြီ သိလား၊ တကယ့်ကို ရူးနေပြီ၊ ကိုကို့ရဲ့ နာမည်တွေ၊ ကျော်ကြားမှုတွေ၊ ဂုဏ်သိက္ခာတွေ အားလုံးကို လွှင့်ပစ်မလို့လား၊ အဲဒီလို လွှင့်ပစ်ရအောင်ကော မျက်ကန်းမိန်းမတစ်ယောက်နဲ့ ထိုက်တန်လို့လား၊ ကိုယ့်အိပ်မက်[illegible]ကို ကိုယ်မဖျက်ဆီးပါနဲ့ ကိုကို၊ ကိုကို နောင်တရလိမ့်မယ်"

သို့ ထိုက်တန်တယ်ထင်၍ ပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့ပြီးပြီပဲ။ ဘာမှ တွေဝေမနေချင်တော့။

"ကိုယ် သူ့ကိုချစ်တယ် ယမင်း"

သူ သီချင်းမဆိုတော့ဘူး ပြောလိုက်၍ စိတ်[illegible] [illegible]ရှားနေသော ယမင်းသည် ရုတ်ခြည်း ငြိမ်သက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယမင်းအပေါ် မရက်စက်ချင်သော်လည်း ရက်စက်ရတော့မည်။

“ယမင်း ဘာမှ မကြားလိုဘူး ကိုကို၊ ကိုကို ဘာမှ ထပ်မပြောနဲ့တော့နော်၊ လာ ... ဒီမှာထိုင်၊ အအေးသောက်ရအောင်နော် ကိုကို”

ယမင်း မျက်ဝန်းများသည် သနားစဖွယ် ကောင်းလောက်အောင် ညှိုးငယ်ဝိုင်းစက်နေကြသည်။

သူ ပြောသမျှကို လုံးဝလက်မခံနိုင်သည့် ပုံလေးဖြစ်ပေါ်နေ၏။

“ကိုယ် တောင်းပန်ပါတယ် ယမင်း၊ ယမင်းကို ထိခိုက်စေဖို့ မရည်ရွယ်ပါဘူး၊ ဒါပေမဲ့ ကိုယ် သူ့ကို ချစ်မိသွားပြီ”

“ကိုကို ထပ်မပြောနဲ့တော့”

ယမင်းသည် နားနှစ်ဖက်ကို ပိတ်ပြီး ခါးခါးသီးသီးပင် အော်ဟစ်လေ၏။





သူ ဆက်ပြော၍ ဖြစ်ပါ့မလား။

အခုမပြောလည်း တစ်ချိန်ချိန်မှာ သူ ပြောရပေဦးမည်။

ထိုအခါ ယမင်း ထပ်ပြီး စိတ်ထိခိုက်ပေလိမ့်မည်။

သူက နားကိုပိတ်ထားသည့် ယမင်း လက်နှစ်ဖက်ကို ဆွဲဖယ်ပြီး သူ့ကို တည့်တည့်ရင်ဆိုင်စေကာ ...

“ယမင်း ... ကိုယ့်ကို တည့်တည့်ကြည့်စမ်း၊ ကိုယ်ပြောတာကို သေချာနားထောင်”

ယမင်းသည် စိတ်လျှော့လိုက်သလို သက်ပြင်းချရင်း သူ့ကို မော့ကြည့်သည်။

“ကိုယ် သူ့ကို ချစ်တယ် ယမင်း၊ ဒါ အမှန်တရားပဲ၊ ကိုယ် မလိမ်ချင်ပါဘူး၊ ယမင်း ကိုယ်တို့ စေ့စပ်ထားတာကို ဖျက်သိမ်းပစ်ရအောင်”

ယမင်းသည် သူ့လက်ထဲမှ ရုတ်ခနဲ ရုန်းထွက်သွားပြီး ...



www.burmeseclassic.com

"ယမင်းဘက်ကိုကော ထည့်စဉ်းစားရဲ့လား ကိုကို၊ ယမင်း အတွက် အရမ်းရက်စက်တယ်လို့ ကိုကို နည်းနည်းလေး တောင် မစဉ်းစားမိဘူးလား"

"ကိုယ် တောင်းပန်ပါတယ် ယမင်း"

သူ တောင်းပန်ရုံသာ တတ်နိုင်သည်။

"ကိုကို့မှာ ဘာမှားနမှ မရှိတာ ယမင်း အံ့ဩတယ် ကိုကို၊ မဖြစ်နိုင်ဘူး ကိုကို၊ လုံးဝမဖြစ်နိုင်ဘူး၊ ယမင်း လုံးဝ အလျှော့မပေးဘူး၊ ကိုကို အိပ်မက်,မက်မနေနဲ့တော့၊ ကိုကို အိပ်မက်က နိုးထလာအောင် ယမင်း လုပ်ပြမယ် ကိုကို"

ယမင်း ဆတ်ခနဲ လှည့်ထွက်သွားတော့ သူ ငိုင်ပြီး ကျန်ရစ်ခဲ့သည်။

သူ မေရှနဲ့ ပတ်သက်ပြီး အိပ်မက် မက်နေခဲ့တာလား။

အိပ်မက်ဆိုရင်တောင် ဘယ်တော့မှ မနိုးချင်သော အိပ်မက် ဖြစ်ပေလိမ့်မည်။

❋ ✉ ❋






# အပိုင်း(၄)

www.burmeseclassic.com







နလုံးသားတစ်ခုလုံး နာကျင်နေလျက်က သူ့ကိုပဲ တောင့်တနေမိသည်။

သူ့ကို မုန်းတီးပါသည်ဟု သတ်မှတ်ထားရင်းက ခွင့်လွှတ်နေချင်ပြန်သည်။

ဒါဆိုရင် ညီ့အပေါ် မေရ တရားပါ့မလား။

သူ ဖတ်ပြခဲ့သည့် ဖတ်လက်စ မြတ်ငြိမ်း စာအုပ်လေးကို မေရ လက်နှင့်အသာပွတ်သပ်မိသည်။

"မမ ... ဝေဝေ ဖတ်ပြရမလား"

ပြေပြစ်တည်ငြိမ်စွာ ဖတ်ပြတတ်သည့် သူ့အသံနှင့် အသားကျခဲ့ပြီးမှကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ဝေဝေ၊ မမ နားထောင်ချင်စိတ် မရှိသေးဘူး"

"မမ ... ညှော်သည်တစ်ယောက် လာနေသလိုပဲ"

"ဘယ်သူလဲ ဝေဝေ"

"မသိဘူး၊ မိန်းမတစ်ယောက်ပဲ၊ ဆံပင်အရှည်ကြီးနဲ့ တော်တော်ချောတယ်"

ယမင်းခ ... သူမပဲ ဖြစ်ပေလိမ့်မည်။

"ဝေဝေ သွား ... အိမ်ထဲမှာ သွားစောင့်ရင်း မမ အခန်းရှင်းထားပေးနော်"

ယမင်းခ သယ်ဆောင်လာမည့် စိတ်ရှုပ်စရာတွေကို ဝေဝေအား ပေးမသိစေချင်။

"ဘယ်လိုလဲ၊ တို့လာမယ် ဆိုတာ သိလို့ ရှောင်နိုင်းလိုက်တာလား"

တန့်ခနဲ ရပ်သွားသည်။ ဒေါက်ဖိနပ်သံ ခပ်ပါးပါးနှင့်အတူ မထိတထိ နှုတ်ဆက်သံ။

ဟန်ဘုန်းရှိန်ကို စိန်ခေါ်မိမှတော့ ယမင်းခကိုလည်း မေရ ရဲရဲရင်ဆိုင်ရမှာပေါ့။





"မင်း သိပ်တော်ပါလား မေရ၊ မျက်မမြင် မိန်းမတစ်ယောက် ဒီလောက် အစွမ်းထက်လိမ့်မယ်လို့ တို့ မထင်ခဲ့မိဘူး၊ မင်းကို လျှော့တွက်ခဲ့မိတာ တို့ရဲ့အမှားပဲ"

"ကျေးဇူးတင်ပါတယ် ယမင်းခ၊ ရှင်ပြောသလောက်လည်း ကျွန်မ အစွမ်းမထက်သေးပါဘူး"

သူမ ခနဲ့နေတာကိုတော့ မေရ ထိုင်ပြီး သည်းမခံနိုင်။

"တို့ တကယ့်စိတ်ရင်းနဲ့ ချီးကျူးတာပါ၊ မင်း တော်ပါတယ် မေရ"

မေရ စိတ်ထဲ ရုတ်ချည်း သိချင်လာသည်က ယမင်းခ ဘယ်လောက်လှလဲ ဆိုသည့် အတွေးဖြစ်သည်။

ဝေဝေ ပြောတာတော့ ဆံပင်ရှည်ကြီးနဲ့ တော်တော်ချောသည်တဲ့။

"တို့ အခု ဘာကိစ္စနဲ့ လာလဲ၊ မင်း သိလား"

"ရှင့်အတွက် သတင်းဆိုးတွေ ရှိနေလို့ လာတာ မဟုတ်လား၊ သတင်းကောင်း ရှိနေရင် ဘယ်လာပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေရ မှန်းပြီး ပြောလိုက်သော စကားတို့သည် အနီးစပ်ဆုံး သွားမှန်နေ၏။

"တို့အတွက် သတင်းဆိုး ဆိုပေမဲ့ မင်းအတွက်လည်း သတင်းကောင်း ဖြစ်ချင်မှ ဖြစ်မှာပါ"

သတင်းကောင်းပဲဖြစ်ဖြစ် သတင်းဆိုးပဲဖြစ်ဖြစ် မေရှ နဲ့ ပတ်သက်ပါဦးမလား။

"ကိုကိုက ပြောတယ်၊ ကိုကို ဆိုတာ ဟန်ဘုန်းရှိန်ကို ပြောတာနော်၊ သူ သိချင်းမဆိုတော့ဘူးတဲ့"

ဒါ တကယ်ပဲလား။ မေရရဲ့ တောင်းဆိုချက်ကို သူ လက်ခံလိုက်ပြီလား။

"ကိုကို ဘာဖြစ်လို့ ဒီလိုပြောတာလဲ၊ တို့ အရမ်းသိချင်တာပဲ၊ တို့အထင်တော့ မင်းကြောင့်ပဲ ဖြစ်မယ်"

"ဟုတ်တယ်၊ ကျွန်မကြောင့်ပဲ"

ရိုးသားစွာ ဝန်ခံလိုက်တာလား၊ ဂုဏ်ဖော်ချင်၍ ဝန်ခံလိုက်တာလား၊ မေရ ကိုယ်တိုင် ဝေမခွဲနိုင်။





"ဘုရားရေ ... တကယ် မင်းကြောင့်ကိုး၊ မင်း ရူးနေလား မေရ၊ ဟန်ဘုန်းရှိန် ဆိုတဲ့ နာမည်တစ်လုံး ဖြစ်လာဖို့ သူ ဘယ်လောက် ကြိုးစားခဲ့ရလဲ၊ မင်း သိလို့လား၊ မင်း အဲဒီလို လုပ်တာ သူ့အိပ်မက် သူ့ဘဝကို ဖျက်ဆီးပစ်တာနဲ့ အတူတူပဲ မေရ၊ မင်း ရက်စက်လှချည်လား"

ညို့ မျက်နှာကို ပြေးပြီးမြင်ယောင်မိသည့် အချိန်မှာတော့ မေရ လုပ်ခဲ့တာ ထိုက်တန်ပါသည်ဟု တွေးထင်မိသွားသည်။

"ရက်စက်တယ် ... ဟုတ်လား၊ ရက်စက်တယ် မရက်စက်ဘူး ဆိုတာ သူ့အပေါ် မူတည်တာပဲလေ၊ သူသာ မလိုက်နာခဲ့ရင် ရက်စက်တယ်လို့ ရှင် ကျွန်မကို စွပ်စွဲစရာ အကြောင်း မရှိဘူး"

"တို့ လုံးဝ အလျှော့မပေးနိုင်ဘူး မေရ"

ယမင်းခ ရင်ထဲမှာ မုန်းတီးမှုတွေနှင့် သိပ်သည်း၍ နာ သေချာလှသည်။ မေရ လိုချင်သည်က ညို့အတွက် အောင်နိုင်မှုတစ်ခု ပြန်ယူပေးဖို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တခြား ဘာကိုမှ မေရ ထည့်မစဉ်းစားချင်တော့။

"ရှင် အလျှော့ပေးတာ မပေးတာကို ကျွန်မကလည်း ဂရု မစိုက်ပါဘူး"

"မင်း ဆိုးဝါးလှချည်လား မေရ။ ကိုကို့ကို မင်း ဒီနည်း နဲ့ ဆွဲဆောင်နိုင်မယ်လို့ ထင်ရင် မှားလိမ့်မယ်၊ ကိုကိုနဲ့ တို့က စေ့စပ်ထားတဲ့ သူတွေနော်၊ အချိန်တန်ရင် မင်းပဲ နစ်နာလိမ့်မယ်"

"အပြောမကြီးနဲ့ ယမင်းခ၊ အဖြေမထွက်သေးပါဘူး"

မေရ ခပ်ရဲရဲ စိန်ခေါ်လိုက်သည်။ မေရ လိုချင်သည် က မေရရှေ့ကို သူ ရောက်လာဖို့ ဖြစ်သည်။

"မင်း ရှေ့ဆက်တိုးပြီး ကိုကို့ဘဝကို ဖျက်ဆီးမယ်ဆိုရင် တို့ လုံးဝခွင့်မလွှတ်ဘူး မေရ၊ အကောင်းဆုံးက မင်း လက်လျှော့ပြီး နောက်ဆုတ်လိုက်ပါ မေရ"

"ဝမ်းနည်းပါတယ်၊ ကျွန်မ လိုက်နာနိုင်မယ် မထင်ဘူး"

"တောက်"





ယမင်းခ၏ ဒေါသတကြီး တောက်ခေါက်သံကို ကြားတော့ မေရ အောင်မြင်စွာ ပြုံးလိုက်မိသည်။

ညိုရေ ... ဟန်ဘုန်းရှိန်ကို အောင်နိုင်ဖို့ နည်းနည်း ပဲ လိုတော့တယ်။

နင် ကျေနပ်မယ် မဟုတ်လား ညို။

❋ ✉ ❋



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးတော့ ဒီနေ့ ဂျာနယ်အသစ်တွေ အများကြီး ဝယ်လာတယ် မမ"

"ဘာလဲ ... သတင်းထူးလို့လား"

"အင်း ... ထူးတယ် မမ"

စိတ်ဝင်စားစရာ သတင်းတစ်ခုပါတိုင်း ဂျာနယ်မျိုးစုံ ဝယ်ဖတ်တတ်သည်မှာ ဝေဝေ့အကျင့် ဖြစ်နေပြီဖြစ်၏။

မေရ ကိုယ်တိုင်က ဘာမှမမြင်နိုင်သဖြင့် ဝေဝေ ပြောပြသည့် သတင်းမျိုးစုံကိုသာ နားထောင်ပြီး ကျေနပ်နေရရှာသည်။

"ဘာသတင်းလဲ ဝေဝေ"





"အဆိုတော် ဟန်ဘုန်းရှိန် သတင်း မမ"

မေရ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သူ ဘာဖြစ်ပြန်ပြီလဲ ဆိုသည့် စိုးရိမ်ပူပန်စိတ်က လှိုက်ခနဲ မြင့်တက်လာသည်။

"သူ ... ဘာဖြစ်လို့လဲ ဝေဝေ"

"မမ သိချင်လို့လား၊ မမ သူ့ကို စိတ်မဝင်စားပါဘူး၊ မမ မှတ်မိတယ် မဟုတ်လား၊ မမ သူ့ကားကို ဝင်တိုက်ဖူးတယ်လေ"

"ဝေဝေ"

"သူ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ခဲ့တာဝေ ်း မမက ပွစိ ပွစိ ပြောနေသေးတယ်လေ"

"ဝေဝေ ... ညည်းကို သူက ရှေ့နေငှားထားလို့လား"

ဝေဝေ ကိုယ်တိုင်က ဟန်ဘုန်းရှိန်၏ အမာခံ ပရိသတ်အဖြစ် တည်ရှိသဖြင့် ဟိုတစ်ခါကိစ္စနှင့် ပတ်သက်ပြီး မေရကို မကျေနပ်ချင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့နေတော့ မငှားထားပါဘူး မမရယ်၊ ဒါပေမဲ့ မမ လုပ်ပုံက မတရားလွန်းလို့ ပြောတာပါ"

မေရနှင့် သူ၏ပတ်သက်မှုကို ဝေဝေ သိလျှင်ထပြီး ခုန်မိမှာ သေချာလှသည်။

"ပြောချင်ပြော မပြောချင်နေအေ"

"ဟဲ ဟဲ ဟဲ ... ပြောပါမယ်၊ စိတ်မကောက်ပါနဲ့၊ တော်ကြာ မုန့်ဖိုးလေးတွေကို ဖြတ်နေဦးမယ်"

ဝေဝေက စပ်ဖြဲ စပ်ဖြဲနှင့် သတင်းတစ်ပုဒ်ကို ဖတ်ပြ၏။

"သေချာနားထောင်နော် မမ၊ အဆိုတော် ဟန်ဘုန်းရှိန် သီချင်းမဆိုတော့ဘူးဟု တရားဝင် ပြောကြား"

မေရရဲ့ ခံစားချက်က ကျေနပ်သွားတာလား၊ ဝမ်းနည်းသွားတာလား ဘာမှန်းမသိ။

သူ တကယ်ပဲ မေရရဲ့ဆန္ဒကို ဖြည့်ဆီးပေးခဲ့တာလား။





"သီချင်းမဆိုတော့သည့် အကြောင်းရင်းကို ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့်ဟုသာ ဆို၍ တခြားဘာမှ ပြောကြားခြင်း မရှိ"

သူ တကယ်ပဲ သီချင်းမဆိုတော့ဘူးလား။

"ဟာ ... ဘာဖြစ်လို့ မဆိုတော့တာလဲ၊ ဒီလောက် အောင်မြင်နေတဲ့ဟာကို၊ ဒီအဆိုတော် ရူးသွားပြီလား"

သူ့ရဲ့ဘဝနဲ့ အိပ်မက်ကို မေရ လုပ်စွာ ဖျက်ဆီးပစ်နိုင်ခဲ့ပြီလား။

"မမ ဘယ်လိုထင်လဲ"

မေရ ကျေနပ်ရမဲ့ဟာကို ဘာဖြစ်လို့များ [illegible] နည်းနေမိတာလဲ။

မေရ အောင်မြင်ခဲ့ပြီပဲဟာ။ ဝမ်းနည်းနေစရာ အကြောင်းမရှိ။

"ဟာ ... အရေးထဲ ဖုန်းလာနေပြန်ပြီ"

ဝေဝေက ဖုန်းကိုကောက်နားထောင်လိုက်ပြီး မေရဘက်လှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမ ... မမဖုန်း"

မေရ နားထောင်လိုက်တော့ ...

"မေရ ... ကျွန်တော် ဘုန်းသြဇာပါ"

"ဟုတ်ကဲ့"

"မေရ ကျေနပ်ပြီလား"

မေရ ဘယ်လိုပြောရမလဲကွယ်။ စိတ်မကောင်းခြင်းတွေနဲ့ နှလုံးသားတစ်ခုလုံး ဖုံးလွှမ်းနေခဲ့ပြီ။ ဒါကို မေရ ဘယ်ပြောနိုင်ပါ့မလဲ။

"မေရကို တွေ့ချင်တယ်"

"ဟုတ်ကဲ့"

"မနက်ဖြန် မေရဆီ လာခဲ့မယ်"

"ဟုတ်ကဲ့"

"မေရ ... တစ်ခုခု ပြောဦးလေ"

"ကျွန်မ ... ကျွန်မ ကျေနပ်ပါတယ်"

သူ့ သက်ပြင်းချလိုက်သံ ခပ်ပြင်းပြင်းကို ကြားနေရသည်။ သူရော နှောင်တရနေလားကွယ်။





"ရှင်ရော နှောင်တ ရနေလား"

"ဟင့်အင်း ... မေရ အတွက်ဆို ကျွန်တော် ပေးဆပ်ခဲ့တာ တန်တယ်လို့ ထင်ပါတယ်"

မေရ အဲဒီလောက် မထိုက်တန်ပါဘူး။

"မနက်ဖြန် တွေ့ကြမယ်နော်"

သူ ဖုန်းချသွားသည့်အထိ မေရ ငြိမ်သက်စွာ ငိုင်နေမိသည်။ မေရ မှားပြီလား။ သူ့ရဲ့ အခမ်းနားဆုံး အိပ်မက်ကို မေရ ဖျက်ဆီးပစ်ခဲ့ပြီ။

"မမ ဘယ်သူ့ဖုန်းလဲ"

"မမ အသိတစ်ယောက်ပါ"

"ဘယ်သူလဲ၊ ဘုန်းသြဇာလား"

နာမည်သာ ကြားဖူးပြီး လူမမြင်ဘူးသဖြင့် ဝေဝေခမျာ ဘုန်းသြဇာကို မြင်ဖူးချင်နေရှာ၏။

"ဟုတ်ပါတယ်"

"မိတ်ဆက်ပေးဦးလေ မမ"



www.burmeseclassic.com

www.burmeseclassic.com



"သူလာတဲ့ အချိန်နဲ့ ပေပေ ရှိတဲ့အချိန် တိုက်ဆိုင်ရင်တော့ မိတ်ဆက်ပေးမှာပေါ့"

ဘုန်းညြဗာ ဆိုတာ ဟန်ဘုန်းရှိန်မှန်း ဝေဝေ လုံးဝ မသိသေး။ ခပ်ဝေ့ဝေ့ အနာဂတ်ကို မျှော်ကြည့်မိတော့ ကြယ်တစ်ပွင့်သည် မေရှကို ခပ်ရေးရေး စောင့်မျှော်နေလေ၏။

❀ ✉ ❀





ဆိုင်ကလေးသည် အပြာရောင်အတိ ပြီးစွာဖြင့် ငြိမ်းချမ်းစွာ လှပနေသည်တဲ့။

"ဆိုင်ရဲ့အဝင်ဝနဲ့ စားပွဲဘေးတိုင်းမှာ ဝါးပင်ပုလေးတွေကို စိုက်ထားတယ်၊ အဲဒီ ဝါးပင်ငယ်လေးတွေမှာ အပြာရောင် ဖျော့ဖျော့ မီးသီးလေးတွေ ဆင်ထားတယ်၊ ညဘက်ဆိုရင် ပိုလှတယ် သိလား"

သူ ပြောပြရုံနဲ့ပင် ဆိုင်ပုံစံလေးက မေရှ မျက်ဝန်းထဲ ပြေးမြင်လာသည်။

ဘာကယ်ဖို့ကို နှစ်သက်စရာလေးပဲ။

"ဆိုင်နာမည်လေးက ဘာလဲ ကိုဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



"Heart centre တဲ့"

Heart centre နှလုံးသားရဲ့ အလယ်ဗဟိုပဲ။

"ဒီဆိုင်လေးက ကျွန်တော့်ဆိုင်ပဲ မေရ"

"ကိုဘုန်း ဆိုင်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒီ coffee ဆိုင်လေးက မေရကို ကိုယ်စားပြုပြီး ဖွင့်တာ၊ ကျွန်တော် သီချင်းမဆိုတော့ဘူး လေ၊ ဒါကြောင့် ဒီဆိုင်လေး ဖွင့်ဖြစ်တာ"

သူ တကယ်ပဲ ဒီ coffee ဆိုင်ငယ်လေးရဲ့ ပိုင်ရှင် အဖြစ်နဲ့ တင်းတိမ်နိုင်ရဲ့လား။

သူ လွှင့်ပစ်ခဲ့သည့် အောင်မြင်မှု၊ ကျော်ကြားမှုတွေ အတွက် နှောင်တရော မရဘူးလား။

"မေရ ဒီကော်ဖီလေး သောက်ကြည့်ဦး၊ ဒါ ကျွန်တော် ကိုယ်တိုင် ဖျော်ထားတာ"

သူက ချထားသည့် ကော်ဖီခွက်လေးကို မေရ လက်နှင့် ထိတွေ့စေ၏။





မေရ မော့သောက်လိုက်သော မွှေးပျံ့သင်းအီသော ခါးစိမ့်စိမ့် အရသာက လည်ချောင်းထဲ စိမ့်ဝင်လာသည်။

"ဘယ်လိုလဲ၊ ကောင်းတယ် မဟုတ်လား၊ ကျွန်တော် ငယ်ငယ်ကတည်းက ကော်ဖီအဖျော်ကောင်းတယ်နော်၊ မေမေဆို ကျွန်တော့်လက်ရာ အသည်းစွဲပဲ၊ အခု ဒီဆိုင် မှာ ကော်ဖီဖျော်ဆရာ မငှားထားဘူး၊ ကျွန်တော်ကိုယ်တိုင် ပဲ ဖျော်မယ်"

"ကိုဘုန်း ... ထပ်မပြောပါနဲ့တော့"

သူ ရောင့်ရဲတင်းတိမ်နိုင်လေလေ မေရ ထိခိုက် ကြေကွဲရလေလေ ဖြစ်၏။

"မင်းကို တို့ ဘယ်တော့မှ ခွင့်မလွှတ်ဘူး" ဆိုသည့် ယမင်းခ၏ ကြိမ်းဝါးသံကို မေရ ပြန်ကြားယောင်မိပြန်သည်။

မေရကို ခွင့်မလွှတ်ပါနဲ့ ... ခွင့်မလွှတ်ပါနဲ့ကွယ်။

"အစ်ကိုလေး ... ဟိုမှာ ညှို့သည်တစ်ယောက် အစ်ကို လေးကို လာမေးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူလဲ”

မေရ ဘာမှ မမြင်နိုင်တာကြောင့် တိတ်ဆိတ်စွာပဲ နားစွင့်နေလိုက်သည်။

“ဟိုမှာ … လာပြီ ဆရာ”

“ကျွန်တော် သစ္စာမြေမဂ္ဂဇင်းကပါ”

“ဟုတ်ကဲ့”

“ကျွန်တော် မေးခွန်းတချို့လောက် မေးချင်လို့ ရမလား ခင်ဗျာ”

“ဟုတ်ကဲ့”

သူ့အသံ တိမ်ဝင်သွားသဖြင့် သူ မဖြေချင်ဘူးဆိုတာ မေရ ရိပ်မိလိုက်သည်။

“ကိုဟန်ဘုန်းရှိန် သီချင်းမဆိုတော့ဘူးဆိုတာ ဟုတ်ပါသလား”

“ဟုတ်ပါတယ်”

“ဘာအကြောင်းကြောင့်ပါလဲခင်ဗျာ”





“ကျွန်တော် ကိုယ်ရေးကိုယ်တာကိစ္စကြောင့်ပါ”

“အပြင်မှာ ကောလာဟလတစ်ခု ထွက်နေတယ်၊ အမျိုးသမီးတစ်ယောက်ကြောင့်တဲ့၊ အဲဒါ မှန်ပါသလား”

မေရသည် အဖြေကို မကြားရဲသည့်အလား ခေါင်းကို ဆတ်ခနဲ ငုံ့ချလိုက်သည်။

သူ ဘယ်လို ပြန်ဖြေမှာလဲ။

မှန်ပါတယ်လို့ ဖြေမှာလား။

“မမှန်ပါဘူး”

“အပြင်မှာတော့ အဲဒီ သတင်း အတော်ကြီးများနေတယ်နော်”

“ဟုတ်လား … ကျွန်တော် မသိပါဘူး”

သတင်းတွေက အဲဒီလောက်တောင် လွင့်ပျံ့လွယ်သလားကွယ်။

“ကိုဟန်ဘုန်းရှိန် အနေနဲ့ကော၊ ဒီသတင်းတွေကို ဘယ်လို တုံ့ပြန်ဖို့ အစီအစဉ်ရှိလဲ”



www.burmeseclassic.com

www.burmeseclassic.com



"တုံ့ပြန်ဖို့ ကျွန်တော် စိတ်မဝင်စားပါဘူး"

"ကိုဟန်ဘုန်းရှိန်ရဲ့ ပရိသတ်တွေကို ဘာပြောချင်ပါသလဲ"

"ကျွန်တော် စိတ်မကောင်းပါဘူးလို့ ပြောပေးပါ"

သူ့ရင်ထဲမှာ ဘယ်လောက်တောင် မွန်းကျပ်နေမလဲ ဆိုတာ မေရ ရိပ်မိစ ပြုလာပြီ။

မေရက သူ့ကို နောင်တ,တရားတွေ ပေးအပ်ခဲ့ပြီ ပေါ့။

"ဒီအမျိုးသမီးလေးနဲ့ ကိုဟန်ဘုန်းရှိန် ကော်ဖီသောက်နေတာကို ဓာတ်ပုံရိုက်ခွင့်ပြုပါနော်"

"ဆောရီးဗျာ၊ ကျွန်တော် ရိုက်ခွင့်မပေးနိုင်ဘူး"

သူ ခါးခါးသီးသီး ငြင်းဆန်လိုက်တာကြောင့် မေရ အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ၊ ဒီက အမျိုးသမီးလေးက ဘယ်သူလဲ၊ ကိုဟန်ဘုန်းရှိန်နဲ့ရော ဘယ်လိုပတ်သက်နေလဲ"

"ကျွန်တော် ..."





သူ အဖြေရခက်စွာ ထစ်အသွားစဉ်၊ မေရ ကြားဝင်ပြီး ဖြေပေးလိုက်သည်။

"ကျွန်မတို့ ဘာမှ မပတ်သက်ပါဘူး၊ သူငယ်ချင်းတွေပါ"

သူ ထပ်ပြီး နာမည်ဆိုးတစ်ခု ရယူမှာ မေရ ခွင့်မပြုနိုင်တော့။

"အပြင်မှာ ကိုဟန်ဘုန်းရှိန်ရဲ့ ဇာစပ်သတင်း ပျက်ပြယ်တော့မယ်လို့ ပေါ်ထွက်နေပါတယ်"

အင်တာဗျူးသမားလေး ခင်းပေးလိုက်သည့် စကားလမ်းကြောင်းပေါ် သူရော မေရပါ မလျှောက်ကြတော့။

"ကဲ ... ဒီလောက်ဆို တော်လောက်ပါပြီ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

အင်တာဗျူးသမားလေး ထွက်သွားတော့ သူက သက်ပြင်းအသာချပြီး ...

"ဆောရီး ... ကျွန်တော့်ကြောင့် မေရပါ ထိခိုက်သွားတယ်၊ ဪ ... မေရ ကော်ဖီတွေ အေးနေပြီပဲ၊ ကျွန်တော်အသစ်လဲပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကိုဘုန်း၊ မလဲနဲ့တော့၊ အပူပဲဖြစ်ဖြစ်၊ အအေးပဲဖြစ်ဖြစ်လေ ကော်ဖီရဲ့ အရသာက ခါးစိမ့်ခြင်း မဟုတ်လား၊ အတူတူပါပဲ၊ ကိစ္စမရှိပါဘူး"

"ဒါပေမဲ့ မေရရယ်၊ ပူတော့ ပိုသောက်လို့ ကောင်းတာပေါ့"

"ရတယ် ကိုဘုန်း၊ ကျွန်မအတွက် နေ့ရယ် ညရယ် ခွဲခွဲခြားခြား မရှိသလို အားလုံး အတူတူပါပဲ"

မတူတာလည်း ရှိပါရဲ့ကွယ်။

မေရ ဦးနှောက်က သူ့ကို ခါးခါးသီးသီး ငြင်းဆန်နေပေမဲ့ မေရ နှလုံးသားက သူ့ကို တပ်မက်စွာ အလိုရှိနေပြန်သည်။

❀ ✉ ❀





အန်တီနွယ်ဆီမှ ကြားရသော စကားတွေက မယုံနိုင်စရာ။ မေရ မျှော်လင့်ချက်ကြီးစွာ စောင့်မျှော်ရကျိုး နပ်ပြီ။

"ဟုတ်တယ် သမီး၊ ကားအက်ဆီးဒင့်နဲ့ ရောက်လာတဲ့ လူနာသုံးယောက်စလုံးက မျက်ကြည်လွှာ လှူပြီးသား အလှူရှင်တွေချည်းပဲ၊ အဲဒါ သမီး ခွဲစိတ်ရအောင် အသင့်ပြင်ထားပါ၊ ရှပ်ပါတယ်၊ ဒီနေ့ နေ့လယ်ကစပြီး အန်တီနွယ်နဲ့ လာနေလိုက်၊ ဒါမှ အန်တီနွယ် စိတ်အေးမှာ"

မာမီရဲ့ညီမအငယ်ဆုံးဖြစ်သူ အန်တီနွယ်သည် မေရနှင့် အတူမနေနိုင်ပေမဲ့ မေရကို လိုလေသေးမရှိ ဂရုစိုက်ရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေရမှာက အဖေမရှိတော့။ မာမီ နောက်အိမ်ထောင်ပြုလိုက်ချိန်ကစပြီး မေရသည် သီးခြားရပ်တည်ဖို့ ဆုံးဖြတ်ခဲ့လေသည်။

ဖခင်နေရာ အစားထိုး ဝင်ရောက်လာသည့် ဦးကျော်သည် သဘောကောင်းသူတစ်ယောက် ဖြစ်သော်လည်း မေရက အတူမနေချင်ပါ။

ဦးကျော်နှင့် မာမီ ကနေဒါ ထွက်သွားတော့လည်း မေရ လိုက်မသွားခဲ့။

သူငယ်ချင်းဖြစ်သူ ညိုနှင့်သာ အတူနေထိုင်ခဲ့လေသည်။

"ပြီးတော့ ညက မမဖုန်းဆက်သေးတယ်"

"ဟုတ်လား အန်တီနွယ်၊ ဘာတဲ့လဲ"

"သမီးလည်း မျက်လုံးခွဲစိတ်ပြီးရင် ကနေဒါ လိုက်လာဖို့ သင့်ပြီတဲ့"

"သမီး မသွားချင်ဘူး အန်တီနွယ်"





"ဘာဖြစ်လို့လဲ သမီး"

မေရကို ရစ်ပတ်နှောင်ဖွဲ့ထားသော နှောင်ကြိုးတစ်ချောင်း။ ဆတ်ခနဲ ပြတ်တောက်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်ကူ။

"ဘာမှမဖြစ်ပါဘူး၊ သမီး မသွားချင်သေးလို့ပါ"

"သမီး စဉ်းစားသင့်ပြီလို့ အန်တီနွယ် ထင်တယ်၊ ဒီမှာ ဘာအလုပ်မှလဲ မရှိ၊ ဘာမှငဲ့ကွက်စရာလဲ မရှိဘဲနဲ့ အချိန်တွေ ဖြုန်းမနေနဲ့တော့"

တစ်ချိန်ချိန်မှာတော့ မေရ သွားဖြစ်လိမ့်မည်။

ထို တစ်ချိန်ချိန်သည် သူနှင့် မေရ၏ အဆုံးသတ် ဇာတ်သိမ်းချိန် ဖြစ်ပေလိမ့်မည်။

"သမီး စဉ်းစားပါ့မယ် အန်တီနွယ်"

"အေး ... အေး ... ဒါဆိုရင် ခဏနေ ဝေဝေ့ကို လွှတ်လိုက်မယ်၊ ဝေဝေနဲ့အတူ လာခဲ့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ အန်တီနွယ်"

အန်တီနွယ် ပြန်သွားတော့ မေရ စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မလှပသည့် ဓာတ်သိမ်းတစ်ခုကို ကြိုမမြင်ခင် ရှောင်ထွက်သွားရင် ကောင်းမလား။

မဖြစ်သေးပါဘူး၊ ဒါဆို ညို့အတွက် မတရားရာကျပေလိမ့်မည်။

ဒီနေ့လယ် အန်တီနွယ်ဆီ သွားရမှာဆိုတော့ သူနှင့်အနည်းဆုံး နှစ်ပတ်လောက်တော့ ခွဲခွာရပေဦးမည်။

သူ့ကို နှုတ်ဆက်သင့်သည်ဟု ယူဆတာကြောင့် သူ့ဖုန်းနံပါတ်ကို စမ်းပြီးနှိပ်လိုက်သည်။

"မေရ ထူးထူးဆန်းဆန်းပါလား၊ ကျွန်တော့်ဆီ ဖုန်းခေါ်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ခရီးထွက်စရာရှိလို့ နှုတ်ဆက်တာ"

"ဘယ်တော့ သွားမှာလဲ၊ ဘယ်လောက် ကြာမှာလဲ၊ ဘယ်အချိန်လောက် ပြန်လာမှာလဲ"

မေရ ခရီးသွားမည် ဆိုတာနှင့် စိတ်လှုပ်ရှားစွာ မေးလိုက်သော မေးခွန်းတွေက တသီတတန်းကြီး ပေါ်ထွက်လာ၏။





"ဘယ်က စဖြေရမှန်းတောင် မသိတော့ဘူး၊ ကျွန်မက အန်တီနဲ့ ခရီးသွားမှာ၊ မြန်မာပြည် အပေါ်ပိုင်းကိုသွားမှာ၊ ဘယ်တော့ ပြန်လာမလဲဆိုတာ မသိဘူး၊ အန်တီနွယ့်သဘောပဲ၊ ပြန်လာရင် ကိုဘုန်းဆီ ဖုန်းဆက်လိုက်မယ်လေ"

"ဟာ ... အကြာကြီးပဲ၊ မေရကို ကျွန်တော် လွမ်းနေမှာပေါ့၊ အကြာကြီး မနေပါနဲ့ မေရရယ်၊ ကျွန်တော် နေတတ်မှာ မဟုတ်ဘူး"

"ဒါပဲနော်၊ ပြန်ရောက်တာနဲ့ ကျွန်မ ဖုန်းဆက်လိုက်မယ်"

သူနှင့် ဖုန်းပြောပြီးတော့မှ မေရ ဆန္ဒ ၂၂ ပြည့်ဝသွားသလို ခံစားရသည်။

ထိုခဏလေးမှာ မေရသည် ညို့ကို အမှန်တကယ်ပင် မေ့လျော့နေခဲ့မိသည်။

✾ ✉ ✾



www.burmeseclassic.com

www.burmeseclassic.com



ညီညာသပ်ရပ်စွာ စိုက်ပျိုးထားသော မြက်ခင်းပြင်နှင့် ပန်းခင်းကြီး။

ဝေသီဝေဝဲစွာ ကျရောက်နေသော မြူမှုန်များ ...

အေးစက်စက် နှင်းရည်အထိအတွေ့ ...။

အလင်းရောင် မသမ်းသေးသည့် ကောင်းကင်ပြင်။

အို ... ဒါတွေအားလုံး မေရ ပြန်မြင်ခွင့် ရခဲ့ပြီ။

မေရနှင့် ဝေးကွာစိမ်းကားနေသော လောကကြီးကို မေရ ပြန်ပြီး နှုတ်ဆက်လိုက်သည်။

မင်္ဂလာပါ လောကကြီးရယ်။





မေရသည် လက်မှာစွဲကိုင်ထားသော မျက်မှန်အနက်ခပ်ကြီးကြီးကို တပ်ဆင်လိုက်သည်။

ခဏနေ သူ ရောက်လာပေလိမ့်မည်။

မေရ မျက်ဝန်းတွေ ပြန်မြင်နေပြီဆိုတာ သူ့ကို အသိမပေးချင်သေးပါ။

မေရရဲ့ ပကတိမျက်ဝန်းနှင့် သူ့ကို အကဲခတ်ချင်သေး၏။

"မေရ"

ရှမ်းဘောင်းဘီ အပြာနုနုနှင့် တိုက်ပုံအဖြူလွှလွှကို ဝတ်ဆင်ထားကာ မေရဆီ ပေါ့ပါးသွက်လက်စွာ လျှောက်လှမ်းလာသော သူ့ကို အမြင်မှာ မေရ ရင်ထဲ တလှပ်လှပ် တုန်ယင်သွားသည်။

ဘာဖြစ်လို့လဲကွယ်။

မေရ သူ့ကို မုန်းပါသည်ဟု သတ်မှတ်ထားလျက်က ဘာဖြစ်လို့များ နူးညံ့စွာ ချစ်မိသွားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်း"

"ကျွန်တော် မေရကို လွမ်းနေတာ၊ ဒီမနက် မေရကို တွေ့ရမယ်ဆိုတဲ့ အတွေးနဲ့ တစ်ညလုံး အိပ်တောင်မပျော်ဘူး"

မေရရော ဘာထူးလဲ။ ဆေးရုံတက်နေသည့် အချိန်နှင့် ခွဲစိတ်ခံနေသည့် အချိန်မှာတောင် သူ့ကို ကယောင်ကတမ်းနှင့် သတိရနေခဲ့သည်။

"မေရ နေကောင်းရဲ့လား၊ ပိန်သွားတယ်"

"ဟုတ်ကဲ့"

မေရကို ငုံ့ကြည့်နေသည့် သူ့မျက်ဝန်းတွေက တကယ့်ကို နူးနူးညံ့ညံ့ ရီရီဝေဝေ။

ဟိုတုန်းက ဘာမှ မထူးခြားပေမဲ့ အခု သူ့ကို မေရ မြင်တွေ့ခွင့် ရခဲ့ပြီ။

သူ့နှလုံးသားကို စမ်းသပ်ခွင့် ရခဲ့ပြီ။

"ဘာဖြစ်လို့ မျက်မှန်ကြီး တပ်ထားရတာလဲ မေရ၊ ခါတိုင်း မတပ်ပါဘူး"





မျက်မှန်အောက်မှ မေရရဲ့ ပကတိ မျက်ဝန်းတွေကို သူ မြင်သွားမှာ မေရ ကြောက်ရွံ့လှသည်။

"အန်တီနွယ် ဝယ်ပေးတာလေ၊ မျက်မမြင်တစ်ယောက် အနေနဲ့ လိုအပ်မယ် ထင်လို့ပါ"

"ကျွန်တော့်အတွက် ဆိုရင်တော့ မလိုအပ်ဘူးနော် မေရ"

"ကျွန်မ အလှကြိုက်တယ်ပဲ ထားလိုက်ပါတော့"

သူ့ကို မြင်ခွင့်ရသည့်အတွက် မေရ ဝမ်းသာရသလို ရင်ထဲမှာလည်း နာကျင်မိသည်။

ဟိုတုန်းက အဆိုတော် ဟန်ဘုန်းရှိန်သည် မေရ အတွက် သာမန်လူသာ ဖြစ်ခဲ့သည်။

အခုတော့ မေရ အတွက် အထူးခြားဆုံးလူသား ဖြစ်ခဲ့ပြီ။

"သြော် ... ကျွန်တော့် ကောင်မလေးက အလှကြိုက်သတဲ့လား"

"ဘာ ကျွန်တော့် ကောင်မလေးလဲ၊ ရှင့်ကို အဖြေတောင် မပေးရသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မေရ မျက်ဝန်းကို ဖတ်ကြည့်ရင် သိတာပေါ့၊ ကဲ ... ဒီ မျက်မှန်ကြီးကို ချွတ်လိုက်"

သူက ပြောပြောဆိုဆို မေရ မျက်မှန်ကို ဆွဲချွတ်လိုက်တာကြောင့် မေရ ယောင်ယမ်းပြီး အော်ဟစ်ကာ မျက်ဝန်းကို မှိတ်ချပစ်လိုက်သည်။

"မလုပ်နဲ့"

"ဘာဖြစ်လို့လဲ မေရ"

"ကျွန်မမျက်မှန် ပြန်ပေး"

မေရ မျက်ဝန်းတွေ ပြန်မြင်နေပြီဆိုတာ သူ့ကို အသိမပေးနိုင်သေး။

"ဘာဖြစ်လို့လဲ"

"မျက်မှန် ပြန်ပေး"

သူ့ကို ရှင်းရှင်းလင်းလင်း မြင်ရအောင် ဖွင့်ကြည့်ချင်ပေမဲ့လည်း ဖွင့်မကြည့်ရဲ။

နောက်ဆုံးမှာ စိတ်မထိန်းနိုင်တာကြောင့် မေရ ငိုကြွေးမိသွားသည်။





"ဟာ ... ဆောရီး ... ဆောရီး ... မေရ၊ ကျွန်တော် မေရကို သက်သက်စတာ၊ မငိုနဲ့နော်၊ ရော့ ... ရော့ ... မေရ မျက်မှန်"

မျက်မှန် ပြန်တပ်ဆင်ပြီးမှပဲ မေရ ရဲရဲ အသက်ရှူတော့သည်။

"မငိုနဲ့နော် မေရ၊ ကျွန်တော့်ကြောင့် မေရကို မျက်ရည်မကျစေချင်ဘူး၊ မငိုနဲ့နော်"

နွေးထွေးသော သူ့လက်ဖဝါးက မေရ မျက်ရည်များကို လာပြီးထိတွေ့ကြ၏။

"ကိုဘုန်းကြောင့် မဟုတ်ပါဘူး၊ ကျွန်မ ဘာသာ ငိုချင်လို့ငိုတာပါ"

"အရူးမ"

"ကိုဘုန်း မြူတွေ အရမ်းကျနေလား"

"ကျနေတယ်၊ ဒါပေမဲ့ ဒီနေ့ နည်းနည်းပါးတယ်၊ မြူမင်းသမီးလေး ရောက်လာလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွား"

သူနှင့်အတူ ရယ်မောမိခိုက်မှာ မေရှသည် နာကျင်စွာနှင့် ညို့ကို ဖောင်းပန်မိသွားသည်။

ညို ... ငါ နင့်အပေါ် တရားရဲ့လား။'





# အပိုင်း(၅)

www.burmeseclassic.com

www.burmeseclassic.com







ယမင်း မျက်ဝန်းများသည် ငိုကြွေးထားသဖြင့် နီရဲမို့အစ်နေ၏။

သို့တိုင်အောင် ယမင်းသည် မာနတရားတို့နှင့် အနိုင်ယူချင်ဟန်နှင့် နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ထားသည်။

သူ့ဆန္ဒအားလုံးကို ယမင်း အရှေ့မှာ ချပြခဲ့ပြီဖြစ်သဖြင့် သူ ယမင်းကို ဘာမှ ထပ်မပြောလိုတော့။

"ကိုကို ... ယမင်းတို့က ဒီလိုနဲ့ပဲ ပြီးလိုက်ရမှာလား"

"ကိုယ် တောင်းပန်ပါတယ် ယမင်း၊ အားလုံး ကိုယ့်အပြစ်ပါ၊ ကိုယ့်အမှားပါ"

"မှားမှန်းသိရင် ပြန်ပြင်လို့ ရပါတယ် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ဒါ အမှားဆိုရင်တောင် သူ ပြန်မပြင်ချင်တော့။ ဒီအမှားကိုပဲ တစ်သက်လုံး ဖက်တွယ်နေချင်မိသည်။

"အပြင်မှာ ကိုကို့အကြောင်း သတင်းတွေ ပလူပျံနေတာပဲ၊ ဒါကို ကိုကို သိရဲ့လား"

"ကြားပါတယ်"

သူ့သူငယ်ချင်းတွေ သယ်လာလိုက်၊ ဆိုင်ကအလုပ်သမားတွေ သယ်လာလိုက်နှင့် သူ့သတင်းတွေကို နားနှင့်မဆန့်အောင် သူ ပြန်ကြားနေရသည်။

"ဒါတောင် ကိုကို ဘာမှမဖြစ်ဘူးလား"

အားလုံးကို လက်လွှတ်ဖို့ ဆုံးဖြတ်ခဲ့ပြီးပြီပဲ။ ဘာမှ ပြန်ပြီး နောင်တမရချင်တော့။

တစ်ခါတလေ အိပ်မက်တွေကို ကယောင်ကတမ်း မက်မိသည်။ သူ အိပ်မက်ထဲမှာ စင်ပေါ်တက်ပြီး ပျော်ရွှင်စွာ သီချင်းဆိုနေသည်တဲ့။

အိပ်မက်မှ လန့်နိုးလာတော့ သူ နာကျင်တုန်လှုပ်နေမိသည်။ သူ ... သူ ... အဆိုတော် ဟန်ဘုန်းရှိန် မဟုတ်တော့။





သာမန်လူလေး ဘုန်းသြဘာ ဘဝနှင့် သီချင်းမဆိုဘဲ နေနိုင်ရဲ့လား။

အို ... သူမ မျက်နှာလေး ပြန်ပြေးမြင်မိသည့်ခဏမှာ ဒီနောင်တ တရားတွေ ပျောက်ဆုံးကုန်တာပါပဲလေ။

"ကိုကိုက သူရဲကောင်းပဲ၊ ပြီးတော့ ပရိုဂျူဆာ ဦးဓွေကြီးနဲ့ စာချုပ် ချုပ်ထားတဲ့ကိစ္စ ပြန်အမ်းဖို့ ကိုကို သဘောတူလိုက်တယ်ဆို"

"ဟုတ်တယ်"

"ဘယ်လောက် အမ်းရမလဲဆိုတာ ကိုကို သိပါတယ်နော်"

မြောက်မြားလွန်းသည့် ငွေပမာဏတစ်ခု။ သူ့လက်ထဲမှာရှိသည့် ငွေပမာဏနှင့် မလောက်လျှင် လက်ရှိစီးနေသည့် ကားကို ရောင်းပြီး စိုက်လျော်မည်ဟု စဉ်းစားထားပြီးသား။

ယမင်းက သူ့ရဲ့မန်နေဂျာ ဖြစ်နေသဖြင့် သူ့လက်ထဲမှာရှိသည့် ငွေပမာဏကို သိပြီးသားဖြစ်၏။

"ကိုယ် ဒီကားကိုရောင်းဖို့ စဉ်းစားထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ ယမင်းသည် ခနဲ့တဲ့တဲ့အပြုံးဖြင့် သူ့ကို စိုက်ကြည့်ပြီး ...

"ကားရောင်းစရာ မလိုပါဘူး ကိုကို၊ ဦးနွေကြီးနဲ့ ယမင်း ပြောပြီးသွားပြီ၊ ဦးနွေကြီးက နောက်ထပ် ခြောက်လတိုး ထပ်စောင့်မယ်တဲ့၊ ကိုကို စိတ်ပြောင်းလာတဲ့ အထိပေါ့"

"မလိုဘူး ယမင်း၊ ကိုယ် ပြန်လျှော်ဖို့ ဆုံးဖြတ်ပြီးသား ပါ"

"ရပါတယ် ကိုကို၊ လျှော်မယ်ဆိုရင်လည်း ကားမရောင်းပါနဲ့၊ လိုငွေကို ယမင်း စိုက်ပေးပါ့မယ်၊ ယမင်းက ကိုကို့ အတွက် ဖြည့်ဆီးပေးဖို့ လူဖြစ်လာတာပဲ၊ ကိုကို အမှားပြင် တဲ့အထိ ယမင်း စောင့်ရမှာပေါ့"

နာကျင်ဒေါသနှင့် ဆင်းသက်လာသော ယမင်း မျက်ရည်များက သူ့ကို အဆိပ်သင့်စေသည်။

သူ့ရဲ့ သူငယ်ချင်းမလေး၊ သူ့ကို အမြဲကူညီ အား ပေးတတ်သည့် ကောင်မလေး၊ သူ့ကြောင့် ခါးသီးစွာ ခံစားနေရပြီ





"ကျေးဇူးတင်ပါတယ် ယမင်း၊ ကိုယ် ယမင်းဆီက ဘာ အကူအညီမှ မလိုချင်တော့ပါဘူး၊ ယမင်း ကိုယ့်ကို ကြည့်စမ်း"

ယမင်း မေးစေ့ကို သူဆွဲပြီး မော့စေသည်။ မျက်ခွံနီး များတွင် မျက်ရည်များ ဖွဲ့တည်နေသော်လည်း မခံချင်စိတ်နှင့် တောက်ပနေတုန်း ဖြစ်၏။

"ကိုယ့်ကို ဂရုမစိုက်ပါနဲ့ ယမင်း၊ ကိုယ့်ကို ဥပေက္ခာပြု လိုက်ပါ၊ ပြီးတော့ ကိုယ့်ကို မေ့လိုက်ပါ"

"ယမင်း လုပ်နိုင်မယ် ကိုကို ထင်လို့လား"

ယမင်းက သူ့လက်ကို ဆတ်ခနဲ ပုတ်ချလိုက်သည်။

"ယမင်း မလုပ်နိုင်ဘူး ကိုကို"

"ကိုယ် ယမင်းအတွက် ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူး ယမင်း"

သူ့ရဲ့ အမှန်တရားများက ယမင်းအတွက် ခါးသီး ရှာပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကတောင် ကိုကို့အိမ် ရောက်ခဲ့သေးတယ်၊ ကိုကို့မိဘတွေ ကိုကို့ကို အတော်ကြီး စိတ်ဆိုးနေကြတယ်"

သူ အိမ်မပြန်ဘဲ ဆိုင်မှာပဲ အိပ်ခဲ့သည်မှာ ရက်အတော်ကြာခဲ့ပြီ။

အိမ်ဝေးငှက်တစ်ကောင်လို သူ ပျံသန်းနေခဲ့သည်။

"ကိုကို့ကို အိမ်အမြန်ပြန်လာဖို့ ပြောနေတယ်၊ အန်တီလည်း နေမကောင်း ဖြစ်နေရှာတယ်"

သူ သက်ပြင်း အသာချလိုက်သည်။

ဖေဖေနှင့် ရင်ဆိုင်ဖို့ ပြဿနာတစ်ထွေးကြီးရှိမှန်း သူ သိပြီးသား ဖြစ်၏။

လောလောဆယ်တော့ သူ ရင်မဆိုင်ချင်သေး။

"ကိုကို အိမ်ကို တစ်ခေါက် ပြန်လိုက်ပါဦး"

"ကိုယ် လောလောဆယ် ပြန်ဖြစ်ဦးမှာ မဟုတ်ဘူး ယမင်း"

"ဘာဖြစ်လို့လဲ ကိုကို၊ ဟိုမိန်းမအတွက်ကြောင့် ကိုယ့်မိဘတောင် ကိုယ်ရင်မဆိုင်ချင်တော့ဘူးလား"





ယမင်း အသံသည် ရုတ်ခြည်း တင်းမာခက်ထန်လာ၏။

"ယမင်း ရှက်တယ် ကိုကို၊ ဘာမဟုတ်တဲ့ မျက်မမြင်မိန်းမတစ်ယောက်အတွက် ကိုကို ကိုယ့်ဘဝကိုယ် ဖျက်ဆီးခံနေတာ ယမင်း ရှက်တယ်၊ အဲဒီမိန်းမက ကိုကို့ဘဝကို ဖျက်ဆီးပစ်နေတာ၊ ကိုကို့ကို မြောင်းထဲရောက်အောင် သုပ်နေတာ၊ ကိုကို သဘောပေါက်ဖို့ ကောင်းပြီ"

"တော်ပါတော့ ယမင်း"

ယမင်း ဒေါသကို ဘယ်လိုနည်းနဲ့ သူ ချေဖျက်နိုင်မှာလဲ။

"ယမင်း အလျှော့ပေးမှာ မဟုတ်ဘူး ကိုကို၊ ဒါကို မှတ်ထားပေးပါ၊ ယမင်း မျက်မမြင်မိန်းမတစ်ယောက်နဲ့ မပြိုင်ချင်ပါဘူး၊ ဒါပေမဲ့ ဒီမိန်းမလက်ထဲကိုလည်း ကိုကို့ကို မထည့်ပေးနိုင်ဘူး၊ ဪ ... ပြီးတော့ ကိုကို့ဖေဖေက မှာလိုက်တယ်၊ ဒီတစ်ပတ်မှ အိမ်မပြန်လာရင် ဆိုင်ကို သူလိုက်လာမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကတော့ သူထင်ထားတာထက် ကြီးမား နေပြီ။

"ယမင်းတို့ရဲ့ မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်ဖြစ်လိမ့်မယ်"

သူ ဘာမှမပြောနိုင်ခင်ပင် ယမင်းက လှပစွာ လှည့်ထွက်သွားသည်။

သူ စိတ်ပျက်စွာ ကောင်းကင်ပြင်ကို မော့ကြည့်တော့ အညိုရောင်တိမ်တိုက်တချို့ အိခနဲ ပြိုဆင်းလာနေသည်။

❋ ✉ ❋





အညိုရောင်ပြေးနေသည့် မျက်မှန်ကို တပ်ဆင်ထားသော မေရှသည် ငှက်ကလေးများကို တစ်ကောင်ပြီးတစ်ကောင် ...းသပ်လွှတ်တင်ရင်း ကျေနပ်ပျော်ရွှင်နေ၏။

သူ့အတွက်ကတော့ အတော်ထူးဆန်းသည့် မိန်းကလေးပဲ။

ယမင်းလောက်တောင် မလှသည့် မိန်းကလေးတစ်ယောက်ကို မြတ်နိုး၍ ချစ်ခင်ခဲ့ပြီ။

"ကိုဘုန်း ... ကျွန်မကို ကြည့်နေတာလား"

"ဟုတ်တယ်"

"ဒီနေ့ ကျွန်မ လှလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်ပွင့်လေးများပါသည့် မိုးပြာရောင်လုံချည်နှင့် တီရှပ်အနက်လေးကို ဝတ်ဆင်ထားသည့် မေရှသည် ထူးထူးခြားခြား လှပမနေပေမဲ့ စွဲမက်ဖွယ် ချစ်စရာကောင်းလွန်းနေ၏။

"ဟင့်အင်း ... မလှဘူး၊ ရုပ်ဆိုးနေတယ်"

"အဲဒါဆို ကိုဘုန်း ဘာလို့ ကြည့်နေလဲ"

"ကျွန်တော် ကြည့်နေတာ မေရှ ဘယ်လိုသိလဲ"

"အင်း ... ခုနက ကိုဘုန်းပဲ ပြောပြီးတော့"

"ဟုတ်သားပဲ၊ ဘာလို့ကြည့်နေလဲ ဆိုတော့ ဒီရုပ်ဆိုးဆိုးကောင်မလေးကို ဘာဖြစ်လို့ ချစ်မိသွားလဲလို့ ကြည့်ပြီး စဉ်းစားနေတာ"

"သွား"

မေရှနှင့်တွေ့လျှင် သူ့ရဲ့ နှောင်တတွေက မြူမှုန်မကျန်အောင် လွင့်ပါးပျောက်ကွယ်သွားလေ့ရှိ၏။

အခုနောက်ပိုင်း မေရှကို ကြည့်ရတာ ပိုပြီး ပေါ့ပါးသွက်လက်စွာ ပျော်ရွှင်လာပုံပေါ်၏။





သူ စာဖတ်ပြသည့်အခါတိုင်း ခါတိုင်းလို ငြိမ်သက်စွာ နားထောင်မနေတော့။

ဘာမဟုတ်တာလေးနှင့်လဲ တဟားဟား အော်ရယ်ရင်း ကျေနပ်နေတတ်၏။

မေရှ ပျော်ရွှင်သည့်အတွက် သူလည်း စိတ်ချမ်းမြေ့ရပါသည်။

ထိုခဏလေးမှာ သူ့ခေါင်းထဲ လှစ်ခနဲ ဝင်လာသည်က မေရှနှင့် တစ်သက်လုံး အတူနေဖို့ ဖြစ်၏။

"မေရှ ... ကျွန်တော့်ကို လက်ထပ်ပါလား"

မေရှ တုန်လှုပ်မည် ထင်သော်လည်း မတုန်လှုပ်။ မတုန်လှုပ်သည့်အပြင် ...

"ဟာ ... လက်ထပ်ခွင့် တောင်းတာလား၊ အတင်းလက်ထပ်ခိုင်းနေတာလား"

"ဘယ်လို ပြောရမှာလဲ"

"နည်းနည်းမှ မနူးညံ့လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မေရ စိတ်ထဲမှာ ဘာတွေရှိလဲဆိုတာ အခုထက်ထိ အနီးစပ်ဆုံးတောင် သူ မခန့်မှန်းနိုင်သေး။

"ဆောရီးဗျာ၊ ကျွန်တော်က ကောင်မလေးတွေ ဝိုင်းဝိုင်းလယ်နေတဲ့ကောင် ဆိုတော့ မိန်းမတစ်ယောက်ကို ဘယ်လိုနည်းလမ်းနဲ့ ခခယယ လက်ထပ်ခွင့် တောင်းရမလဲဆိုတာ မသိပါဘူး"

"ဒါဆိုရင်တော့ ကျွန်မက စဉ်းစားမှာ မဟုတ်ဘူး"

မေရ လှစ်ခနဲ ပြုံးလိုက်တော့ သူ ရင်ခုန်မြန်သွားသည်။ သူမအပြုံးသည် သူ့အတွက် ဘယ်တော့မှ မမေ့နိုင်သော အိပ်မက်တစ်ခုသာ ဖြစ်သည်။

"ခင်ဗျား အတော်ဂျစ်တစ်တစ် နိုင်တာပဲ၊ ကဲ ... ကဲ ... ပြောပြီ၊ ပြောပြီ၊ မေရ ကျွန်တော့်ကို လက်ထပ်ခွင့်ပေးပါလား"

သူမနှင့် ပတ်သက်လာလျှင် သူ အမြဲနူးညံ့တတ်ပေမဲ့ ဒီစကား ပြောဖို့တော့ သူ ရှက်နေမိပြန်သည်။



"အောင်မယ်လေး ... လူသတ်ကောင့်မဲ့ အတိုင်းပဲ၊ မဖြစ်နိုင်သေးပါဘူး ကိုဘုန်းရယ်"

"ဘာဖြစ်လို့လဲ မေရ"

မေရ အသံသည် ပြန်ပြီး လေးနက်တည်ငြိမ်သွားပြန်သည်။ သူမရဲ့ အတွင်းစိတ်က တိမ်တိုက်တွေလိုပင် ဖမ်းဆုပ်လို့ မရနိုင်။

"ကိုဘုန်း ပြဿနာတွေ တစ်ပုံကြီးနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ပြီးတော့ ကိုဘုန်းက နာမည်ကျော် အနုပညာရှင်တစ်ယောက်၊ ပြဿနာကို မဖြေရှင်းဘဲနဲ့ လွယ်လင့်တကူ ရှောင်ထွက်သွားလို့ ဘယ်ရမလဲ"

"ကျွန်တော် သီချင်းမဆိုတော့ဘူးလေ"

"ကိုဘုန်း ပရိသတ်တွေအားလုံး ကိုဘုန်းကို စောင့်နေကြပါတယ်"

သူ့ပရိသတ်တွေဆီမှ သီချင်းပြန်ဆိုဖို့ တိုက်တွန်းထားသည့် စာတွေကို နေ့တိုင်း သူ လက်ခံရရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မေရကို ကတိပေးပြီးပြီလေ"

"မေရတို့ အချိန်တစ်ခုကို စောင့်ကြစို့ ကိုဘုန်း၊ ကာလတစ်ခု ရောက်ရင် မေရရော ကိုဘုန်းပါ အဖြေတစ်ခုကို ရှာတွေ့လာမှာပါ"

"အဲဒီကာလရောက်ရင် မေရ နောင်တရနေမှာ ကျွန်တော် စိုးရိမ်တယ်"

သူ့စကားအဆုံးမှာ မေရသည် ခေါင်းကိုငုံ့ချလိုက်ပြီး ခပ်တိုးတိုး ဆိုလေ၏။

"အဲဒီအချိန်ရောက်ရင် နောင်တမရကြေးပေါ့"

❋ ✉ ❋





သူက လှုငယ်ပီပီ လက်ဖက်ရည်ဆိုင် ထိုင်ရတာကို နှစ်သက်သော်လည်း သူ့ကို လူတော်တော်များများက သိနေသဖြင့် ဆိုင်ထိုင်ရတာ အဆင်မပြေလှ။

"မင်းကလည်းကွာ၊ အခုမှပဲ ထိုင်ရသေးတယ် ဖင်တကြွကြွ ဖြစ်နေပြီလား"

"ငါ စာအုပ်တန်း သွားချင်သေးလို့ကွ"

ဒီကနေ့ သူမကို စာအုပ်အသစ်တွေ လက်ဆောင်ပေးမည်ဟု ရည်ရွယ်ထားတာကြောင့် စာအုပ်တန်းကိုတော့ မဖြစ်မနေ သွားမှဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦးကွာ၊ နည်းနည်းနေအေးမှ သွားပါလား"

"တော်ပြီကွာ၊ သွားတော့မယ်"

သူ စာအုပ်တန်းမှာ စာအုပ်ဝယ်ပြီးတော့ ညနေသုံးနာရီထိုးစ ပြုနေပြီ။

စာအုပ်ဆိုင်မှအထွက် ကားထားထားသည့်ဘက်ကို လမ်းကူးရန်အပြင် သူနှင့် ခပ်လှမ်းလှမ်းမှာ ရပ်နေသော မေရကြောင့် သူ အံ့သြဝမ်းသာသွားသည်။

မေရက သူ့ကိုမမြင်။ လမ်းတစ်ဖက်ကိုကူးဖို့သာ အာရုံစူးစိုက်နေသည်။

စာအုပ်တစ်ထွေ့တစ်ပိုက်နှင့် ရပ်နေသော မေရ ဘေးနားမှာ ဘယ်သူမှ ရှိမနေတာကြောင့် သူ စိုးရိမ်သွားသည်။

မေရ အဖော်ကိုများ ရပ်စောင့်နေသလား။ ဘေးနားမှာ ဝေ့ဝဲကြည့်မိတော့လည်း ဘယ်သူမှ မတွေ့။

မမြင်ဘဲနဲ့ တစ်ယောက်တည်း အပြင်ထွက်ရလောက်အောင် သူမ သတ္တိသိပ်ကောင်းနေလား။





ဒေါသလည်းဖြစ်၊ စိုးလည်း စိုးရိမ်နေသဖြင့် မေရအနောက်နားဆီ ခြေလှမ်းကျဲကြီးနှင့် လျှောက်သွားမိသည်။

သို့သော် မေရသည် သူ့ကို လုံးဝမမြင်ဘဲ ဥဒဟိုသွားလာနေသော ကားများကို ရှောင်ကွင်းရင်း လမ်းတစ်ဖက်ကိုကူးဖြတ်သွားလေသည်။

ထိုခဏမှာပင် သူ့အံ့အားသင့်စွာ မှင်သက်သွားသည်။

မျက်မမြင်တစ်ယောက်က ကားတွေကို ရှောင်ရှားရင်း လမ်းကူးနိုင်သလား။

သူ မယုံကြည်နိုင်သေး။

အညိုရောင်ဖျော့ဖျော့ မျက်မှန်ကို တပ်ဆင်ထားသော မေရသည် ဗိုလ်ချုပ်ဈေးထဲကို တန်းတန်းမတ်မတ် ဝင်သွားတာကြောင့် သူ နောက်ကနေ အပြေးလိုက်သွားမိသည်။

မေရ၏ ပုံအသွင်သည် ...

"ကိုဘုန်း ... ဒီနေ့ မြူတွေအများကြီးကျလား" ဟု မေးခဲ့သည့် မိန်းမတစ်ယောက်ပုံစံ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

မေရ ပိုးထည်တွေရောင်းသည့်ဆိုင် ရောက်တော့ သူ နောက်ကနေ ရပ်ကြည့်နေမိသည်။

"ဟိုဘက်က အပြာလေးတစ်ထည် ပြပေးပါဦး"

အရောင်များကို စိတ်ကြိုက် ရွေးချယ်နေသော မေရကို အမြင်မှာ တစ်ခုခု မှားနေပြီဆိုတာ သူ သိလိုက်၏။

သူမ မျက်ဝန်းတွေ ဘယ်တုန်းက ပြန်မြင်ခဲ့တာလဲ။

ဒါမှမဟုတ် အရင်ကတည်းက မမြင်ချင်ယောင် ဆောင်နေခဲ့တာလား။

သေချာတာကတော့ သူ လုပ်စွာ အညာခံခဲ့ရပြီ။

မြင်ရက်သားနှင့် မမြင်ချင်ယောင် ဆောင်နေသည့် မိန်းမတစ်ယောက်၏ အညာကို ခံခဲ့ရပြီ။

ခါးသက်နာကျင်သော ခံစားချက်က သူ့ဆီကို အရှိန်နှင့် ပြေးဝင်လာနေသည်။

သူမ ရှေ့ဆက်လျှောက်သွားသော်လည်း သူ ဆက်ပြီးမလိုက်နိုင်တော့။

❀ ✉ ❀






# အပိုင်း(၆)

www.burmeseclassic.com

www.burmeseclassic.com







၁း

အင်မတန်မှ ကြေကွဲထိခိုက်သည့် ပုံစံနှင့် အသက်မဲ့စွာ လျှောက်လှမ်းလာသော ကိုဘုန်းကို မေရ မြူမှုန်တွေကြားထဲမှ မြင်နေရ၏။

သူ ဘာဖြစ်လာသလဲကွယ်။

သူ ထိခိုက်နာကျင်နေတာကို မေရ မြင်နေရသော်လည်း မမြင်ချင်ယောင် ဆောင်နေရသည်။

မေရ မြင်နေရပါသည်ဟု ပြောပိုင်ခွင့် မရှိသေး။

"မေရ"

သူက မေရ ဘေးနားရပ်ပြီး တိုးတိမ်စွာခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်း လာပြီလား"

ကိုဘုန်း လက်ဆောင်ပေးထားသည့် မိုးပြာရောင် ဖျော့ဖျော့ မျက်မှန်လေးကို မေရ တပ်ဆင်ထားသဖြင့် မြူမှုန်နှင့် နှင်းစက်များသည် ပြာလွင်လွင်အရောင်နှင့် ကြည့်ကောင်းနေ၏။

"ကိုဘုန်း ဒီနေ့ မြူတွေ အရမ်းကျလားဟင်"

"မေရ ဘယ်လိုထင်လဲ"

"ဒီနေ့ မြူတွေ ပိတ်နေတယ်လို့ ထင်တယ်"

"ဘာဖြစ်လို့ အဲဒီလို ထင်တာလဲ"

မေရ မြင်နေပါတယ်ဟု ပြောရမလား။ မေရသည် ကိုယ့်အတွေးနှင့်ကိုယ် ခပ်သဲ့သဲ့ ပြုံးလိုက်ရင်း ...

"ကျွန်မ ဒီနေ့ အရမ်းချမ်းတယ်လို့ ခံစားရတယ်"

"ဟုတ်လား"

ထိုခဏမှာပင် သူသည် မေရ တပ်ဆင်ထားသော မိုးပြာရောင်မျက်မှန်ကို ဆတ်ခနဲ ဆွဲချွတ်ရင်း ...

"မေရ ... ကျွန်တော့်ကို သေချာကြည့်စမ်း"





အမိန့်ပေးသံ အပြည့်နှင့် ပြောလိုက်သည့် သူ့စကား အဆုံးမှာ မေရသည် မေ့လျော့ယောင်ယမ်းပြီး သူ့ကို မော့ကြည့်မိသွားသည်။

သူ့မျက်ဝန်းထဲမှ နာကျင်မှုကို တိုက်ရိုက်ထိတွေ့ မိသဖြင့် မေရ ထိတ်လန့်သွားသည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ ညာရတာလဲ မေရ"

"ကိုဘုန်း"

သူ စိတ်ထိခိုက်စွာ ညည်းတွားလိုက်၏။

"မေရ ကျွန်တော့်ကို ဘာဖြစ်လို့ ညာရတာလဲဗျာ"

"ကိုဘုန်း ... ဘာတွေ ပြောနေတာလဲ"

မေရ ဟန်ဆောင်ကြည့်ဖို့ ကြိုးစားမိသေးသည်။

"ကျွန်တော် ဘာပြောလဲဆိုတာ မေရ သိပါတယ်၊ နေဦး ခင်ဗျားအတွက် ဒါ မလိုတော့ဘူး ထင်တယ်၊ ဟုတ်တယ် မဟုတ်လား"

သူက မေရ မျက်မှန်လေးကို ခပ်ဝေးဝေးသို့ ပစ် ပေါက်လွှင့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်း"

မေရ တားဆီးလိုက်ပေမဲ့ မမီတော့။ ခပ်ဝေးဝေး မြက်ခင်းစပ်မှာ မျက်မှန်လေးသည် ကူရာမဲ့စွာ သွားပြီး ကျရောက်နေ၏။

သူ သိသွားခဲ့ပြီပေါ့။

မေရ မျက်ဝန်းတွေ မြင်နေပြီဆိုတာ သူ သိသွားခဲ့ပြီပေါ့။

"မေရ ... ဘာဖြစ်လို့ ကျွန်တော့်ကို လိမ်တယ်ဆိုတာ ကျွန်တော် သိချင်တယ်"

ပေါက်ကွဲမှုကို အတင်းထိန်းချုပ်ထားသည့် လူတစ်ယောက်၏ ပုံစံမျိုးကို သူ့ဆီမှာ တွေ့နေရသည်။

"ကျွန်တော် အရမ်းများ တုံးနေလား မေရ၊ ဒါမှမဟုတ် အရမ်းအ,နေလား၊ ဒါမှမဟုတ် မိန်းမတစ်ယောက် လိမ်ညာတာကို ခံရလောက်အောင် ကျွန်တော် တန်ဖိုးမဲ့နေလား"





မေရ အတွက် သူက တန်ဖိုးအရှိဆုံး လူသားပါကွယ်။ မေရ ဘယ်လိုပြောရမလဲ။

"ဘာရည်ရွယ်ချက်နဲ့လဲ မေရ"

"ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ အချိန်မတန်သေးလို့ ကျွန်မ အသိမပေးတာပါ"

"ကျွန်တော် မယုံဘူး မေရ၊ မေရမှာ ဘာရည်ရွယ်ချက်မှ မရှိဘူးဆိုတာ ကျွန်တော် မယုံဘူး"

သူ၏ များပြားလှသည့် စွပ်စွဲချက်တွေအောက်မှာ မေရ၏ နူးညံ့မှုတို့ ပျောက်ဆုံးစ ပြုလာပြီ။

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်မမှာ ရည်ရွယ်ချက်ရှိတယ်"

"ညို့အတွက်ပဲ မဟုတ်လား၊ ခင်ဗျား သူငယ်ချင်း ညို့အတွက်ပဲ မဟုတ်လား"

ညို ...။ အို ... ညို့ကို မေရ မေ့လျော့နေခဲ့သည် မှာ ကြာခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ညို့အတွက် အောင်နိုင်မှုတစ်ခု ပြန်ယူပေးမည်ဆိုသော ရည်ရွယ်ချက်တွေ ယိုင်နဲ့ပျောက်ဆုံးကုန်တာ မေရ ဘယ်လိုပြောရမလဲ။

"ဟုတ်တယ် ... ညို့အတွက်နဲ့ ရှင့်ကို ကျွန်မ မုန်းခဲ့တယ်"

"ကျွန်တော် အဓောကြီးကတည်းက သိခဲ့ဖို့ ကောင်းတယ်"

သူ ခပ်တိုးတိုး ညည်းညူရင်း တိတ်ဆိတ်သွား၏။

သူ အရှုံးသမား တစ်ယောက်လို နာကျင်နေပြီဆိုတော့ မေရ နိုင်ပြီပေါ့။

ညို့အတွက် သူ့ဆီမှ တစ်ခုခု ပြန်ရခဲ့ပြီပေါ့။

"ကောင်းပြီလေ၊ ဒါဆိုရင်လည်း ကျွန်တော်တို့ လမ်းခွဲကြရုံပေါ့"

လမ်းခွဲကြမယ်တဲ့။

ဒီလို အဆုံးသတ်ကို မေရ ကြိုတွေးခဲ့ဖူးပေမဲ့ အခုလောက် မတုန်လှုပ်မိ။ ဒါ သူနဲ့ မေရရဲ့ အဆုံးသတ်တဲ့လား။

"အဲဒါကြောင့် ကျွန်တော် လက်ထပ်ဖို့ ပြောခဲ့တုန်းက ခင်ဗျား ငြင်းခဲ့တာကိုး"





အတော်ကြီး နားထောင်ယူရအောင် သူ့လေသံသည် တိုးဖျော့လွန်းနေသည်။

"ကျွန်မတို့ လမ်းခွဲဖို့ မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်နဲ့ လက်တွဲဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့လို့ပဲ"

မေရကို ရုတ်တရက် စိုက်ကြည့်လိုက်သော သူ့မျက်ဝန်းတွေသည် ကြောက်စရာကောင်းလောက်အောင် အေးစက်ပြင်းထန်နေခဲ့သည်။

"ကျွန်တော် အများကြီး မျှော်လင့်ခဲ့ပါတယ်၊ ဒါပေမဲ့ အခုတော့ ..."

သူသည် စကားကိုဆုံးအောင် မပြောဘဲ လှစ်ခနဲ ပြေးထွက်သွားသည်။

ကိုကုန်း ...

မေရ စိတ်ထဲကနေ အားရပါးရ အော်ခေါ်မိသည်။

ခဏနေတော့ မြူမှုန်ကြားထဲမှာ သူမ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်လာခဲ့ပါသည်။

မေရ မျှော်မှန်းထားသည့်အတိုင်း သူ ပြန်လာခဲ့ပါသည်။

သူ ပြန်လာခဲ့သော အချိန်သည် အေးစက်နေသော မြူမှုန်တွေ ကျဆင်းနေသည့်အချိန် မဟုတ်ပါ။

အရိုင်းအစိုင်း ကျားသစ် တစ်ကောင်လိုပင် သူ့မျက်နှာသည် ခက်ထန်မာကျောနေ၏။

နာကျင်မှုနှင့် ဝမ်းနည်းမှုတွေ အားလုံး နာကြည်းမှုအဖြစ် အသွင်ပြောင်းသွားကြပြီလား။





သူ ရောက်လာသည့် အချိန်မှာ မေရ နှလုံးသားသည် အေးစက်သော ဝမ်းနည်းမှုတွေနှင့် အသားကျနေခဲ့ပြီဖြစ်၏။

"ကျွန်တော့်မှာ ပြောစရာတွေ ရှိသေးတယ်"

"ကျွန်မ သိပါတယ်"

ဟိုးတစ်နေ့ ... သူ ထွက်ပြေးသွားကတည်းက သူ့မှာ ပြောစရာတွေ အများကြီး ကျန်ရစ်လိမ့်မည်ဖြစ်ကြောင်း မေရ သိရှိခဲ့ပြီဖြစ်၏။

"ဟုတ်မှာပါ၊ ခင်ဗျား သိမှာပါ၊ ခင်ဗျားက လူတွေရဲ့စိတ်ကို အနီးစပ်ဆုံး ခန့်မှန်း အသုံးချနိုင်တာပဲဟာ"

"ကျွန်မ ရှင့်ကို အသုံးချခဲ့တယ်၊ ဟုတ်လား"

မေရ ဘယ်တုန်းကမှ မတွေးမိခဲ့ပါလား။

"ဟုတ်တယ်လေ၊ ဥပမာ ... ခင်ဗျားကို တကယ်မမြင်ဘူးထင်ပြီး ကျွန်တော် စာဖတ်ပြခဲ့တယ်၊ စိတ်ထဲကနေပဲဖြစ်ဖြစ် ကွယ်ရာမှာပဲဖြစ်ဖြစ် ခင်ဗျား ကျွန်တော့်ကို ကျိတ်ပြီး ဟားချင် ဟားနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေရ အမှန်တကယ် လိုလားတောင့်တခဲ့တာ သူ့အသံပါ။ သူ့ကို အသုံးချနေပါလားဟု မေရ မစဉ်းစားခဲ့ဖူးပါ။ သို့သော်လည်း သူ ဒီလိုထင်မြင်ခဲ့ပြီဖြစ်၏။

"ရှင် ထင်ချင်သလို ထင်ပါ၊ ကျွန်မက ဂရုမစိုက်ဘူး"

"ဟုတ်ပါတယ်၊ ခင်ဗျားက တစ်ဖက်လူရဲ့ ခံစားချက်တွေ အတွေးတွေကို ဘယ်တုန်းကမှ ဂရုစိုက်မှာ မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ အဓိပ္ပာယ်မရှိတဲ့ တစ်ဖက်သတ်အတွေးတွေနဲ့ အောင်မြင်ဖို့ ကြိုးစားနေတာပါ"

သူ့ရဲ့ စွပ်စွဲချက်တွေက တဖြည်းဖြည်းနှင့် ပိုပြီးပြင်းထန်လာ၏။ မေရ ဘယ်လောက်ထိ သည်းခံရဦးမှာလဲ။

"ဒီမှာ ဘုန်းသြဇာ … ရှင် ဒီကိုလာတာ ကျွန်မကို ဒါတွေပြောဖို့ လာတာလား"

"ဆောရီး … ကျွန်တော် ဟန်ဘုန်းရှိန်ပါ"

မေရ ဒီလောက် အားတင်းနေသည့် ကြားထဲမှ လှစ်ခနဲ ဝမ်းနည်းသွားပြန်သည်။





သူ တကယ်ပဲ ဘုန်းသြဇာ မဖြစ်ချင်တော့ဘူးပေါ့။

"ခင်ဗျားကြောင့် ကျွန်တော် သီချင်းတွေကို စွန့်လွှတ်ခဲ့တယ်၊ ကျွန်တော် အမြတ်နိုးဆုံး အိပ်မက်တွေကို ဖျက်ဆီးပစ်ခဲ့တယ်၊ အခု ကျွန်တော်လာတာ ဒီကိစ္စအတွက်ပဲ၊ ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ကို သီချင်းမဆိုခိုင်းတာလဲ"

ထိုမေးခွန်းအတွက် မေရမှာ အဖြေအသင့် ရှိမနေပါ။ ထိုစဉ်က မေရသည် သူ့စိတ်ဆန္ဒကို စမ်းသပ်ရုံသက်သက် ပြောခဲ့ခြင်းသာ ဖြစ်၏။

သူနှင့် သီချင်းတွေကို ထာဝစဉ် ခွဲပစ်ဖို့ မရည်ရွယ်ခဲ့ပါ။

"ပြောလေ … ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ကို သီချင်းမဆိုခိုင်းတာလဲ၊ ပြောပါ"

"ကျွန်မ မဖြေနိုင်ဘူး"

သူသည် မျက်ဝန်းများကို တမင်သက်သက် မှေးစင်းပြီး မေရကို ဆတ်ခနဲ စိုက်ကြည့်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မဖြေနိုင်တာလဲ၊ ခင်ဗျားမှာ ရည်ရွယ်ချက် ရှိခဲ့တယ်၊ အကောင်အထည်လည်း ဖော်ခဲ့တယ်၊ အောင် လည်း အောင်မြင်ခဲ့တယ် မဟုတ်လား၊ အဖြေရှိမှာပါ"

မေရသည် သူ့နှလုံးသားကို ဒဏ်ရာအနည်းငယ်ရုံ သာ ရည်ရွယ်ခဲ့သည်။ အခုတော့ တန်ပြန်သောအားဖြင့် မေရ နှလုံးသားမှာ ကြီးမားသောဒဏ်ရာ ထင်ခဲ့ပြီဖြစ်၏။

"ကျွန်မမှာ အဖြေမရှိဘူး ဘုန်းသြဇာ"

"ခင်ဗျား မလိမ်ပါနဲ့၊ ကျွန်တော့်ဘဝကို တမင်သက်သက် ဖျက်ဆီးပစ်ချင်လို့ မဟုတ်လား"

"မဟုတ်ဘူး"

"ကျွန်တော့်အမည်ကို မြှောင်းထဲ ရောက်စေချင်လို့ပေါ့ ဟုတ်လား"

"မဟုတ်ဘူး"

"ဒါဆိုရင် ခင်ဗျား အဆိုတော် ဟန်ဘုန်းရှိန်ကို ဘာဖြ လို့ မုန်းတီးနေတာလဲ"





သူ့သီချင်းတွေကို မေရ နှစ်သက်ခဲ့ဖူးပါသည်ဟု ဝန်ခံရမလား။

သူ ယုံကြည်မည် မထင်ပါ။

"နောက်ဆုံးတော့ ကျွန်တော်တောင် မသိလိုက်တဲ့ ခင်ဗျား ရဲ့ သူငယ်ချင်းအတွက်ပဲပေါ့ ဟုတ်လား၊ အဲဒီအတွက် ကျွန်တော့်ကို ကလဲ့စားချေဖို့ လိမ်ညာခဲ့တာပေါ့ ဟုတ်လား"

မေရဆီမှ အဖြေတစ်ခု မရမချင်း သူ ကျေနပ်မည့် ပုံ မပေါ်ပါ။

ဒါကြောင့် မေရ အမိုက်ခံပြီး ဝန်ခံလိုက်မိသည်။

"ဟုတ်တယ်"

"ခင်ဗျား ဝန်ခံပြီပေါ့၊ ကောင်းပြီလေ၊ ကျွန်တော် ဆက် ပြောမယ်၊ ကျွန်တော် သီချင်းပြန်ဆိုမယ်၊ ဟန်ဘုန်းရှိန် ဆိုတဲ့ အဆိုတော်တစ်ယောက် ဒီထက်ပိုပြီး လျှမ်းလျှမ်း တောက် အောင်မြင်အောင် ကျွန်တော် အကောင်းဆုံး ပြန်ဆိုမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသြဇာ ဆိုသည့် သာမန်လူတစ်ယောက် နေဝင်ချိန်ရောက်သင့်နေပါပြီ။

သူနဲ့ သီချင်းတွေ ပြန်ပြီး စည်းလုံးဖို့ အချိန်ရောက်ခဲ့ပြီပေါ့။

"ကျွန်တော့် နာမည်ကို ဒီထက်ပိုပြီး ကြီးထွားလာအောင် ကျွန်တော် အစွမ်းကုန် ကြိုးစားသွားမယ်၊ ခင်ဗျား ကျွန်တော်ရဲ့ အောင်မြင်မှုတွေကို စိတ်ပျက်ပျက်နဲ့ စောင့်ကြည့်နေပေါ့၊ ဟုတ်လား"

"ဝမ်းနည်းပါတယ်၊ ကျွန်မ စိတ်မဝင်စားဘူး"

သူ့ကို ဒီထက်ပိုပြီး အောင်မြင်စေချင်သည့် မေရရဲ့ စိတ်စေတနာ အမှန်ကို ရင်ထဲမှာပဲ သိမ်းဆည်းထားလိုက်သည်။

ဒီတစ်သက်တော့ မေရ ရင်ထဲကို သူ မမြင်နိုင်တော့။

သူ ပြန်သွားချိန်မှာတော့ မေရ ရင်ထဲမှ ဝမ်းနည်းကြေကွဲမှုသည် မျက်ရည်မိုးအဖြစ် ပွင့်အံကျလာ၏။

✽ ✉ ✽





"ဟာ ... ပျော်စရာကြီး၊ ဟန်ဘုန်းရှိန် သီချင်းပြန်ဆိုပြီတဲ့"

ဝေဝေက သတင်းဆန်းတစ်ခု အနေနှင့် လာပြောသော်လည်း မေရ မတုန်လှုပ်မိတော့။

သူနှင့် မေရ၏ အညိုရောင်ဓာတ်သိမ်းကို ဘယ်သူမှ သိနိုင်မည် မထင်ပါ။

"မမ ကြည့်စမ်း၊ ဒီထဲမှာပါတဲ့ ဟန်ဘုန်းရှိန် ပုံတွေက တော်တော် မိုက်တယ်"

မေရ တစ်ချက် ငဲ့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရယ်အပြုံးကင်းသော မျက်နှာထားတင်းတင်းသည် တစ်မျိုးတစ်ဖုံ ဆွဲဆောင်မှု အား ကောင်းနေ၏။

"နှစ်ဆယ့်ငါးရက်နေ့မှာ One Man Show ဆိုမယ်တဲ့၊ သွားကြည့်ဦးမှပဲ၊ လက်မှတ် ဘယ်နေရာမှာ ဝယ်ရမှာပါ လိမ့်"

ဝေဝေ တစ်ယောက်တည်း ဂျာနယ်တစ်စောင်နှင့် အလုပ်ရှုပ်နေသည်ကို မေရ ငုံ့ကြည့်မိသည်။ ဘယ်စတိတ်ရှိုးမဆို အရှေ့ဆုံးကနေ အားပေးလေ့ရှိသော ဝေဝေသည် ဒီစတိတ်ရှိုးကို လည်း အလွတ်ခံမည် မထင်ပါ။

"ဝေဝေ လက်မှတ်ဝယ်ရင် မမအတွက်ပါ တစ်စောင် ထည့်ဝယ်လိုက်"

"ဟင် ... မမ ကြည့်မလို့လား၊ သူ့ကို မကြိုက်ဘူးဆို"

"မမ မျက်လုံးပြန်ကောင်းကတည်းက စတိတ်ရှိုး တစ်ခါမှ မကြည့်ရသေးဘူး၊ တစ်ခါတလေ စိတ်ပြေလက်ပျောက် ဖြစ်အောင် ကြည့်မလားလို့"





"မမ ကြည့်မယ်ဆို ထည့်ဝယ်လိုက်မယ်၊ နေဦး ... သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီး ချိန်းရဦးမယ်"

သူငယ်ချင်းတွေဆီ ဖုန်းဆက်ချိန်းဖို့ အားသန်နေသော ဝေဝေက ဒီတစ်ခါတော့ သူမကို မခနဲ့နိုင်တော့။

"ဩော် ... ဝေ့ ညီမလေး လက်မှတ်ဝယ်ရင် မမကို နောက်ဘက်ခပ်ကျကျနေရာက ဝယ်ပေးနော်"

"ညီမလေးတို့က ရှေ့ဘက်က ကြည့်မှာ မမရဲ့"

"ကိစ္စမရှိဘူး၊ မမတစ်ယောက်တည်းအတွက် အနောက်ဘက်ကနေပဲ ဝယ်လိုက်"

"အပျိုကြီး ကြည့်လည်း ကြည့်ချင်သေးတယ်၊ ကပ်စီးက လည်း နည်းသေးတယ်"

သူ မြင်မှာစိုး၍ မေရက အရှေ့ဘက်ကနေ မကြည့်ရဲတာကို ဝေဝေက တစ်မျိုးထင်သွားပြန်၏။

ဘယ်လိုပဲ ထင်ထင်ပါ၊ ခွဲနေရတာ ကြာပြီဖြစ်သော သူ့မျက်နှာလေးကို အလွမ်းပြေ ကြည့်နိုင်လျှင်ပဲ မေရ ကျေနပ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စတိတ်ရှိုးနေ့ ရောက်တော့ သူ့ပရိသတ်သည် တိုးမပေါက်အောင် စည်ကားသိုက်မြိုက်စွာ အားပေးကြ၏။

မေရ ထိုင်ရမည့်နေရာသည် အတော်ကြီး ချောင်ကျသည့်အပြင် အနောက်ဘက်လည်း ကျသေးသဖြင့် မေရ အသက်ရှူချောင်သွားသည်။

ဒီနေရာက နေဆို သူ မေရကို မမြင်နိုင်တော့။

"မင်္ဂလာပါခင်ဗျာ၊ ကျွန်တော့် ပရိသတ်တွေကို အကြာကြီး ပစ်ထားမိတဲ့အတွက် ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်"

စင်ပေါ်သို့ မြူးကြွစွာ သူ တက်လာသည်နှင့် လက်ခုပ်သံတွေ ဆူညံသွားသည်။

အနည်းငယ် ပိန်သွားသော်လည်း သူ ပိုပြီးကြည့်ကောင်းလာ၏။

ဂီတ၏ အငွေ့အသက်အောက်မှာ သူ၏လှုပ်ရှားမှုသည် အံ့သြဖွယ် ကောင်းလောက်အောင် လှပနေခဲ့သည်။





သူ သီချင်းတစ်ပုဒ် ဆိုပြီးတိုင်း မေရ ပိုပိုပြီး ဝမ်းနည်းလာမိသည်။

ဒါ ဟန်ဘုန်းရှိန်တဲ့လား။

မေရ သူ့ဆီမှာ တကယ်ပဲ ကျဆုံးခဲ့ပြီ။

"ကျွန်တော် နောက်ဆုံးအနေနဲ့ သီချင်းတစ်ပုဒ် သီဆိုချင်ပါတယ်၊ ကျွန်တော့်မှာ အရမ်းချစ်ခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက် ရှိခဲ့ဖူးပါတယ်"

သူက ခဏနားသည့်အနေနှင့် စကားစကို ရပ်ပစ်လိုက်သည်။ ပရိသတ်အားလုံး သူ့စကားကို စိတ်ဝင်စားစွာ တိတ်ဆိတ်သွားကြသည်။

အရမ်းချစ်ခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက်တဲ့။

သူ ဘယ်သူ့ကို ပြောတာလဲကွယ်။

"အခု ကျွန်တော်တို့ နာကြည်းစွာ လမ်းခွဲခဲ့ကြပါပြီ"

နာကြည်းစွာနဲ့တဲ့ ...။ ဟုတ်ပါတယ်၊ သူ့ အရမ်းကြီး နာကြည်းသွားခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူမအတွက် သီချင်းတစ်ပုဒ် ရေးစပ်ထားပါတယ်၊ မြူခင်းထဲမှာလို့ အမည်ရပါတယ်၊ နားထောင်ကြည့်ပေးပါ"

မြူခင်းထဲမှာတဲ့ ... မေရ ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ မြူခင်းထဲက အမှတ်တရတွေကို သူ ပုံရိပ်ဖမ်းပြီး အကောင်းဆုံးသီချင်းတစ်ပုဒ် ရေးဖွဲ့နိုင်ခဲ့သည်။

သီချင်အဆုံးမှာတော့ မေရသည် အင်အားကုန်ခမ်းစွာ ငြိမ်သက်သွားခဲ့သည်။

စတိတ်ရှိုးအပြီးမှာ မေရသည် များပြားလှသည့် လူတွေကို ရှောင်ရှားရင်း ဝေဝေကို ထွက်ပေါက်နားမှာ စောင့်နေမိသည်။

ဝေဝေကလည်း အခုထိ ထွက်မလာသေး။ ကြာလိုက်တာ။

ထိုအချိန်မှာပင် အားမာန်အပြည့်ပါသော ခြေလှမ်းများနှင့် မေရှိဆီ တည့်တည့်မတ်မတ် လျှောက်လှမ်းလာသော သူ့ကို တွေ့လိုက်ရသည်။





"ခင်ဗျား ဘာလာလုပ်တာလဲ"

ဘယ်လိုပုံစံမျိုးနဲ့မှ မေရ အမှန်အတိုင်း ဝန်ခံ၍ မဖြစ်။

သူ့အမြင်မှာ မေရသည် သူ့ကို အားပေးနေသူ မဖြစ်ရ။

"ဧည့်သည်တစ်ယောက် ဒီမှာတည်းတယ်ဆိုလို့ လာတွေ့တာ"

သူ သီချင်းဆိုသည့် နေရာသည် ဟိုတယ်တစ်ခု ဖြစ်နေသဖြင့် မေရ ကံကောင်းသွားသည်။

"ရှင်ရော ဒီမှာ ဘာလာလုပ်တာလဲ"

မေရသည် ဘာမှမသိသည့် ပုံစံမျိုးနှင့် ပြန်ပြီး မေးလိုက်သည်။

"ကျွန်တော်က အဆိုတော်ပဲဟာ သီချင်း လာဆိုတာပေါ့၊ သွားမယ်"

နှုတ်ဆက်သံသည် မာကျောကျော နိုင်လှသည့် သံဖြတ်တစ်ခု ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါ သူနှင့် မေရ ကြားမှာ ရှိခဲ့သော သံယောဇဉ်လား။

ဒါဆိုရင်တော့ အတ္တတွေ ဖိစီးနေသည့် သံယောဇဉ်ပင် ဖြစ်ပေလိမ့်မည်။

❀ ❀ ❀






# အပိုင်း(၇)

www.burmeseclassic.com

www.burmeseclassic.com







အိမ်ထဲ လှမ်းဝင်လိုက်သည်နှင့် အသံလှိုင်လှိုင်နှင့် တခစ်ခစ် ရယ်မောနေသော ယမင်း အသံကို ကြားလိုက်ရသည်။

ယမင်း ရောက်နေသည်ပေါ့။

မေရကို မြင်ခဲ့ရသည့်အတွက် သူ ဘယ်သူနဲ့မှ စကားမပြောချင်တော့။

အိပ်ရာထဲဝင်ပြီး အနားယူလိုလှသည်။

သူမကို မြင်လိုက်သည့်အခါတိုင်း အမှတ်သည်းခြေ မရှိသည့် နှလုံးသားက ပြန်ပြန်ပြီး နွေးထွေးလာသည်မှာ ဒေါသ ထွက်ချင်စရာ။

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ယမင်း အသံနှင့် စည်ကားနေသော ညည့်ခန်းကို ကွေ့ပတ်ရှောင်ဖို့ အပြင်မှာပင် ယမင်းက သူ့ကို မြင်သွားခဲ့သည်။

"ဟိတ် ... ကိုကို ပြန်လာပြီလား၊ ယမင်း စောင့်နေတာ ကြာလှပြီ၊ ဘာလဲ ယမင်းကို နှုတ်မဆက်ဘဲ အပေါ်တက် မှပြေးမလို့လား"

"မဟုတ်ပါဘူး ယမင်းရာ၊ ကိုယ် အပေါ်တက်ပြီး အဝတ် အစား လဲမလို့ပါ"

"ကိုကို ထမင်းမစားရသေးဘူး မဟုတ်လား၊ ယမင်း ဟင်းတွေ နွေးလိုက်မယ်လေ"

သူ့အိမ်ရဲ့ အိမ်သားတစ်ယောက်လို ဖြစ်နေပြီဖြစ်သော ယမင်းကို သူ ဟန့်တားလိုက်သည်။

"မနွေးနဲ့တော့ ယမင်း၊ ကိုယ် မစားတော့ဘူး"

"ဘာဖြစ်လို့လဲ ကိုကို၊ ခေါင်းနောက်လာလို့လား"

နှလုံးသားတစ်ခုလုံး မူးနောက်နောက် ဖြစ်ကာ ရင်ဘတ် တစ်ခုလုံး နာကျင်နေပါသည်ဟု သူ ပြော၍ မဖြစ်။





"ကိုယ့်ကို သံပုရာရေ တစ်ခွက်လောက်ပဲ လုပ်ပေးပါ ယမင်း"

"ဟုတ်ကဲ့၊ ဪ ... ကိုကို့ဖေဖေ ခေါ်နေတယ် သွားလိုက်ဦး"

ဒီညအဖို့ သူ ဘယ်သူ့ကိုမှ ရှောင်၍ရမည် မထင်တော့။

"ဟော ... သား ပြန်လာပြီ"

မေမေ၏ နှုတ်ဆက်သံသည် နွေးထွေးမှု ရှိသော်လည်း အဖေ သူ့အပေါ်ကြည့်သော အကြည့်တို့က အေးစက်လွန်းနေ၏။

"ဟန်ဘုန်းရှိန် ... ခဏလာဦး"

မေမေ့ဆန္ဒအရ သူ အိမ်မှာပြန်ရောက်နေထိုင်ခဲ့သော်လည်း သူနှင့် အဖေကြားထဲမှ ဆက်ဆံရေးသည် ပြန်ပြီးနွေးထွေး မလာခဲ့။



www.burmeseclassic.com

www.burmeseclassic.com



တင်းမာလွန်းသော အေးစက်စက် အခြေအနေမှာ အခုအကြိမ်သည် အဖေ သူ့ကို ပထမဦးဆုံးအကြိမ် စကားစ ပြောခြင်း ဖြစ်၏။

"ဟုတ်ကဲ့"

"မင်းနဲ့ ယမင်းကို အမြန်ဆုံး နေရာချပေးဖို့ ငါတို့စီစဉ်နေတယ်၊ မင်း ဘာပြောချင်သေးလဲ"

ချောင်ပိတ်စီး အပိုင်ဖမ်းလိုက်သည့် မေးခွန်းဖြစ်၏။ အခုအချိန်မှာ သူပြောချင်တာတွေ အားလုံး ပြော၍ဖြစ်ပါဦးမလား။

"မင်း ငြင်းဖို့ မကြိုးစားပါဘူးနော်၊ အေးလေ ... ကိုယ်လုပ်ချင်တာတွေ အားလုံး လုပ်ခဲ့ပြီးပြီပဲ၊ ပြန်ပြီး အသိဝင်လာတာပဲ၊ ကျေးဇူးတင်ရဦးမယ်"

အဖေ ပြောနေပုံက သူက မိုက်မဲဆိုးတေနေသည့် သားတစ်ယောက်နှယ်။

မေရနှင့် သူ၏ အဆုံးသတ်သည် အားလုံးအတွက် ပျော်ရွှင်စရာများ ဖြစ်နေခဲ့သည်။





ဘယ်လောက် နာကျင်ဖို့ ကောင်းလဲ။

သူမကြောင့် သူ နိမ်ချခံခဲ့ရပြီ။

"မစောလွန်းဘူးလား အဖေ"

အဖြစ်အပျက်တွေက တစ်ခုပြီး တစ်ခု ဆက်တိုက်ဖြစ်နေသဖြင့် သူ လက်ခံ၍ မရသေး။

"ယမင်း ဖုံးဖိထားခဲ့လို့ ယမင်း မိဘတွေ ဘာမှမသိခဲ့တာ မင်း အများကြီး ကံကောင်းတယ် မှတ်ပါ၊ အခုလည်း ယမင်းကို ငဲ့ကွက်ပြီး မင်္ဂလာပွဲကို အမြန်စီစဉ်ရမှာ"

အမြန်ဆုံးတဲ့။ သူ့နှလုံးသားတောင် ဒဏ်ရာများ မကျက်သေး။

"အဖေတို့က ဘယ်တော့လောက် မှန်းထားလို့လဲ"

"မင်းအမေနဲ့ ယမင်း ရွေးထားတာတော့ မေလ ဆယ့်ခြောက်ရက်နေ့ပဲ"

အခု မတ်လဆိုတော့ ကြားထဲမှာ အချိန် တစ်လသာ ကြာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးနားကို သံပရာရည်ခွက်လေးနဲ့ ပြန်ရောက်လာသော ယမင်းကို အားကိုးတကြည့် လှမ်းကြည့်ပြီး ...

"ဒီအချိန်လောက်နဲ့ ယမင်းအတွက် စီစဉ်စရာတွေ အားလုံး မီမယ်မထင်ဘူးနော် ယမင်း"

"မီတာပေါ့ ကိုကိုရဲ့၊ ယမင်း အားလုံး စီစဉ်ပြီးသား၊ ကိုကို့အတွက် ဝတ်စုံစီစဉ်ဖို့ပဲ ရှိတော့တယ်၊ အဲဒါကလည်း တစ်ပတ်လောက်ဆို ပြတ်တယ်"

သွားပြီ။ သူ့မှာ ဘယ်သူမှ အားကိုးစရာမရှိတော့။

"ဟုတ်လား ... ကိုယ်က နည်းနည်းစောနေသလားလို့"

"ကိုကိုကလည်း ယမင်းတို့ စေ့စပ်ခဲ့တာပဲ ကြာလှပြီ၊ ဘယ်လိုလုပ် စောမှာလဲ"

သူ့မှာ ငြင်းစရာ ကုန်သွားပြီဖြစ်၏။

"ဒါဆိုရင်လည်း အဖေတို့ သဘောအတိုင်းပါပဲ"

နှလုံးသားက ရိုက်ချိုးစွာ မှတ်မိနေသည့် မျက်နှာတစ်ခုကို ဆတ်ခနဲ မြင်ယောင်မိတော့ သူ နှမ်းလျသွား၏။





မမေ့နိုင်သေး။ ဘယ်လိုမှ မမေ့နိုင်သေး။

"မင်း အဝတ်အစားလဲပြီး ယမင်းကို လိုက်ပို့ပေးလိုက်ဦး၊ မိုးချုပ်နေပြီ"

"ဟုတ်ကဲ့"

အပြန် မိုးချုပ်တိုင်း ယမင်းကို သူ လိုက်ပို့ပေးနေကျဖြစ်နေသဖြင့် အဆန်းမဟုတ်တော့။

ဒီတစ်ခါ အပြန်ခရီးမှာတော့ သူ ဆိတ်ငြိမ်လွန်းနေ၏။

"ကိုကို"

ယမင်းတို့ခြံရှေ့ ကားလေး ထိုးရပ်လိုက်သည်နှင့် ယမင်းက သူ့ကို ခပ်တိုးတိုး လှမ်းခေါ်၏။

"ဘာလဲ ယမင်း"

ယမင်း မျက်ဝန်းများသည် ကျေနပ်မှုဖြင့် တောက်ပနေကြ၏။

"ကိုကို့ကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် ယမင်းက ခြံထဲသို့ လှစ်ခနဲ ပြေးဝင်သွား၏။

ချစ်တယ်တဲ့ ...။

ချစ်ခြင်းတရား ဆိုတာ ဒီလိုမျိုးပဲ လွဲမှားစွာ ကျရောက်တတ်သလား။

❀ ✉ ❀





မြူမှုန်တွေ ကင်းစင်နေပြီဖြစ်သော မနက်ခင်းသည် သူ့အား ကြိုဆိုမည့်သူမဲ့စွာ အထီးကျန်စေ၏။

ဒီမနက်ခင်းမှာ သူ ရပ်တည်နေရတာပဲ ခါတိုင်းနှင့် မတူ။ သူ့အတွက် တစ်မူထူးခြားနေသည်။

"မောင်ရင်လေး ... မရောက်တာ ကြာပြီနော်"

"ဟုတ်ကဲ့ ဦးလေးကြီး"

ဒီနေရာ ဒီခြံလေးကို သူ မရောက်ခဲ့တာ အတော်ကြာခဲ့ပြီဖြစ်၏။

ခံရခက်သော နာကြည်းမှုတစ်ခုတည်းနှင့် ခြေဦး မလှည့်ဖြစ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူမကို ပြန်တွေ့ချင်စိတ် တစ်ခုတည်းနှင့် သူ ပြန်ရောက်ခဲ့ပြီ။

“မောင်ရင်လေး ဒီမှာ ညအိပ်မယ် မဟုတ်လား၊ ဦးလေးကြီး ဟင်းချက်ဖို့ ဈေးသွားဝယ်လိုက်ဦးမယ်”

“မဝယ်နဲ့တော့ ဦးလေးကြီး၊ ကျွန်တော် ခဏနေ ပြန်မှာ၊ အကြာကြီး မနေဘူး”

“ဟုတ်လား ... ပြီးရောကွယ်၊ ဦးလေးကြီး ခြံနောက်ဘက်မှာ ရှိတယ်၊ ခိုင်းစရာရှိရင် ခေါ်ကွယ်”

“ဟုတ်ကဲ့ ဦးလေးကြီး”

ယမင်း သူ့ကို ဆယ်နာရီ လာခေါ်မည်ဆိုတာကို သတိရသည်။ လက်ထပ်လက်စွပ် သွားရွေးမည်ဟု ပြောထားသည်။

သူမ ရှိနေမည့် ခြံလေးကို မက်မောတမ်းတစွာ လှမ်းကြည့်ဖြစ်၏။

ထူထပ်စိမ်းစိုသော မြက်ခင်းပြင်နှင့် ပန်းခင်းကြီးသည် ယခင်အတိုင်းပင် လှပစွာ တည်ရှိနေတုန်း ဖြစ်၏။





ထိုဝန်းကျင်တွင် မြူမှုန်မှုန်တွေ ကင်းမဲ့နေသလို သူမလည်း ရှိမနေပါ။

သူမကို နာကြည်းနေသည့် ကြားထဲက မက်မက်မောမော သတိရနေမိသေးသည်။

ဘာဖြစ်လို့လဲကွယ်။ ဒါ မဖြစ်သင့်ပါဘူး။

ထိုအချိန်မှာပင် အိမ်ထဲမှ လှမ်းထွက်လာသော မေရကို သူတွေ့လိုက်ရသည်။

သူ မေ့လျော့စွာ လှမ်းခေါ်မည် ပြုပြီးမှ အခြေအနေကို သတိရစွာ ထိန်းချုပ်မိသည်။

သူ့မှာ ခေါ်ပိုင်ခွင့် မရှိတော့။

မလှပသော နိဂုံးတစ်ခုကို ပိုင်ဆိုင်ခဲ့ပြီပဲ။ ဘာအခွင့်မှ မရှိတော့။

သူမ မြင်သွားမည်စိုး၍ သရက်ပင် ကိုယ်ထည်ကြီးဘေးမှာ ဝင်ရပ်လိုက်သည်။

မေရသည် ပန်းခင်းဘေးမှာရပ်ပြီး ခုံတန်းပြာလေးကို တွေဝေစွာ ရပ်ပြီး ငေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် သူမ အမြဲထိုင်ခဲ့ဖူးသည့် ခုံတန်းလေး။

ဘာကြည့်စရာ လိုလဲကွယ်။ မင်းမှာ အချစ်မှမရှိခဲ့တာ၊ ဘာမှ ပြန်မကြည့်နေပါနဲ့။

သူမသည် ခုံတန်းပြာလေးကို တစ်ချက် ငဲ့ကြည့်၊ ဝင်ထိုင်လိုက်ကာ ငြိမ်သက်စွာ တွေဝေနေ၏။

မေရ ... ဘာတွေ စဉ်းစားနေလဲ။

မေရ ရင်ထဲမှာ ဘာတွေရှိလဲ။

မေရနှင့် ပတ်သက်ပြီး သူ ဘာမှမသိနိုင်ခဲ့။ ဘာမှ မသိခဲ့ပါ။

မေရကို ငေးကြည့်ရင်း ငေးကြည့်ရင်းနှင့် သူ့ရင်ထဲ ကျင်တက်လာသည်။

သူ့ကိုယ်သူ သတိပြုမိတော့ မျက်ဝန်းထဲမှာ မျက်ရည်များ ဖွဲ့တည်နေ၏။

ဘာဖြစ်လို့များ သူ့အတွက် နည်းနည်းလေးတောင် မေရ မစဉ်းစားခဲ့ရတာလဲ။





ထိုခဏမှာပင် သူ့ခါးမှဖုန်းက မြည်လာခဲ့သည်။ ဖုန်းနံပါတ်ကို ကြည့်မိတော့ ယမင်း။

"ကိုကို ဘယ်ရောက်နေတာလဲ"

"ကိုယ် ရှိပါတယ်၊ ယမင်း ဘယ်မှာလဲ"

"အိမ်မှာပေါ့၊ ကိုကို့ကို စောင့်နေတာ"

"ကိုယ် အခုလာခဲ့မယ်"

သူ ဖုန်းကိုပိတ်ပြီး သူမကို နောက်ဆုံးအနေနှင့် ငဲ့ကြည့်မိလိုက်သည်။

သူမသည် ဆိတ်ငြိမ်ခြင်းထဲမှာ အသားကျနေတုန်း ဖြစ်၏။

သူ ခံနိုင်ရည်မရှိစွာ လှည့်ထွက်လာတော့ နှလုံးသားသည် တဆတ်ဆတ် နာကျင်နေ၏။

တကယ်ပါပဲ၊ သူမကို မေ့ဖစ်ခြင်းဆိုသည့် ခေါင်းစဉ်းအောက်မှာ ပစ်ထားဖို့ သူ ဘယ်လိုမှ မတတ်နိုင်သေးပါလား။

❀ ✉ ❀



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုကို၊ ဖိတ်စာတွေ ရပြီ၊ ကြည့်ပါဦး၊ လှတယ် မဟုတ်လား"

ပန်းနုရောင် ကြွနေသော စာပဝါနှင့် ဖိတ်စာဖွဲ့လေးသည် သူ မြင်ဖူးသမျှ ဖိတ်စာထဲမှာတော့ အလှပဆုံး ဖြစ်၏။

အင်းလေ ... ယမင်း ကိုယ်တိုင် စင်ကာပူမှာ သွားအပ်ခဲ့တာပဲဟာ၊ ဒီလောက်တော့ ရှိမှာပေါ့။

"ကွန်ပျူတာနဲ့ ကြည့်တုန်းက ဒီလောက် မလှသလိုပဲနော် ကိုကို၊ အပြင်မှာ ပိုလှတယ်၊ မနက်ဖြန်ကစပြီး ဖိတ်စာတွေ လိုက်ဝေရတော့မယ်၊ ကိုကိုနဲ့ ယမင်းတော့ ပင်ပန်း





ပါပြီ၊ ရော့ ... ကိုကို၊ ဒါက နာမည် မတပ်ရသေးတဲ့ ဖိတ်စာတွေ၊ ကိုကို ဖိတ်ချင်တဲ့သူတွေ ဖိတ်ပေါ့၊ အချစ်ဟောင်းတော့ မပါဘူးနော်"

ယမင်း စနောက်ကာ ပြောလိုက်သော်လည်း သူ တွေခနဲ ဖြစ်သွားသည်။

သူမကို ဖိတ်သင့်သလား။

နောက်ဆုံးအနေနှင့် သူမအပေါ် အောင်နိုင်သင့်သလား။

"ယမင်း ... ကိုယ်တို့ရဲ့ မင်္ဂလာပွဲကို သူ့ကို ဖိတ်သင့်သလား"

"ဘယ်သူ့ကိုလဲ ကိုကို"

သူမ နာမည်ကို နှုတ်က သုတ်ဖော်ဖို့ ခက်ခဲနေစဉ်ပင် ယမင်းက သူ့မျက်နှာကိုကြည့်ပြီး ရိပ်မိသွားသည်။

"မေရှကိုလား ကိုကို"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖိတ်သင့်တာပေါ့ ကိုကို၊ သူ့ကို ကိုကို သိပ်ပြီးဖိတ်သင့်တာပါ"

အခဲမကျေသည့် ယမင်း၊ မေရှဆီမှ ဒဏ်ကြေးတစ်ခုခု ပြန်ရချင်နေပုံ ပေါ်လေသည်။

သူကရော ... သူလည်း မထူးပါ၊ မေရှကို နည်းနည်းလေးပဲဖြစ်ဖြစ် အထိနာစေချင်သည်။

"ကိုကို သွားရင် ယမင်း လိုက်မယ်နော်"

မေရှ အရှေ့မှာတော့ ယမင်းနှင့် တွဲပြီး ပေါ်ထွက်မလာချင်။

"ကိုယ် သွားဖို့ မသေချာဘူး ယမင်း"

"ကိုကို သွားရင် ယမင်းကို ခေါ်နော်၊ ဒီမိန်းမ ဘယ်လို မျက်နှာနဲ့ ယမင်းကို ကြည့်မလဲဆိုတာ စောင့်ကြည့်လိုက်ဦးမယ်"

ယမင်းကို မသေချာဘူးဟု သူ ပြောခဲ့သော်လည်း တကယ်တမ်းတော့ သူ သွားဖြစ်ခဲ့သည်။





မြူခင်းထဲမှာ အမှတ်တရများစွာ ဖန်တီးပေးခဲ့သည့် မေရှဆီကို သူ အရောက်သွားခဲ့ပြန်သည်။

သူ့ကိုမြင်သည့်အခိုက် ဘာအပြောင်းအလဲမှ မရှိသည့် မျက်နှာတစ်ခုကို မြင်ရတော့ သူ သိပ်ပြီး ဘဝင်မကျချင်။

တကယ်ပဲ သူမ ချစ်ခြင်းတရားနဲ့ ကင်းကွာနေသလား။

"ဖိတ်စာ လာပို့တာ"

သူက ရောက်လာရခြင်း၏ အကြောင်းကို ပြောပြပြီး မေရှ လက်ထဲ ဖိတ်စာထည့်ပေးလိုက်သည်။

သူမက ဖိတ်စာကို တစ်ချက် ဖွင့်ကြည့်ပြီး ...

"ရှင်တို့ မင်္ဂလာဆောင်တော့မယ် ဆိုတာ ကျွန်မ ကြားပါတယ်"

"ဟုတ်တယ်၊ အစကတည်းက ဒီလိုပဲ ဖြစ်သင့်တာပဲလေ၊ ဟုတ်တယ် မဟုတ်လား"

သူမကို ချစ်မိခဲ့သည်မှာ အမှားတစ်ခုပါဟု သူက ထောက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အမှန်ဆို ရှင်နဲ့ ကျွန်မ တွေ့ခဲ့ကြဖို့ မသင့်ဘူး"

ဒါ မတွေ့သင့်တဲ့ အချစ်တစ်ခုလား။

သူမက ဒီလို မှတ်ယူခဲ့သည်ပေါ့။

"တွေ့တာ မတွေ့တာက အဓိက မကျပါဘူး မေရ၊ လောကကြီးမှာ လူတွေ တစ်ယောက်နဲ့ တစ်ယောက် တွေ့ဆုံ ဆုံစည်းနေကြတာ အများကြီးပါ၊ အဓိက,က ရည်ရွယ်ချက် မှန်ဖို့ပါ"

မေရနှင့် တွေ့ဆုံခဲ့မိသည့်အတွက် သူ အခုချိန်ထိ နောင်တမရသေး။

လှပသော ချစ်ခြင်းတစ်ခုနှင့် ကြုံကြိုက်ခဲ့ပါသည်ဟု သူ မှတ်ယူမိနေတုန်း ဖြစ်၏။

"ဖိတ်စာလာပေးတာက အသိပေးရုံသက်သက်လား၊ ဒါမှ မဟုတ် လာစေချင်လို့ လာပေးတာလား"



"အသိပေးရုံ သက်သက်ဆို ကျွန်တော် စာတိုက်ကနေ ပို့ပေးလိုက်မှာပေါ့၊ အကယ်၍ ခင်ဗျား သွေးမကြောင်ဘူး ဆိုရင်တော့ လာခဲ့စေချင်တယ်"

မမျှော်လင့်ဘဲ မေရကို သူ စိန်ခေါ်မိသွားသည်။

ထိုခဏမှာ သူ ပြန်ပြီး မျှော်လင့်မိတာက မေရ နှုတ်ဖျားမှ ထွက်ပေါ်လာမည့် မာနနှင့် သွေးထားသော စကားလုံးများ ဖြစ်၏။

သို့သော် သူ ရရှိခဲ့တာက တွေဝေမှုရောသော ငြိမ်သက်ခြင်း ဖြစ်၏။

သူမ၏ ငြိမ်သက်ခြင်းထဲမှာ သူကပါ ရောယှက်ပြီး ဆိတ်ငြိမ်နေခဲ့သည်။

အတော်ကြာတော့မှ မေရက ...

"ကျွန်မ လာနိုင်မယ် မထင်ဘူး"တဲ့ ...။

"ဘာဖြစ်လို့လဲ"

မေးသာ မေးလိုက်ရသည်။ တကယ်တမ်း မေရလာလျှင်ကော သူ ခံနိုင်ရည်ရှိပါ့မလား။ မသေချာပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ပတ်သက်လာလျှင် သူ့နှလုံးသားက ခပ်ယိုင်ယိုင် ဖြစ်၏။

"ပထမ အချက်က အဲဒီနေ့ပဲ ကျွန်မ ကနေဒါ သွားတော့မှာ"

သူ့ရင်ထဲ ဟာဆင်းသွားသည်။

ဒါ တကယ်ပဲလား၊ သူနှင့် အဝေးဆုံးကို မေရ ထွက်သွားတော့မှာလား။

"အဲဒါ ခင်ဗျား သတ္တိမရှိလို့ ရှောင်ပြေးတာပဲ မဟုတ်လား"

"မဟုတ်ဘူး"

မေရက မျက်လွှာပင့်ကာ သူ့ကို ဆတ်ခနဲ မော့ကြည့်သည်။

"ကျွန်မမှာ အကြောင်းပြချက် ရှိသေးတယ်၊ ဒါပေမဲ့ ရှင် သိချင်ပါ့မလား၊ မသေချာဘူး"

"ပြောကြည့်လေ၊ နားထောင်ကြည့်တာပေါ့"





လှပသော စကားလုံးတွေနှင့် ကွဲ့ပတ်ရှောင်ရှားမည့် အကြောင်းပြချက်သာ ဖြစ်ပေလိမ့်မည်။

သူမဆီမှ တိုးဖျော့သော စကားလုံးများ စီးဆင်းလာ၏။

"ကျွန်မ ရှင့်ကို ချစ်မိလို့ပဲ၊ ဟုတ်တယ် ... မေရ ဆိုတဲ့ မိန်းမတစ်ယောက်က ဟန်ဘုန်းရှိန် ခံ့တဲ့ အဆိုတော်တစ်ယောက်ကို ချစ်မိသွားခဲ့တယ်"

ဘာတွေ ... ဘာတွေ ဖြစ်ကုန်ပြီလဲ။

ထိုအခိုက်အတန့်မှာပင် မေရ မျက်ဝန်းထဲမှ တစ်စုံတစ်ရာကို သူ တွေ့မြင်သွားခဲ့ပြီ ဖြစ်၏။

ထိုအရာသည် သူ ဘယ်တုန်းကမှ မတွေ့ရှိခဲ့သော နူးညံ့ခြင်းပါ ... [illegible]

လောကကြီးက ဒီလောက်တောင် လျှို့ဝှက်သလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဝန်ခံပါတယ်၊ ရှင့်ကို ကျွန်မ ချစ်တယ်၊ ဘုန်းသြဇာဟာ ဟန်ဘုန်းရှိန်မှန်း မသိတုန်းက ညီ့အတွက် ရှင့်ဆီက တစ်ခုခု ပြန်ယူပေးချင်ခဲ့တာလည်း အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်မ မျက်ဝန်းတွေ ပြန်မြင်တဲ့အချိန်ကစပြီး အဲဒီရည်ရွယ်ချက်တွေ ပျက်သွားခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်ကို ကျွန်မ ချစ်ခဲ့လို့ပဲ"

မေရ နှလုံးသားကို အနီးစပ်ဆုံး မခန့်မှန်းနိုင်ခဲ့သည့်အတွက် နောင်တ,တရားက ပေါ်ပေါက်လာခဲ့သည်။

အမှန်ဆို ဒါတွေကို သူ ကြိုသိခဲ့ဖို့ ကောင်းသည်။ အခုတော့ ...

"ခင်ဗျား ဘာဖြစ်လို့ အခုမှ ပြောရတာလဲ၊ ဒါတွေကို ဘာဖြစ်လို့ ကြိုမပြောခဲ့တာလဲ၊ ပြောစမ်းပါဦး"

သူ့ရင်ထဲမှ အမုန်းတရားတွေ၊ နာကြည်းမှုတွေသည် တစ်ခဏချင်း လွင့်ပြယ်သွားကြသည်။

အခု သူ့ရင်ထဲ စိမ့်ဝင်လာတာက ဝမ်းနည်းမှုနှင့် နောင်တ,တရားဖြစ်၏။





"ကျွန်မ ပြောပြမယ်လို့ ရည်ရွယ်တဲ့ အချိန်မှာပဲ ရှင် သိသွားခဲ့တယ်လေ၊ အမှန်ဆို ကျွန်မ ဒါတွေကို မပြောပြသင့်တော့ပါဘူး၊ ဒါပေမဲ့ နောက်ဆုံးအနေနဲ့ ကျွန်မ ဝန်ခံခဲ့ချင်လို့ပါ"

ဘာဖြစ်လို့ ဝန်ခံခဲ့ရတာလဲ။

သူမ၏ ဝန်ခံချက်က သူ့အတွက် သေခြင်းတရားထက် ဆိုးဝါးသော အရာသာ ဖြစ်၏။

အနက်ရှိုင်းဆုံး နာကျင်မှုက သူ့ကို ပြင်းထန်စွာ နှိပ်စက်နေကြသည်။

"တကယ်ဆို ဒါတွေ ခင်ဗျား ရင်ဘတ်ထဲမှာပဲ သိမ်းထားသင့်တာပါ၊ ကျွန်တော့်ကို မပြောသင့်တော့ပါဘူး"

အခုတော့ သူ ဘာမှ မတတ်နိုင်တော့။

နောက်တစ်ပတ်အကြာမှာ ကျင်းပမည့် မင်္ဂလာပွဲတစ်ခု။

ပြီးတော့ ... သူနှင့် အဝေးဆုံးကို ထွက်သွားတော့မည့် အမြတ်နိုးဆုံး သူမ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ရှင် နိုင်ပါတယ်၊ ရှင် ကျွန်မကို အောင်မြင်စွာ ချန်ထားနိုင်တာပဲ၊ ရှင် နိုင်ပါတယ်"

သူ မေရကို အောင်မြင်စွာ ချန်ထားခဲ့သည်တဲ့။ မှားနေပြီ၊ သူ့နှလုံးသားတစ်ခုလုံး တစ်သက်လုံး ဆွေးမြည့်တော့မှာ သူမ မတွက်မိဘူးလား။

"ရှင် နိုင်ပါတယ်"

မေရ ခပ်တိုးတိုး ရေရွတ်ပြီး ထွက်သွားချိန်မှာ သူ ဆောက်တည်ရာ မရတော့။

"မေရ"

သူ ရင်မွှင့်မတတ် အော်ခေါ်မိသော်လည်း မေရ လှည့်မကြည့်တော့။

* ✉ *





အဖြူရောင်ဖဲကြိုးများ၊ နှင်းဆီဖြူများနှင့် အလှဆင်ထားသော မင်္ဂလာကားကြီးသည် သူ့ကို ခံ့ညားထည်ဝါစွာ ငေးကြည့်နေသည့်အလား တည်ရှိနေ၏။

"ကိုကို ... ကားပေါ်တက်တော့လေ"

ပန်းနုရောင် သတို့သမီးဝတ်စုံနှင့် ယမင်းသည် နတ်သမီးကညာတစ်ယောက်လို အစွမ်းကုန် လှပတင့်တယ်နေ၏။

သူ့အတွေးက အချိန်ပိုင်းအတွင်း ကျင်းပတော့မည့် မင်္ဂလာပွဲမှာ မရှိ။

"ကိုကို ... ယမင်း လှရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"လှပါတယ်"

"ဟွန်း … ကိုကို ပြောပုံက အသက်မပါလိုက်တာ"

ယမင်းက သူ့ကို မျက်စောင်းထိုးပြီး သူ့လက်ကို ဆွဲကာ ကားပေါ်တက်စေ၏။

တဖျပ်ဖျပ် ရိုက်နေသော ဓာတ်ပုံကင်မရာ၊ ဗီဒီယို ကင်မရာအောက်မှာ သူသည် အသက်မဲ့စွာ ငြိမ်သက်နေမိသည်။

ဒီအချိန်ဆို သူမ သွားပြီလား။

သူနှင့် အဝေးဆုံးကို ထွက်ခွာသွားမည့် သူမ လေယာဉ်ပေါ် ရောက်နေပြီလား။

တကယ်တော့ မေရ စီးသွားမည့် လေယာဉ်ချိန်ကို သူ မသိပါ။

သူမနှင့် ဝေးပြီဆိုသည့် အသိသည် သူ့ကို ထိခိုက် နာကျင်စွာ တုန်လှုပ်စေ၏။

"ဒီအချိန်ဆို အတော်ပါပဲနော်၊ ယမင်းတို့ ရောက်တာနဲ့ ပွဲထွက်လို့ရပြီ"





"အင်း"

"ရှင့်ကို ကျွန်မ ချစ်မိလို့"ဆိုသည့် မေရ၏ ဝန်ခံ ချက်သည် သူ့ကို တစ်သက်လုံးများ အသက်မဲ့စေမှာလား။

သူ တကယ့်ကို ခံနိုင်ရည် မရှိခဲ့ပါလား။

"ကိုကို ဘာကြည့်နေတာလဲ"

လေယာဉ်တစ်စီး၏ အရိပ်အယောင်များ တွေ့မလား ဟု ကောင်းကင်ပြင်ကို သူ အရိပ်တကြည့်ကြည့်နှင့် ကြည့်နေမိ၏။

"ဘာမှ မကြည့်ပါဘူး"

"ရာသီဥတု ကောင်းပါတယ် ကိုကိုရဲ့"

ယမင်းက တလွဲတွေးပြီး ပြော၏။ သူ့ရင်ထဲမှာ ရာသီဥတု အခြေအနေကို ယမင်း မသိနိုင်လောက်။

သူတို့စီးလာသော မင်္ဂလာကားက ဟိုတယ်နှင့် အနီးဆုံး မီးပွိုင့်တစ်ခုသို့ ရောက်ရှိလာ၏။

ထိုမီးပွိုင့်သို့ အရောက်မှာပင် ယမင်း မျက်နှာသစ် ချက်ပျက်သွားပြီး …



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘယ်ဘက်ကို မကြည့်နဲ့နော်၊ မကြည့်နဲ့"

သူ့မျက်ဝန်းများ အပေါ်သို့ ယမင်းက လက်ဖဝါးလေးနှင့် ကာထားဖိနှိပ်ပစ်လိုက်၏

"ဘာဖြစ်လို့လဲ ယမင်းရဲ့"

"ဘာမှမဟုတ်ပါဘူး ကိုကိုရဲ့၊ အသုဘကားမို့လို့ နိမိတ်မကောင်းလို့ မကြည့်ခိုင်းတာပါ"

"ဪ ... ယမင်းရယ်၊ ဒါများ ဘာဆန်းလို့လဲ"

ယမင်းသည် တစ်ခါတလေကျတော့ အဲဒီလို ကလေးဆန်၏။

"မကြည့်ပါနဲ့ ကိုကိုရယ်၊ မကြည့်ပါနဲ့နော်"

ယမင်း တားနေသည့် ကြားထဲမှပင် သူသည် ယမင်းလက်ကို ဆွဲဖယ်ပြီး လှမ်းကြည့်လိုက်သည်။

ထိုအခိုက်မှာပင် ကမ္ဘာမြေကြီး ချာချာလည်ကာ သူ့ အသက်ရှူရပ်တန့်သွားသလို ခံစားလိုက်ရသည်။

မမေရှ

အသက်(၂၅)နှစ်





အသုဘပို့သည့်ကားမှာ ထိုးထားသော စာတန်းလေးကို သူ မယုံကြည်နိုင်စွာ ငေးကြည့်နေမိသည်။

ဒါ ... တကယ်ပဲလား။

မဖြစ်နိုင်ပါ။

လွန်ခဲ့သော တစ်ပတ်က သူနှင့် စကားပြောခဲ့သော သူမ။

သူ့ကို ချစ်ပါသည်ဟု အတိအလင်း ဝန်ခံခဲ့သော သူမ။

အခု ... ဖြုတ်ခနဲ ကြွေကျသွားပြီလား။

သူမ လေယာဉ်တစ်စင်းစင်း အပေါ်မှာ ရှိမှာပဲဟု သူ တွေးထင်နေချိန်မှာ သူမက အသုဘကားပေါ်မှာ လဲလျောင်း အိပ်စက်နေပြီဖြစ်၏။

"မေရှ"

လတ်တလော အခြေအနေကို သူ့နှလုံးသားက ဘယ်လိုမှ လက်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘာမှ မဖြစ်ပါဘူးနော်"

သူ့ကို စိုးရိမ်တကြီး လှုပ်ခါပြီး မေးနေသော ယမင်း အသံသည် သူ့နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်။

မဖြစ်နိုင်ပါဘူး ... မဖြစ်နိုင်ပါဘူး ... သူနှင့်ပကတိ ကျန်းမာစွာ စကားပြောနေခဲ့သော မေရက အခု ...။

သူ ဘယ်လောက်ပဲငြင်းငြင်း အခု သူ့မျက်စိရှေ့ ရောက်နေသော အသုဘကားကြီးကို မျက်ကွယ်ပြု၍ မရ။

ထိခိုက်နာကျင်လွန်းသော ခံစားချက်က သူ့ကို ရူးမတတ် ဖြစ်စေသည်။

သူ့ကိုယ်သူ သတိမထားမိခင်မှာပင် သူ ကားတံခါး မှင့်ပြီး စုန်ဆင်းမိလျက်သား ဖြစ်နေ၏။

"မေရ"

"ကိုကို"

မီးပွိုင့်စိမ်းတာတွေ ဘာတွေ သူ လုံးဝဂရုမစိုက် တော့။





ထွက်ခွာစပြုနေသော အသုဘကားနောက်ကို သူ ပြေးပြီးလိုက်မိသည်။

ပြေးလိုက်မိသည့် ခဏမှာပင် အရှိန်နှင့် သူ့ဆီ ပြေးဝင်လာသော အရာတစ်ခုကို မရှောင်နိုင်တော့။

ဖျတ်ခနဲ မြောက်တက်သွားသော ခန္ဓာကိုယ်သည် အဟုန်တစ်ခုနှင့် လေဟာနယ်ထဲ မျောလွင့်သွားသည်။

ခန္ဓာကိုယ်အောက်ပိုင်းမှ စူးရှနာကျင်သော ဝေဒနာ ကို သူ နောက်ဆုံးအနေနှင့် မှတ်မိလိုက်သည်။

"မေရ"

သူ ယောင်ယမ်းပြီး သူမ နာမည်ကို ရွတ်ဆိုတမ်းတ မိလိုက်သည်။

❀ ◙ ❀



www.burmeseclassic.com

www.burmeseclassic.com



အစုတော့ အရာအလုံးသည် တိတ်ဆိတ်စွာ ပြီးဆုံးခဲ့ပြီဖြစ်၏။

အဆိုတော် ဟန်ဘုန်းရှိန် ဆိုသည့် သူ့သတင်းသည် ခြောက်လအတွင်း ရေပန်းအစားဆုံးနှင့် လူသိအများဆုံး ဖြစ်ခဲ့သည်။

မင်္ဂလာပွဲ မစခင်ပင် သူ ကားတိုက်ခံရပြီး မင်္ဂလာပွဲ ပျက်သွားခဲ့သည်။

သူ ဆေးရုံမှာ ရက်ပေါင်းများစွာ ကြာပြီးနောက် သူနှင့် ယမင်း စေ့စပ်ထားတာကို ဖျက်သိမ်းပစ်ခဲ့သည်။





ယမင်း မျက်ရည်စက်လက်နှင့် တောင်းပန်ခဲ့သော်လည်း သူ လက်မခံနိုင်တော့။

ဘီးတပ်ကုလားထိုင်နှင့် အချိန်ဘယ်လောက်ကြာအောင် နေရမှန်း မသိသော ဘဝနှင့် ယမင်းကို ဒုက္ခမပေးချင်တော့။

"ကိုကို လိုအပ်တဲ့အချိန် လှမ်းခေါ်လိုက်ပါ၊ ယမင်း ပြန်လာပါမယ်"

ဒီတစ်ခါတော့ ယမင်းသည် သူ့နှလုံးသားကို နားသည်ပေးပြီး အဝေးဆုံးကို ထွက်သွားခဲ့သည်။

ယမင်းသည် သူနှင့် ဝေးသွားခဲ့သော်လည်း နှစ်ပတ်တစ်ခါတော့ သူ့ဆီ စာအမြဲထည့်လေ့ရှိသည်။

တစ်ခါတလေကျလျှင် ယမင်း စာကို သူ ဖောက်တောင် မဖတ်မိ။

မေရှ နေရာမှာ ဘယ်သူ့ကိုမှ အစားထိုး၍ မရမှန်း သူ သိခဲ့ပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ မရှိတော့သော်လည်း သူ နှာကျိုင်စွာနှင့် သီချင်းတွေကို ဆက်ဆိုမြဲ ဖြစ်၏။

သူ့နာမည်သည် အရင်အတိုင်း တည်ရှိနေသော်လည်း သူ စင်ပေါ်မတက်နိုင်တော့။

သူ သီချင်းဆိုစရာရှိလျှင် ဆိုမည်။ ဆိုစရာမရှိလျှင် သူ့ခြံထဲမှာ၊ ဒါမှမဟုတ် သူ့ရဲ့ ကော်ဖီဆိုင်လေးမှာ အချိန်ဖြုန်းလေ့ရှိသည်။

အထီးကျန်မှုသည် သူနှင့် တဖြည်းဖြည်း အသားကျလာ၏။ သူမကို သတိရသည့်အခါ ...

တစ်ခါတုန်းလေ ငိုမိသည်။

တစ်ခါတလေ ရယ်မိသည်။

ဒီလိုနည်းလမ်းနဲ့ပဲ အချိန်ကာလတွေကို သူ ဖြတ်ကျော်ခဲ့ပြီး မြူတွေဝေခင်းသည့် ရာသီတစ်ခုကို ပြန်ရောက်ခဲ့ပြန်၏။

မြူ ... မြူတွေ ... အဲ့ဆိုင်း ငွေမှိုင်းနေလိုက်တာ။

ဒီ မြူတွေကြားထဲမှာပေါ့။ မေရကို စတွေ့ခဲ့တာလေ။





သတိရ လွမ်းဆွတ်ခြင်းနှင့်အတူ မြူတွေကြားထဲသို့ ဝိုးချယ်လေးကို အသာလိုမ့်လိုက်၏။

အေးမြသော အထိအတွေ့က သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။

"မောင် နေကောင်းပြီလား"

မြူတွေ ကြားထဲကနေ ဖောက်ထွက်လာသော အသံတစ်ခု။

သူ ယောင်နန်နှင့် လှမ်းကြည့်မိတော့ မယုံနိုင်ဖွယ်ရာ။

မေရ ... ဟင့်အင်း မဖြစ်နိုင်ပါဘူး။

"နေကောင်းပြီလား မောင်"

မေရသည် ထူးဆန်းသော အခေါ်အဝေါ်တစ်ခုနှင့် သူ့ဆီ လျှောက်လှမ်းလာသည်။

မြူတွေကြားထဲက မေရရဲ့ ဝိညာဉ်များ သူ့ကို ကိုယ်ထင်ပြလေသလား။



www.burmeseclassic.com

www.burmeseclassic.com



"မေရ"

"ဟုတ်တယ်မောင်၊ ကျွန်မ မနေ့ကမှ ကနေဒါက ပြန်ရောက်တယ်"

မေရ မသေသေးပါလား၊ ဘာတွေဖြစ်ကုန်ပြီလဲ။ သူ့ရှေ့မှာ ဒူးထောက်ထိုင်ချပြီး သူ့လက်ကို ဆုပ်ကိုင်လိုက်သည့် ကောင်မလေးသည် မေရမှန်း သူ လက်မခံ၍ မရတော့။

"မင်း ဆုံးသွားပြီ မဟုတ်လား မေရ၊ ကျွန်တော် မင်္ဂလာဆောင်တဲ့နေ့က ခင်ဗျား အသုဘကားနဲ့ တွေ့လိုက်ရတယ်လေ"

သူ့ဘဝ အပြောင်းလဲကြီး ပြောင်းလဲခဲ့တာ၊ သူ တွေ့ခဲ့သည့် အသုဘကားကြောင့်ပါဟု သူ ဆက်မပြောဖြစ်။

"ဪ ... မောင်ကလေ တစ်ခါတလေ သိပ်တုံးတာပဲ၊ အဲဒါ ကျွန်မ မဟုတ်ပါဘူး၊ ကျွန်မနဲ့အမည်ရော အသက်ပါတူတဲ့ တခြားမိန်းမ တစ်ယောက်ပါ၊ ကျွန်မလည်း သတင်းစာထဲမှာ ဖတ်မိပြီး အံ့ဩနေတာ"





သူမ မဟုတ်ဘူးတဲ့။

မယုံကြည်နိုင်ဖွယ် ဝမ်းသာခြင်းက လှိုက်ခနဲ ခုန်တက်လာသည်။

ဒါ တကယ်ပဲလားကွယ်။

"မောင့်သတင်းကို ကနေဒါ ရောက်ပြီး အတော်ကြာမှ ကျွန်မ ကြားတယ်၊ ချက်ချင်း ပြန်ပြေးလာချင်တာ၊ တက်လက်စ သင်တန်း မပြီးသေးတာနဲ့ မနည်းသည်းခံပြီး စောင့်နေရတာ၊ မြူတွေဝေတဲ့အချိန်ကို မနည်းမီအောင် ပြန်လာရတာ မောင်ရဲ့"

သူ့လက်ဖဝါးကို သူမ ပါးပြင်နှင့် ထိကပ်မြီး စကားဆိုနေတာ သူမမှ ဟုတ်ရဲ့လားကွယ်။

"မောင် ကျွန်မကို ပြန်ပြီးလက်ခံမယ် မဟုတ်လားဟင်"

မျှော်လင့်ချက် များစွာနှင့် တောက်ပနေသော မေရ မျက်ဝန်းများကို သူ မကြည့်ရက်သလို လွှဲဖယ်လိုက်သည်။

သူ ဘယ်လိုပြောရမလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တွေ မလှုပ်ရှားနိုင်တော့သည့် သူ့ဘဝ နှင့် မေရ ...။

နည်းနည်းမှ မအိပ်စပ်ပါ။

သူ့ကိုယ်သူ နားလည်ရမည်။

"ဝမ်းနည်းပါတယ် မေရ၊ ခင်ဗျားကို ကျွန်တော် လက်မခံနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ မောင်"

ထိုအကြောင်း ပြချက်ကို ပြောဖို့ သူ နှုတ်မရဲ။

"မောင့်ရဲ့ ခြေထောက်ကြောင့် မဟုတ်လား၊ စိတ်မပျက်ပါနဲ့ မောင်၊ မောင် လေ့ကျင့်ခန်းမလုပ်ဘဲ ပစ်ထားလို့ပါ၊ မောင်သာ ကြိုးစားလေ့ကျင့်ရင် ပြန်ကောင်းလာမှာပါ"

သူ့ခြေထောက်တွေ ပြန်ကောင်းလာနိုင်သည်ဟု ဆရာဝန် ပြောခဲ့သော်လည်း သူ ဂရုမစိုက်ခဲ့။

သူ လေ့ကျင့်ခန်း ပြန်လုပ်၍ ခြေထောက် ပြန်ကောင်းလာလည်း သူ့ဘဝက ဘာမှမထူးဟု သူ မှတ်ယူခဲ့မိသည်။





"မောင် ကြိုးစားပြီး လေ့ကျင့်ပါ၊ မောင့်ဘေးနားမှာ ကျွန်မ ရှိနေမယ်"

"မေရ"

"မငြင်းပါနဲ့ မောင်ရယ်၊ ကျွန်မတို့ တစ်ယောက်ကို တစ်ယောက် လိုအပ်နေတာပဲဟာ၊ မောင် သိပါတယ်"

သူ ငြင်း၍ မရတော့။

သူ မငြင်းနိုင်အောင်လည်း သူမ ရစ်ပတ်နှောင်ဖွဲ့ခဲ့ပြီ ဖြစ်၏။

သူ့ဘဝအတွက် အလိုအပ်ဆုံး အရာသည် မြူခင်းတွေ ကြားထဲမှာ တွေ့ခဲ့သည့် သူမသာ ဖြစ်၏။

သူ မေရကို ယုံကြည်ချက်အပြည့်နှင့် လှမ်းပြောလိုက်သည်။

"ကျွန်တော့်လက်ကို မြဲမြဲကိုင်ထားပေးပါ မေရ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ခြောက်လ အကြာတွင် ပင်လယ်ကမ်းစပ်ဘစ်ခုဵ ပျော်ရွှင်စွာ ပြေးလွှားဆော့ကစားနေသော ချစ်သူနှစ်ဦးကို တွေ့မြင်ရလေ၏။

အိုစွမ်းပြည့်

24-01-2006

www.burmeseclassic.com